

TOAEP | Torkel Opsahl Academic EPublisher

**Occasional Paper Series**

# အီရတ်တွင် ဖြစ်ပွားခဲ့သော စစ်ရာဇဝတ်မှုများအတွက် ဗြိတန်၏ တာဝန်ခံမှု?

## အပြည်ပြည်ဆိုင်ရာ နှင့် ပြည်တွင်း တရားစီရင်ရေးဆိုင်ရာ တုန့်ပြန်မှုများအကြား ဆက်စပ်မှုကို ဆန်းစစ်လေ့လာခြင်း

သောမတ်စ် အိုဘယ်လ် ဟန်ဆန်



# အီရတ်တွင် ဖြစ်ပွားခဲ့သော စစ်ရာဇဝတ်မှုများအတွက် ဗြိတန်၏ တာဝန်ခံမှု?
# အပြည်ပြည်ဆိုင်ရာ နှင့် ပြည်တွင်း တရားစီရင်ရေးဆိုင်ရာ တုန့်ပြန်မှုများအကြား ဆက်စပ်မှုကို ဆန်းစစ်လေ့လာခြင်း

သောမတ်စ် အိုဘယ်လ် ဟန်ဆန်

**2022**
**Torkel Opsahl Academic EPublisher**
**Brussels**

**Thomas Obel Hansen** သည် Ulster University ၏ Transitional Justice Institute တွင် ဥပဒေကထိကဖြစ်သည်။ စာရေးသူသည် BA/Leverhulme Small Research Grants (SRG 2016 Round) အောက်တွင် ထောက်ပံ့ငွေဖြင့် ဤသုတေသနကို ဖြစ်မြောက်အောင် ပြုလုပ်ပေးသည့်အတွက် ဗြိတိသျှအကယ်ဒမီကို ကျေးဇူးတင်ရှိလိုပါသည်။ ဤသုတေသန ပရောဂျက်၏ ရည်ရွယ်ချက်များအတွက် တွေ့ဆုံမေးမြန်းပြီး တိုင်ပင်ဆွေးနွေးရန် သဘောတူခဲ့ကြသူများနှင့် Fionnuala Ni Aolain အပါအဝင် အစောပိုင်း အခန်း၏ မူကြမ်းများအပေါ် မှတ်ချက်ပေးခဲ့ကြသူများကိုလည်း ကျေးဇူးတင်ရှိပါသည်။ Rory O'Connell; Louise Mallinder; Peter Rowe; လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ Balkees Jarrah နှင့် Elizabeth Evenson တို့ဖြစ်သည်။ အင်တာဗျူးများကို ရေးသား ဖော်ပြခြင်းအပါအဝင် ဤပရောဂျက်အတွက် ကောင်းမွန်သော သုတေသနအကူအညီကို ပံ့ပိုးပေးသည့်အတွက် Olivia Judd အား အထူးကျေးဇူးတင်ရှိပါသည်။

***ရှေ့မျက်နှာဖုံး-*** *အပေါ် ပိုင်းတွင် ပုံသန်နေသော ငြိမ်းချမ်းရေးချိုးငှက်ရုပ်တုကို အသုံးပြုထားသည်။ TOAEP ၏ Occasional Paper Series စတင်ကတည်းက ၎င်းသည် ထိုနေရာတွင် ရှိနေခဲ့သည်။ စီးရီးနံပါတ် 11 မှစတင်၍ စာမျက်နှာ၏အောက်ပိုင်းတွင် TOAEP ၏ရုံးခန်းအဖြစ်ဆောင်ရွက်သော Florence ရှိ CILRAP Bottega ၏ဝင်ပေါက်အထက်ရှိ ရှေးခေတ်သံပန်းကိုပြသထားသည်။*

***နောက်ဖုံး-*** *နောက်ကျောရှိ ရုပ်ပုံသည် ဖလောရန့်စ်ရှိ CILRAP Bottega ၏ သက်တမ်းရင့် စဥ့်ကြမ်းခင်း၏ အပိုင်းတစ်ခုကို ပြသထားသည်။ Bottega ပရဝုဏ်ကို သားရေ bottega အဖြစ် အပါအဝင် ရာစုနှစ်များတစ်လျှောက် ရည်ရွယ်ချက်အမျိုးမျိုးအတွက် အသုံးပြုခဲ့သည်။*

ယခု ထုတ်ဝေမှုနှင့် TOAEP ၏ Occasional Paper Series ရှိ အခြားထုတ်ဝေမှုများကို ပွင့်လင်း မြင်သာစွာ ဝင်ရောက်ကြည့်ရှု ဒေါင်းလုပ် လုပ်နိုင်ပြီး ၎င်းသည် ရရှိနိုင်သော ထုတ်ဝေမှုများ အားလုံး အတွက် Persistent URLs များကို အသုံးပြုထားသည့် ဝဘ်ဆိုက် http://toaep.org ဖြစ်သည် (ထိုကဲ့သို့သော PURL များကို ပြောင်းလဲမည်မဟုတ်ပါ)။ ဤထုတ်ဝေမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ပထမဆုံးထုတ်ဝေခဲ့သည်။ occasional papers များကို TOAEP စာအုပ်များအဖြစ် format ထားသော်လည်း A4 စာမျက်နှာများတွင် လည်းအလွယ်တကူ ပရင့်ထုတ်နိုင်ပြီး စာအုပ်ဗားရှင်းကို နှစ်သက်သော မည်သည့်စာဖတ်သူမဆို လွယ်ကူစွာ မှတ်ချက်ပြုနိုင်ပါသည်။

**© Torkel Opsahl Academic EPublisher (TOAEP), 2022.** ဤစာစောင်သည် မေဖြူ ဇင်နှင်း (HRERP) မှဘာသာပြန်ဆိုထားသော of Thomas Obel Hansen ၏ chapter "Accountability for British War Crimes in Iraq? Examining the Nexus Between International and National Justice Responses" ဖြစ်ပါသည်။ in Morten Bergsmo and Carsten Stahn (editors) ဖြစ်ပြီး *Quality Control in Preliminary Examination: Volume 1*, Torkel Opsahl Academic EPublisher, Brussels, 2018 (ISBNs: 978-82- 8348-123-5 (print) and 978-82-8348-124-2 (e-book)) ဖြစ်ပါသည်။

TOAEP သည် မူပိုင်ခွင့်အားလုံးကို ပိုင်ဆိုင်သည်။ သင်သည်ဤစာစောင်ကို လွတ်လပ်စွာ ဖတ်ရှု၊ ပုံနှိပ်ခြင်း သို့မဟုတ် ဒေါင်းလုဒ်လုပ်ခြင်း သို့မဟုတ် ၎င်း၏ တစ်စိတ်တစ်ပိုင်းကိုပုဂ္ဂိုလ်ရေးအရအသုံးပြုရန်အတွက် http://www.toaep.org/ မှ လွတ်လွတ်လပ်လပ် ဖတ်ရှုနိုင်သော်လည်း ၎င်းကို အခြားသူများ အသုံးပြုမှု အတွက်၊ တိုက်ရိုက် သို့မဟုတ် ပြန်လည်ထုတ်ဝေခြင်းဖြင့် အကျိုးအမြတ် ရှာဖွေခြင်းအား မည်သည့်နည်းဖြင့်မျှ မပြုလုပ်ရပါ။ TOAEP ၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ၎င်းကို ပြန်လည်ရယူသည့်စနစ်တွင် သိမ်းဆည်းခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် မည်သည့်နည်းဖြင့်မဆို အီလက်ထရွန်နစ်၊ စက်ပိုင်းဆိုင်ရာ၊ မိတ္တူကူးခြင်း၊ မှတ်တမ်းတင်ခြင်းများအား တစိတ်တပိုင်းဖြစ်စေ ထုတ်ဝေမှု တစ်ခုလုံးကိုဖြစ်စေ TOAEP ၏ စာဖြင့်ရေးသားထားသော ခွင့်ပြုချက်မရှိပဲ မပြုလုပ်ရပါ။ အထက်ဖော်ပြပါ အချက်များအပြင် အခြား စုံစမ်းမေးမြန်းမှုများရှိပါက info@toaep.org သို့ email ပို့၍မေးမြန်းနိုင်ပါသည်။ ဤစာစောင်ကို အခြား cover များတွင် ဖြန့်ဝေခြင်းမပြုရဘဲ အသုံးပြုသူတိုင်းတွင် အလားတူအခြေအနေအတိုင်း သတ်မှတ်ပေးရမည်ဖြစ်သည်။ TOAEP ၏ခွင့်ပြုချက်မရှိဘဲ http://www.toaep.org/ တွင်ရှိသော အခြား URL ဖြင့် ဤထုတ်ဝေမှု သို့မဟုတ် ၎င်း၏အစိတ်အပိုင်းကို အင်တာနက်တွင် တင်ခွင့်မရှိပါ။

**ISBN: 978-82-8348-132-7.**

# မာတိကာ


မာတိကာ ............ 1

၁. ။ အဖွင့်မိတ်ဆက် ............ 1

၂. ပဏာမစုံစမ်းစစ်ဆေးမှုများနှင့် အပြုသဘော ဖြည့်စွက်မှု ............ 6
   ၂.၁. ပဏာမစုံစမ်းစစ်ဆေးမှုများနှင့် အပြုသဘောဖြည့်စွက်မှုတို့အကြား ဆက်နွယ်မှုရေးရာ ယူဆချက်များ ............ 6
   ၂.၂. အပြုသဘောဖြည့်စွက်မှုနှင့် စပ်လျဉ်းပြီး လက်တွေ့ပံ့ပိုးမှုနှင့် အယူအဆရှင်းလင်းမှု မရှိခြင်း ............ 9
   ၂.၃. ပဏာမစုံစမ်းစစ်ဆေးကာလ၌ အပြုသဘောဖြည့်စွက်မှုနှင့်စပ်လျဉ်းသည့် OTP ၏ စံသတ်မှတ်ချက်များ ............ 16

၃. အီရတ်/ဗြိတန် ပဏာမစုံစမ်းစစ်ဆေးခြင်း - စောင့်ကြည့်ခံရသော အခြေအနေနှင့် ရာဇဝတ်မှုများ ............ 21
   ၃.၁. အီရတ်/ဗြိတန် ပဏာမစုံစမ်းစစ်ဆေးမှု ပိတ်သိမ်းခြင်းနှင့် ပြန်လည်ဖွင့်လှစ်ခြင်း၊ နှင့် ကျယ်ပြန့်သော နောက်ခံအခြေအနေ ............ 21
   ၃.၂. စွပ်စွဲထားသော ပြစ်မှုများ ............ 28

၄. ပြည်တွင်းတာဝန်ခံမှုဆိုင်ရာ လုပ်ငန်းစဉ်များ အပေါ် OTP ၏ နည်းဗျူဟာများ၊ မျှော်လင့်ချက်များ နှင့် အခြား လုပ်ဆောင်သူများနှင့် ညှိနှိုင်းလုပ်ဆောင်မှု ............ 37
   ၄.၁. အပြုသဘောဖြည့်စွက်မှု၏ အကောင်းဆုံးဖြစ်ရပ်ဇာတ်လမ်း နှင့် စိန်ခေါ်မှုများ ............ 37
   ၄.၂. ဖြည့်စွက်မှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်ခြင်းရှိ အဓိကအချက်များ ............ 41
   ၄.၃. OTP နှင့် အခြားသက်ဆိုင်သူများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း ............ 46
   ၄.၄. OTP သည် အီရတ်/ဗြိတိန် စုံစမ်းစစ်ဆေးမှုအား အခြားသောပဏာမစုံစမ်းစစ်ဆေးမှုများနှင့် မတူဘဲ ကွဲလွဲစွာ လုပ်ဆောင်ခဲ့သလား? ............ 51

၅. ပဏာမစုံစမ်းစစ်ဆေးမှုအပေါ် ဗြိတိန်၏ တုန့်ပြန်ချက်များ ............ 54
   ၅.၁. ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှုအား ပြန်လည်ဖွင့်လှစ်လိုက်ခြင်းအပေါ် အလုံးစုံ တုန့်ပြန်ချက်များ ............ 54

၅.၂. အီရတ်တွင်ကျူးလွန်ခဲ့သည့် ပြစ်မှုများအား ကိုင်တွယ်ဖြေရှင်းနေသည့် ဗြိတိန်ရှိ တရားစီရင်ရေး လုပ်ငန်းစဉ်များ နှင့် ပဏာမစုံစမ်းစစ်ဆေးမှုတို့အပေါ် ၎င်းတို့၏ ဆက်စပ်မှုများ.....59
၅.၃. IHAT တည်ထောင်ခြင်းနှင့် ပိတ်သိမ်းခြင်း.....64
၅.၄. PIL ၏ ကျရှုံးမှုသည် အဘယ့်ကြောင့် IHAT ၏ ကျရှုံးမှုဖြစ်လာသနည်း - ၎င်းသည် ပဏာမစုံစမ်း စစ်ဆေးမှု၏ ကျရှုံးမှုလည်း ဖြစ်လာနိုင်မည်လား?.....75
၅.၅. ဗြိတိန်တွင် တာဝန်ခံမှုအတွက် ရှေ့ဆက်မည့်လမ်းကြောင်း.....82

၆. နိဂုံးချုပ်.....86

*TOAEP* အဖွဲ့ .....93
*Occasional Paper Series* ရှိအခြားထုတ်ဝေမှုများ .....95

# အီရတ်တွင် ဖြစ်ပွားခဲ့သော စစ်ရာဇဝတ်မှုများအတွက် ဗြိတန်၏ တာဝန်ခံမှု? အပြည်ပြည်ဆိုင်ရာ နှင့် ပြည်တွင်း တရားစီရင်ရေးဆိုင်ရာ တုန့်ပြန်မှုများအကြား ဆက်စပ်မှုကို ဆန်းစစ်လေ့လာခြင်း

**သောမတ်စ် အိုဘယ်လ် ဟန်ဆန်**

## ၁. ။ အဖွင့်မိတ်ဆက်

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး International Criminal Court (‘ICC’) ၏ ရှေ့နေချုပ်ဖြစ်သူ ဖကျူ့ ဘန်ဆူဒါ (Fatou Bensouda) မှ သူမ၏ ရုံးအဖွဲ့အနေဖြင့် ဗြိတိန်စစ်သားများမှ အီရတ်နိုင်ငံ၌ ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်ကာလအတွင်း ကျူးလွန်ခဲ့သည်ဟု စွဲဆိုထားသော စစ်ရာဇဝတ်မှုများအပေါ် ပဏာမစုံစမ်းစစ်ဆေးမှု ပြုလုပ် ခြင်းအား ပြန်လည်စတင်ရန် ဆုံးဖြတ်လိုက်ကြောင်း ၂၀၁၄ ခုနှစ်၊ မေလတွင် ကြေညာခဲ့သည်။ ဘန်ဆူဒါ၏ ဆုံးဖြတ် ချက်သည် အများဆိုင်အပြည်ပြည်ဆိုင်ရာဥပဒေနှင့် လူ့အခွင့်အရေးအဖွဲ့များ[1] မှ သူမ၏ ရုံးအဖွဲ့ထံသို့ ပေးပို့လာ သည့် အလွန်စိတ်ထိခိုက်ဖွယ်ရာ သက်သေမှတ်တမ်းများ၏ နှိုးဆွမှုကြောင့် ထွက်ပေါ် ခဲ့ခြင်းဖြစ်သည်။ ရှေ့နေချုပ်ရုံး (‘OTP’ or ‘Office’) ၏ ဆုံးဖြတ်ချက်သည် ICC ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ကာလရှည်ကြာ ပံ့ပိုးထောက်ခံခဲ့သည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည့် ဗြိတိန်နိုင်ငံအပေါ် ဒုတိယအကြိမ်မြောက် စောင့်ကြည့်ခံရမှု ပေါ်ပေါက်ခဲ့သည်။ ယခင် စုံစမ်းစစ်ဆေးမှုအား ရှေ့နေချုပ် လူဝစ်စ် မိုရမ်နို-အော့စကမ် (Luis Moreno-Ocampo) မှ အီရတ်တွင်ဖြစ်ပွားခဲ့သော ဗြိတိန်၏ အလွဲသုံးစားပြုမှုများနှင့်စပ်လျဉ်းသည့် စွဲဆိုချက်များမှာ

---

[1] ဤစကားရပ်အား *The Independent*: Jonathan Owen မှ, “Exclusive: Devastating dossier on ‘abuse’ by UK forces in Iraq goes to International Criminal Court”, in *The Independent*, 12 January 2014 တွင် အသုံးပြုခဲ့သည်။

လုံလောက်စွာ ထင်ရှားပေါ်လွင် ပြင်းထန်မှုမရှိ ဟူသည့်အချက်များဖြင့် ရပ်ဆိုင်းခဲ့ခြင်း ဖြစ်သည်။[2]

အီရတ်/ဗြိတိန် ပဏာမစုံစမ်းစစ်ဆေးမှုတွင် စိတ်ဝင်စားဖွယ်ကောင်းသော အချက်များစွာ ရှိသည်။ ပထမ အချက်မှာ ဤစုံစမ်းစစ်ဆေးမှုသည် အင်အားကြီးနိုင်ငံတစ်ခုဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံတစ်ခုအား ပထမဦးဆုံး ICC ၏ စောင့်ကြည့်မှု ပြုခဲ့ခြင်းဖြစ်ပြီး ICC နှင့် နိုင်ငံများအကြားဆက်ဆံရေးနှင့်စပ်လျဉ်းပြီး ဆန်းသစ်သည့်မေးခွန်းများစွာ ပေါ်ထွက်စေခဲ့ခြင်းဖြစ်သည်။ ဒုတိယအချက်မှာ အဓိကအပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခတစ်ခုတွင် ဖမ်းဆီးထိန်းသိမ်းခံရသူများအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများကဲ့သို့ စစ်ရာဇဝတ်မှုများအပါအဝင် စွဲဆိုထားသော ပြစ်မှုများသည် ICC မှ လတ်တလော အများဆုံးလုပ်ဆောင်သည့် ပြည်တွင်းစစ်ပုံစံ နှင့်/သို့မဟုတ် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသော အကြမ်းဖက်အနေအထားများနှင့် ဆန့်ကျင်ကွဲလွဲနေခြင်းဖြစ်သည်။ တတိယ အချက်မှာ အီရတ်တွင် ကျူးလွန်ခဲ့သည်ဟု စွဲဆိုထားသည့် ပြစ်မှုများအတွက် အရေးယူနိုင်သော ဗြိတိန်၏ များစွာ သော တရားစီရင်ရေးလုပ်ငန်းစဉ်များ ရှိနေမှုသည် ICC ၏ လက်ရှိကျင့်သုံးနေသော ပြီးပြည့်စုံသည့် စနစ်မူဘောင် နှင့်ပတ်သက်ပြီး အရေးပါသော မေးခွန်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ယခုအခန်းတွင် ဗြိတိသျှ အာဏာပိုင်များ၊ ICC မှ အရာရှိဝန်ထမ်းများ၊ ICC သို့ တင်သွင်းမှုများ ပြုလုပ်ခဲ့ကြသည့် ရှေ့နေများ (အပိုဒ် ၁၅ ဆက်သွယ်တိုင်တန်းမှု ကူညီပံ့ပိုးသူများ) နှင့် အခြားသော လူ့အခွင့်အရေး ဆိုင်ရာရှေ့နေများ၊ ပညာရှင်များနှင့် အင်တာဗျူးမေးမြန်းချက်များအပေါ် အခြေခံကာ[3] အီရတ်/ဗြိတိန် ပဏာမစုံစမ်း စစ်ဆေးမှု၏ ရွေ့ရှားမှုအရှိန်များ၊ အကျိုးဆက်များနှင့် သက်ရောက်မှုများကို

---

[2] OTP, “OTP response to communications received concerning Iraq”, 9 February 2006 (http://www.legal-tools.org/doc/5b8996/) တွင်ကြည့်ပါ။

[3] အင်တာဗျူးဖြေဆိုသူအချို့သည် အမည်ဖြင့် ကိုးကားဖော်ပြရန်သဘောတူသော်လည်း အများစုသည် လျှို့ဝှက်ထားစေလိုသဖြင့် အမည်များဖြင့် ဤအခန်းတွင် ကိုးကားမထားခြင်းဖြစ်သည်။ အင်တာဗျူးများနှင့် ဆွေးနွေးတိုင်ပင်မှုများအားလုံးအား The Hague ၊ London ၊ Belfast နှင့် အခြားနေရာများ အပါအဝင် နေရာအသီးသီး၌ ၂၀၁၆- ၁၇ အတွင်း ဆောင်ရွက်ခဲ့သည်။

ဆန်းစစ်လေ့လာထားသည်။ ခြုံငုံပြောရသော် ဤအခန်းသည် ထိုပဏာမစုံစမ်းစစ်ဆေးမှုအား မည်ကဲ့သို့ချဉ်းကပ်ခဲ့သည်၊ နှင့် ၎င်းသည် ပြည်တွင်းရှိ တရားစီရင်ရေးလုပ်ငန်းစဉ်များ နှင့် အကျယ်တဝင့်ဆိုရသော် တရားဥပဒေစိုးမိုးရေးတို့အပေါ် သက်ရောက်မှု ရှိ/ မရှိ၊ အကယ်၍ သက်ရောက်မှုရှိခဲ့ပါကလည်း မည်သို့ နှင့် မည်သည့်ကြောင့် သက်ရောက်ခဲ့သည် စသည်တို့ကို ရှင်းလင်းစေရန် ဦးတည်ထားပါသည်။ ဤနည်းအားဖြင့် ယခုအခန်းသည် ပညာရပ်ဆိုင်ရာ လေ့လာမှုများနှင့် ICC တရားလိုရှေ့နေများထံမှ ပေါ်ပေါက်လာသည့် ယူဆချက်များအပေါ် လက်တွေ့ ဆန်းစစ်လေ့လာခြင်းတစ်ခုကို ဖြစ်စေမည်ဖြစ်ပြီး အင်အားကြီးနိုင်ငံတစ်ခုမှ ပဏာမစုံစမ်းစစ်ဆေးမှုကို လိုက်နာလုပ်ဆောင်ရန်လိုအပ်သည့်အခါ ၎င်းအနေဖြင့် တရားရုံးသို့မည်သို့တုန့်ပြန်သည်၊ တရားရုံးနှင့် မည်သို့ အပြန်အလှန်လုပ်ဆောင်သည် စသည်ဖြင့် ကနဦး အမှုလေ့လာခြင်းတစ်ခုကိုလည်း ဖြစ်စေသည်။

အထူးသဖြင့် ယခုအခန်းတွင် ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှုနှင့် ဗြိတိန်မှ အီရတ်တွင် ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသည့် အကြမ်းဖက်မှုများအကြား အပြန်အလှန်ဆက်စပ်ပုံများအားလည်းကောင်း၊ ထို့ပြင် စွဲဆိုခံရသည့် ပြစ်မှုများ ဖြေရှင်းရန်အလို့ငှာ ပြည်တွင်း၌သတ်မှတ်ထားရှိသည့် တရားစီရင်ရေးနည်းလမ်းများ၊ ပိုမို ကျယ်ပြန့်သော မူဝါဒဆိုင်ရာတုန့်ပြန်ချက်များအပါအဝင် ဗြိတိန်အစိုးရ တုန့်ပြန်ချက်များကိုလည်းကောင်း အသေးစိတ် ဆန်းစစ် သုံးသပ်ချက်တစ်ရပ်ကို ဖော်ပြထားသည်။ ထို့အပြင် OTP (ရှေ့နေချုပ်ရုံး)၊ ဗြိတိသျှ အာဏာပိုင်များနှင့် အခြားပါဝင် သက်ဆိုင်သူများ ဥပမာ- အရပ်ဖက်လူမှုအဖွဲ့အစည်းများ နှင့် OTP သို့ အချက်အလက် ပေးပို့တင်သွင်းသည့် ရှေ့နေများ စသည်တို့မှ အသုံးပြုခဲ့သည့် နည်းဗျူဟာများကို ထပ်မံဖော်ထုတ်ရှင်းပြထားသည်။ ဤနည်းအားဖြင့် ယခုအခန်းသည် ICC အနေဖြင့် အင်အားကြီးနိုင်ငံများပါဝင်သော (ယခုကိစ္စတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်ပါဝင်နေခြင်း) 'ခက်ခဲသောအမှုကိစ္စများ' တွင် ပဏာမစုံစမ်းစစ်ဆေးမှုများကို မည်ကဲ့သို့ လုပ် ဆောင်ခဲ့သည်နှင့် အဆိုပါအင်အားကြီးနိုင်ငံများအနေဖြင့်လည်း စောင့်ကြည့်ခံနေရစဉ်တွင် တရားရုံးနှင့် မည်သို့ တုန့်ပြန်ဆောင်ရွက်ခဲ့သည်တို့ကို ကျွန်ုပ်တို့ နားလည်သဘောပေါက်စေရန်ပံ့ပိုးပေးသည်။ အီရတ်/ဗြိတိန် ပဏာမ စုံစမ်းစစ်ဆေးမှုနှင့်

စပ်လျဉ်းသော အချို့သော ပညာရပ်ဆိုင်ရာ အချေအတင်များနှင့် မသက်ဆိုင်ဘဲ[4] ဤအတွဲရှိ ရစ်ချက် ကားရ် (Rachel Kerr) ၏ ပံ့ပိုးပါဝင်မှုနှင့်အတူ ယခုအခန်းတွင် အီရတ်/ဗြိတိန် ပဏာမ စုံစမ်းစစ်ဆေးမှု သည် ယနေ့အချိန်ထိ မည်သို့ပေါ်ပေါက်ခဲ့သနည်း၊ ဗြိတိသျှအာဏာပိုင်တို့၏ တုန့်ပြန်ချက်များနှင့် ၎င်းတို့၏ ပိုမို ကျယ်ပြန့်သော အကျိုးဆက်များအပေါ် ပထမဦးဆုံး ပညာရပ်ဆိုင်ရာ အသေးစိတ်လေ့လာဆန်းစစ်များကို တင်ပြ ထားသည်။[5]

ယခုအခန်းသည် ICC ၏ ပဏာမစုံစမ်းစစ်ဆေးခြင်းနှင့် တာဝန်ခံမှုရှိခြင်းဆိုင်ရာ ပြည်တွင်းအားထုတ်မှုများ အကြား အပြန်အလှန်လုပ်ဆောင်ပုံကို အလေးထားဖော်ပြထားသော်လည်း အီရတ်၌ ဗြိတန်တပ်များမှ ကျူးလွန်ခဲ့ သည်ဟု စွဲဆိုထားသောရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် စတင်ဖြစ်ပေါ်စေခဲ့သည့် အရေးကြီးသော ဖွံ့ဖြိုး တိုးတက်မှုများစွာတွင် စုံစမ်းစစ်ဆေးမှုသည် အစိတ်အပိုင်းတစ်ခုအဖြစ်သာ မည်သို့တည်ရှိနေသည်ဆိုသည်ကို သရုပ်ဖော်ရှင်းပြထားသည်။ ယခုအခန်းသည် ဗြိတိသျှအာဏာပိုင်များက ထိုရာဇဝတ်မှုများကို စုံစမ်း ထောက်လှမ်းရန် အလို့ငှါ အီရတ်သမိုင်းဝင် စွဲချက်များဆိုင်ရာ အဖွဲ့ (Iraq Historic Allegations Team 'IHAT') ဖွဲ့စည်းခြင်း အပါအဝင်

---

[4] ဥပမာ Davis Bosco မှ "ဗြိတိန်သည် ICC စောင့်ကြည့်လေ့လာခြင်းကို အလွန်အလေးထားသည်" ဟု တွေ့ရှိထားပြီး ICC တရားလိုရှေ့နေများ၏ ဆုံးဖြတ်ချက် သည် "အဖွဲ့အစည်းယုံကြည်မှုကို တိုးပွားလာစေပြီး နည်းလမ်းတကျလုပ်ဆောင်ခဲ့ခြင်းမရှိခဲ့ပါက အင်အားကြီးနိုင်ငံများအား စိတ်ကသိကအောက်ဖြစ်ဖွယ် အသစ်တစ်ခု ဖြစ်လာနိုင်သည်"ဟု ထင်ဟပ်နိုင်သည်ဟု မှန်းဆထားသည်။ ဥပမာအနေဖြင့် David Bosco, "British War Crimes Investigations and the ICC's Shadow", Lawfare, 11 January 2016 တွင်ကြည့်ပါ။

[5] ယခုအခန်းသည် ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှု နှင့် အပြုသဘောဖြည့်စွက်မှုအပေါ် ၎င်း၏ မျှော်လင့်ချက်တို့ကို စမှတ်ပြုထားသော်လည်း အခန်းနှစ်ခုသည် အချင်းချင်း ပံ့ပိုးဖြည့်စွက်ထားပြီး Rachel Kerr ၏ ပံ့ပိုးမှုသည် ဗြိတိန်ရှိ ဥပဒေလုပ်ငန်းစဉ်များအပေါ် ဆန်းစစ်ခြင်း၏ စမှတ်ဖြစ်ကာ နိုင်ငံတွင်း တာဝန် ခံမှုအကြောင်း နိုင်ငံရေးဆွေးနွေးမှု၏ စမှတ်လည်းဖြစ်သည်။ ထိုအချက်ပေါ်အခြေခံ၍ ပြည်တွင်းတုန့်ပြန်မှုများနှင့် တရားစီရင်ရေးလုပ်ငန်း စဉ်များရှိ ဆက်စက်မှုများကို အကျယ်တဝင့် ရှင်းလင်းထားသည်။ ဆိုခဲ့သည့်အတိုင်းပင် အီရတ်စစ်ရာဇဝတ်မှုမများအပေါ် ဗြိတိန်မှ ကိုင်တွယ်ဖြေ ရှင်းရာတွင် အသုံးပြုနေသော တရားစီရင်ရေးလုပ်ငန်းစဉ်များအကြောင်း အသေးစိတ်ကို Kerr ရေးသားထားသောအခန်းတွင် ဖော်ပြထားသည်။

ဆောင်ရွက်ခဲ့ရသော ရှုပ်ထွေးများပြားသည့် အချက်အလက်ကွန်ယက်တစ်ခုအပေါ် မီးမောင်းထိုးပြထားသည်။ IHAT ဆိုသည်မှာ စွဲဆိုထားသည့် ပြစ်မှုများ၏ မှန်ကန်မှုကို ရာဇဝတ် တရားစီရင်ရေးအမြင်ဖြင့် စုံစမ်းစစ်ဆေးရန် ဖွဲ့စည်းထားသည့် အဖွဲ့တစ်ခုဖြစ်သည်။ ထိုသို့ မီးမောင်းထိုးပြခြင်းဖြင့် တရားရုံးနှင့် ဗြိတိန်တို့အကြား တိုက်ရိုက် အချေအတင်ဖြစ်မှုကို ရှောင်ရှားပြီး တူညီသောအမြင်တစ်ခုတည်းဖြင့် ပဏာမစုံစမ်းစစ်ဆေးမှုအား မည်သို့ ဆက်လက်လုပ်ဆောင်သင့်သည်ဆိုသည့်အချက်အပါအဝင် ဗြိတိန်နှင့် ICC တို့အကြား အပြန်အလှန် လုပ်ဆောင်မှုများ၏ ရှုပ်ထွေးမှုကို ဖော်ပြထားသည်။ တစ်ချိန်တည်း၌ အီရတ်တွင် ကျူးလွန်ခဲ့သည်ဟု စွဲဆိုခံရသော ပြစ်မှုများအတွက် တာဝန်ခံမှုလုပ်ငန်းစဉ်သည် မည်သည်တို့ဖြစ်သင့်သည်၊ မည်သို့ဆက်လက်လုပ်ဆောင်သင့်သည်ဆိုသည်နှင့် သက်ဆိုင်သော အကျိုးစီးပွားများနှင့် နားလည်မှု ကွဲလွဲခြင်းများ ရှိနေသည်။ ပြည်တွင်းတွင် ထိရောက်သောစုံစမ်းရှာဖွေမှုအဆင့်များ မလိုအပ်သော်ငြား အချိန်ကြန့်ကြာစေခြင်း ကြောင့် တရားဝင် စုံစမ်းစစ်ဆေးမှုတစ်ခု ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာနိုင်သော ထိပ်တိုက် အချေအတင် တစ်ခုကိုရှောင်ရှားနိုင်ခြင်း ရှိ/မရှိ အပါအဝင် ကနဦး စုံးစမ်းစစ်ဆေးမှုများတွင် အရည်အသွေး ထိန်းချုပ်မှုနှင့် ဆက်စပ်သော လေးနက်သော မေးခွန်းများ ထွက်ပေါ်လာသည်။

ယခုအခန်းအား အောက်ပါအတိုင်း စီစဉ်ထားသည်။ ပထမဦးစွာ ပဏာမစုံစမ်းစစ်ဆေးမှုများနှင့် အပြု သဘော ဖြည့်စွက်မှုများအဖြစ် သက်ဆိုင်ရာ OTP စံသတ်မှတ်ချက်များနှင့် မူဝါဒဆိုင်ရာ ဦးတည်ချက်များ (အပိုင်း ၂) အပါအဝင် ၎င်းတို့အကြား ဆက်နွယ်မှုများနှင့်ပတ်သက်၍ ယူဆချက်များကို ဖော်ပြထားသည်။ ထို့နောက်တွင် အီရတ်/ဗြိတိန် ပဏာမစုံစမ်းစစ်ဆေးမှုအပါအဝင် စုံစမ်းစစ်ဆေးမှုပြုလုပ်သည့် ရာဇဝတ်မှုများ အကြောင်း အကျဉ်းချုပ်ကို ဖော်ပြထားသည် (အပိုင်း ၃)။ ၎င်းနောက်တွင် OTP ၏ နည်းဗျူဟာများ၊ ပြည်တွင်း လုပ်ထုံးလုပ်နည်းများထံ မျှော်လင့်မှုများ နှင့် ရှေ့နေချုပ်ရုံးမှ ထိုတာဝန်ခံမှုဖြစ်စဉ်နှင့်စပ်လျဉ်းပြီး အခြားပါဝင်သက်ဆိုင်သူများ နှင့်အတူ ပူးပေါင်းလုပ်ဆောင်မှု (အပိုင်း ၄) တို့အကြောင်း ဆန်းစစ်လေ့လာမှုတစ်ခုကို ဆက်လက် ဖော်ပြထား သည်။ ထိုဆန်းစစ်လေ့လာမှုနောက်တွင်

ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှု နှင့် ၎င်းနှင့်ဆက်စပ်သော အချိန်တွန်းအား သည် ဗြိတိန်ရှိ တရားစီရင်ရေး လုပ်ငန်းစဉ်အပေါ် မည်သို့သက်ရောက်ခဲ့ခြင်းတို့ကို ဆန်းစစ်လေ့လာခြင်း အပါအဝင် ဗြိတိန်အာဏာပိုင်များမှ ပဏာမစုံစမ်းစစ်ဆေးမှုအပေါ် မည်သို့ တုန့်ပြန်ခဲ့သည်ဆိုသည်ကို စုံစမ်းစစ်ဆေးထားသည် (အပိုင်း ၅)။ နောက်ဆုံးတွင် အီရတ်/ဗြိတိန် ပဏာမစုံစမ်းစစ်ဆေးမှု၏ ပိုမိုကျယ်ပြန့်သော သက်ရောက်မှုများကို ဆွေးနွေးကာ နိဂုံးချုပ်ထားသည်။

## ၂. ပဏာမစုံစမ်းစစ်ဆေးမှုများနှင့် အပြုသဘော ဖြည့်စွက်မှု

### ၂.၁. ပဏာမစုံစမ်းစစ်ဆေးမှုများနှင့် အပြုသဘောဖြည့်စွက်မှုတို့အကြား ဆက်နွယ်မှုရေးရာ ယူဆချက်များ

ပဏာမစုံစမ်းစစ်ဆေးမှုများမှာ တာဝန်ခံမှု လုပ်ငန်းစဉ်များ ပြည်တွင်း အဆင့်၌ လှုံ့ဆော်မြှင့်တင်ခြင်းအတွက် အထိုက်အလျောက်အရေးပါမှုရှိသည်ဟု တည်ရှိဆဲပညာရပ်ဆိုင်ရာလေ့လာမှုများက ယူဆကြသည်။[6] အပြုသဘော ဖြည့်စွက်မှုဟုဆိုရာဝယ် မျှော်မှန်းချက်တစ်ရပ်မှာ OTP မှ ပဏာမစုံစမ်းစစ်ဆေးမှု ပြုလုပ်လိုက်သည့်အခါ ထိုရုံးမှ အပြည့်အဝစုံစမ်းစစ်ဆေးမှုတစ်ခု ဆက်လက်ပြုလုပ်လိမ့်မည်ဆိုသည့် ခြိမ်းခြောက်မှုသည် နိုင်ငံ အတွက် ၎င်း၏ အမှုစွဲဆိုခြင်းများစတင်လုပ်ဆောင်ရန် လုံလောက်သော ဖိအားတစ်ခုအဖြစ် ထပ်တိုးလာစေလိမ့်မည်ဆိုသည့် အချက်ဖြစ်သည်။ အရေးကြီးသော ဆန့်ကျင်ကွဲလွဲသည့် အကျိုးစီးပွားများ ရှိသော်လည်း ICC မှ နောက်ထပ် အဆင့်များ ထပ်မံပြုလုပ်ရန်

[6] အပြုသဘောဖြည့်စွက်မှုအပေါ် ထိုကဲ့သို့မျှော်မှန်းချက်များရှိကြောင်း ဥပမာများအဖြစ် William Burke-White, "Implementing a Policy of Positive Complementarity in the Rome System of Justice", in *Criminal Law Forum*, 2008, vol. 19, no. 1, pp 59–85 (noting at p. 62 that "the overall goal of the Rome Statute—ending impunity—may be best achieved through […] encouragement of national prosecutions"); David Bosco, "The International Criminal Court and Crime Prevention: Byproduct or Conscious", in *Michigan State Journal of International Law,* 2011, vol. 19, no. 2, pp. 163–200 (noting at p. 181 that preliminary examinations can serve as an effective means of catalyzing political will toward prosecution in situations un- der analysis as they create pressure for national judicial proceedings and the possible incarceration of those responsible for crimes) တို့တွင် ကြည့်ပါ။

မလိုအပ်သော၊ ဥပဒေစကားအရ အပြုသဘော ဖြည့်စွက်စနစ်မူဘောင်တစ်ခုတွင် သက်သေခံမဝင်နိုင်ခြင်းများ ရှိနေသော်လည်း ထိုကဲ့သို့ ဖိအားပေးမှု ဖြစ်စေသည်။ ဤလွှမ်းမိုးမှုရှိသည်ဆိုသော အမြင်အား ခရစ်စတင်း ဘီဂျော့ခ် (Christine Bjork) နှင့် ဝမ်နီတာ ဂိုအာ ဘားတက်စ် (Juanita Goebertus) တို့မှ အကျယ်တဝင့် စုစည်းထားပြီး မှတ်ချက်ပြုထားသည်မှာ နိုင်ငံတစ်ခုမှ ပဏာမစုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းအပေါ် မျှော်မှန်းနိုင်သည့်တုန့်ပြန်ချက်သည် ၎င်းအနေဖြင့် "အမှုအပေါ် ICC ၏ စီရင်ပိုင်ခွင့်ကို လမ်းမပွင့်စေရန်နှင့် နိုင်ငံတကာ အသိုက်အဝန်း၏ မျက်စိကျ စိတ်ဝင်စားမှုဖြစ်မလာစေရန်အလို့ငှာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအား ပြည်တွင်းတရားစွဲဆိုခြင်းများသုံးကာ ပြင်းထန်စွာနှင့်မျှတစွာ လုပ်ဆောင်လိမ့်မည်" ဟူ၍ ဖြစ်သည်။[7]

ICC ၏ တရားလိုရှေ့နေများသည် အပြုသဘောဖြည့်စွက်မှု အရေးကြီးပုံနှင့်စပ်လျဉ်းပြီး အလားတူ အလှမ်းကွာသော တောင်းဆိုမှုများကို ပြုလုပ်ခဲ့ကြရာ တစ်ခါတစ်ရံတွင် ပြည်တွင်းအာဏာပိုင်များအား ထိုရာဇဝတ်မှုများကို ICC ၏ တရားစွဲဆိုမှုများအပေါ် အထိအခိုက်ခံလျက် ၎င်းတို့၏ ကိုယ်ပိုင်စီရင်ပိုင်ခွင့်အတွင်း၌ တရားစွဲဆိုရန် အားပေးခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအပေါ် တာဝန်ခံမှုတိုးမြှင့်ရခြင်း၏ အန္တိမပန်းတိုင်ကို သွယ်ဝိုက် ရရှိနိုင်ပေသည်။ တရားရုံးအာဏာသက်ဝင်ပြီး များမကြာမီကာလ ၂၀၀၃ ခုနှစ်တွင် ယခင်ရှေ့နေချုပ် မိုရမ်တို-အိုကမ်ပို (Moreno-Ocampo) မှ မထင်မရှားဖော်ပြခဲ့သည်မှာ "ဖြည့်စွက်မှုအကျိုးဆက် တစ်ခုအဖြစ် တရားရုံးသို့ ရောက်ရှိလာသော အမှုများစွာမှာ တရားရုံး၏ ထိရောက်မှုအပေါ် တိုင်းတာချက်တစ်ခု မဖြစ်သင့်ပေ.[...] ဆန့်ကျင်ဘက်အားဖြင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ပုံမှန်တာဝန်လုပ်ဆောင်ခြင်း၏ အကျိုး ဆက်အနေဖြင့် ဤတရားရုံးရှေ့တွင် ပျက်ကွက်ခဲ့သော အမှုကြားနာစစ်ဆေးမှုများသည်သာ အဓိက အောင်မြင်မှု တစ်ရပ် ဖြစ်ပေလိမ့်မည်"။[8] အထူးသဖြင့် ICC ၏ တရားလိုရှေ့နေများသည်

7 Christine Björk and Juanita Goebertus, "Complementarity in Action: The Role of Civil Society and the ICC in Rule of Law Strengthening in Kenya", in *Yale Human Rights and Development Law Journal*, 2011, vol. 14, no. 1, pp. 205–30, at p. 208.

8 Moreno-Ocampo as cited in ICC, *Informal Expert Paper: The Principle of*

အပြုသဘောဖြည့်စွက်မှုကို ဖြစ်လာစေနိုင်သည့် ပဏာမစုံစမ်းစစ်ဆေးမှု၏ စွမ်းဆောင်ရည်ကိုသာ အလေးထားခဲ့ကြသည်။ ဥပမာ - ရှေ့နေချုပ် ဘန်ဆူဒါ မှ ပဏာမစုံစမ်း စစ်ဆေးမှုကာလသည် “ကျွန်မတို့လက်ဝယ်တွင်ရှိပြီး အသုံးပြုနိုင်သည့် ထူးခြားပြီး အထိရောက်ဆုံးသော လက်နက်များစွာထဲမှ တစ်ခုဖြစ်ကြောင်း၊ ၎င်းသည် ပြည်တွင်းတရားစွဲဆိုခြင်းများကို အားပေးလုပ်ဆောင်စေပြီး အကြမ်းဖက်မှုများ တားဆီးပေးကြောင်း သို့မဟုတ် အဆုံးသတ်စေကြောင်း”၊ “ပြည်တွင်း ယန္တရားများမှာ ကျွန်မတို့ အခြေခံဖွဲ့စည်းပုံဖြစ်သည့် ဥပဒေ (Statute) နှင့်အညီ လုပ်ဆောင်လည်ပတ်နေသည့်အခါ တွင် စုံစမ်းရှာဖွေမှုများနှင့် တရားစွဲဆိုခြင်း များကို ရှောင်ရှားရန်” တရားရုံးအား ခွင့်ပြုထားကြောင်း” ချေပပြောဆို ထားသည်။[9]

OTP မှ ၂၀၁၃ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေထားသည့် ပဏာမစုံစမ်းစစ်ဆေးမှုများဆိုင်ရာ မူဝါဒရေးရာစာစောင် (Policy Paper on Preliminary Examinations) (‘PE Policy Paper’) တွင် ပဏာမစုံစမ်းစစ်ဆေးမှုများသည် ပြည်တွင်း တရားစွဲဆိုမှုများအပေါ် မည်ကဲ့သို့သက်ရောက်နိုင်သည်ဆိုသည့် ရှေ့နေချုပ်ရုံး၏ မျှော်မှန်းချက်များကို ထပ်မံရှင်းပြထားသည်။ အရေးကြီးသည်မှာ PE Policy Paper တွင် ဖော်ပြထားသည့် ပဏာမစုံစမ်းစစ်ဆေးမှု၏ အလုံးစုံပန်းတိုင်များထဲမှ ပန်းတိုင်တစ်ခုတွင် “စစ်မှန်သော ပြည်တွင်းတရားစွဲဆိုခြင်းများကို အားပေးလုပ်ဆောင် ခြင်းဖြင့် ပြစ်ဒဏ်ကင်းလွတ်နေခြင်းအား အဆုံးသတ်စေခြင်း” ပါဝင်ပြီး[10] စာစောင်တွင်

*Complementarity in Practice*, 2003, p. 3 (http://www.legal-tools.org/doc/90915d/).

9 Fatou Bensouda, “Reflections from the International Criminal Court Prosecutor”, in *Case Western Reserve Journal of International Law*, 2012, vol. 45, no. 1, pp. 505–11, at 508–09. ပဏာမစုံစမ်းစစ်ဆေးမှုဆိုင်ရာ ၂၀၁၆ ခုနှစ် အစီရင်ခံစာတွင် ပဏာမစုံစမ်းစစ်ဆေးမှုသည် ‘ရှေ့နေချုပ်ရုံးအတွက် တရားရုံး၏ ရည်ရွယ်ချက်ကို အထိရောက်ဆုံးပြည့်မီစေသည့် နည်းလမ်းများမှ နည်းလမ်းတစ်ခုဖြစ်သည်’ ဟု အလားတူပင် အကြံပြုထားသည်။ OTP, Report on Preliminary Examination Activities 2016, 14 November 2016, at para. 16 (http://www.legal-tools.org/doc/f30a53/) (hereinafter ‘2016 Report on Preliminary Examination Activities’) တွင် ကြည့်ပါ။

10 OTP, Policy Paper on Preliminary Examinations, 1 November 2013, at para. 93 (http://www.legal-tools.org/doc/acb906/) (hereinafter ‘PE Policy Paper’).

မကြာခဏကိုးကားလေ့ရှိ သည်မှာ "အပြုသဘော ဖြည့်စွက်မှုမှတဆင့် ပြစ်ဒဏ်ကင်းလွတ်နေခြင်းအား အဆုံးသတ်စေခြင်း" ဖြစ်သည်။[11] စာစောင်တွင် အလေးပေးထားသည်မှာ "ပဏာမစုံစမ်းစစ်ဆေးမှု၌ ရှေ့နေချုပ်ရုံး၏ အားထုတ်မှုများစွာမှ ထူးခြား သည့် အစိတ်အပိုင်းတစ်ခုမှာ နိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများကို စုံစမ်းဖော်ထုတ်ရန်နှင့် တရားစွဲဆိုမှု ပြုလုပ်ရန်ဆိုသည့် မိမိတို့၏ မူလတာဝန်ရှိမှုကို လုပ်ဆောင်ရန်အလို့ငှာ အားပေးခြင်းအပေါ် ဦးတည်ထားမှုဖြစ်သည်။[12] PE Policy Paper တွင် ထပ်မံရှင်းပြထားသည်မှာ "တရားရုံး၏ ဖြည့်စွက်မှုသဘောဘာဝသည် ပြည်တွင်း တရားစီရင်ရေးအာဏာပိုင်များ နှင့် ICC တို့အတူတကွ လုပ်ငန်းဆောင်ရွက်ရန်လိုအပ်သည်"၊ "ICC ရှေ့မှောက် တရားစွဲဆိုခြင်းများသည် စံနှုန်းအပေါ် ခြွင်းချက်အဖြစ် ဆက်လက်တည်ရှိသည်"၊ နှင့် "တရားရုံးသည် ဖြည့်စွက်မှုဆိုင်ရာ မူသဘောတရားကို အခြေခံကာ အပြန်အလှန်မှီခိုနေသော၊ အပြန်အလှန် အားဖြည့်ပေးသော အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးစနစ်တစ်ခု ဖန်တီးခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးကို သေချာစေသည်"။[13]

## ၂.၂. အပြုသဘောဖြည့်စွက်မှုနှင့် စပ်လျဉ်းပြီး လက်တွေ့ပံ့ပိုးမှုနှင့် အယူအဆရှင်းလင်းမှု မရှိခြင်း

ပြည်တွင်းတာဝန်ခံမှုဆိုင်ရာ တရားစွဲဆိုခြင်းများကိုလှုံ့ဆော်ပေးနိုင်သည်ဟူသော ပဏာမစုံစမ်းစစ်ဆေးမှုများ၏ အရည်အချင်းနှင့်စပ်လျဉ်းပြီး ICC ၏ တရားလိုရှေ့နေများမှ အကောင်းမြင်မှုရှိသော်ငြားလည်း ၎င်းတို့ အမှန်တကယ်ဖြစ်ပေါ် ခြင်းအပေါ် လက်တွေ့အထောက်အထား အနည်းငယ်သာရှိသည်။[14] ကန့်သတ်မှုရှိသော လက်တွေ့

[11] *Ibid*., para. 100

[12] *Ibid*.

[13] *Ibid*.

[14] Dancy and Montal မှ မှတ်ချက်ပြုခဲ့သည့်အတိုင်းပင် "ICC စုံစမ်းစစ်ဆေးမှုများနှင့် လူ့အခွင့်အရေးဆိုင်ရာ ပြည်တွင်းတရားစွဲဆိုမှုများအကြား ဆက်ဆံရေး အား စနစ်မကျသော လက်တွေ့စမ်းသပ်မှုဆိုင်ရာ သုတေသနနည်းဖြင့် လုပ်ဆောင်ခဲ့သည်" ။ Geoff Dancy and Florencia Montal, "Unintended Positive Complementarity: Why International Criminal Court Investigations Increase

သုတေသနတွင် စိန်ခေါ်မှုများ မကြာခဏ ရှိနေတတ်ပြီး တစ်ခါတစ်ရံတွင် ကွဲလွဲမှုများပါ ရှိတတ်သည် - တရားလိုရှေ့နေများမှ ယူဆထားသည့် အပြုသဘောဖြည့်စွက်မှုမှတဆင့် ပဏာမစုံစမ်းစစ်ဆေးမှုများသည် တာဝန်ခံမှု ပိုမိုတိုးမြှင့်စေသည့် အထူးခြားဆုံးသော လက်နက်တစ်ခုအဖြစ် ဖော်ပြချက်ဖြစ်သည်။ ဥပမာ - ဒန်စီ (Dancy) နှင့် မွန်တယ် (Montal) တို့မှ အာဖရိကနိုင်ငံများစွာပါဝင်သော သုတေသနတစ်ခုအပေါ်အခြေပြုကာ လေ့လာထားသည်မှာ "နိုင်ငံများ အပေါ် ICC ၏ ပါဝင်မှုသည် "ကြားကာလတစ်ခု၌ ပြည်တွင်း လူ့အခွင့်အရေး တရားစွဲဆိုမှုများ သိသိသာသာ တိုးတက်လာစေ" နိုင်သော်လည်း ICC ၏ အဆိုပါသက်ရောက်မှုသည် စုံစမ်းရှာဖွေရေးအဆင့်တွင်သာ အစပျိုးပေးနိုင်ပြီး ပဏာမစုံစမ်းစစ်ဆေးမှုတွင် မရှိနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် "တရားရုံးအား အချက်အလက် ရှာဖွေစုဆောင်းခြင်းအပြင် အခြားအရာများ ပိုမိုပြုလုပ်နိုင်သည့်အာဏာ အပ်နှင်းထားခြင်း မရှိသည့်အခါတွင် နိုင်ငံများအတွက် များပြားသောအကျိုးသက်ရောက်မှု မဖြစ်လာခြင်းကြောင့်ဖြစ်သည်။[15] အလားတူပင် ကန်ညာ၌ ပြုလုပ်ခဲ့သော ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှုသည် ထိုနိုင်ငံရှိ ပြည်တွင်း တရားစီရင်ရေးအဆင့်တွင် တာဝန်ခံမှု ဖြစ်စေခဲ့သည်ဆိုသည်ကို စုံစမ်းလေ့လာပြီးနောက် ဘီကျော့ခ် နှင့် ဂိုအာဘားတက်စ် တို့က "ကန်ညာအာဏာပိုင်များအား အရေးယူဆောင်ရွက်ရန် အားပေးနိုင်ခဲ့ပုံ မပေါ်ပေ" ဟု ကောက်ချက်ချထားသည်။[16]

Domestic Human Rights Prosecutions", in *American Journal of International Law*, 2017, vol. 111, no. 3, pp. 689–723 တွင် ကြည့်ပါ။

15 See *ibid*., p. 13. As discussed below in this Article, the limited powers of the OTP at the preliminary examination stage may in some ways make it difficult to decide whether there is a reasonable basis to proceed in the Iraq/UK examination.

16 ထပ်မံ၍ Björk and Goebertus တို့မှ ICC ၏ ဝင်ရောက်စွက်ဖက်မှုသည် နိုင်ငံတွင်းရှိ တရားဥပဒေစိုးမိုးရေးအပေါ် အနုတ်သဘောသက်ရောက်မှုတစ်ခုကို ပိုမို ဖြစ်စေနိုင်ကြောင်း၊ အထူးသဖြင့် ရာဇဝတ်တရားစီရင်ရေးစနစ် ပြင်ဆင်မှုတွင် ပါဝင်ခြင်းသည် ICC ၏ ပါဝင်လာမှုအပေါ် ခြိမ်းခြောက် မှုတစ်ခု ဖြစ်နိုင်ကြောင်း၊ အကြောင်းမှာ ထိုပြင်ဆင်ပြင်ဆင်မှုကို ကိုးကားပြီး တရားရုံး၏လက်ခံနိုင်မှုအပေါ် ဖြစ်နိုင်ချေ မေးခွန်းထုတ်ရာ၌ ကိုးကားနိုင်သည့် တရားရုံး၏ စွမ်းဆောင်ရည်ရှိကြောင်း NGOs များမှ ထင်မြင်ခဲ့ကြသည်။ Björk and Goebertus, 2011, pp. 205–30, see *supra* note ၇ တွင်ကြည့်ပါ။ ထိုစာရေးသူ၏ သုတေသနတစ်ခုတွင် အလားတူ အကြံပေးထားသည်မှာ " အကယ်၍ ပဏာမစုံစမ်းစစ်ဆေးမှုမှ ရရှိလာသည့် 'မတိကျမှု' သည် တာဝန်ခံမှုအကြောင်း ပြည်တွင်း ဆွေးနွေးမှုတစ်ခု ဆက်လက်ဖြစ်စေနိုင်ခဲ့လျှင်တောင်မှ

ထို့ပြင် 'အပြုသဘော ဖြည့်စွက်မှု'၏ တန်ဖိုးနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်တောင်းဆိုမှုများ ပြုလုပ်ခဲ့ ကြသော်လည်း ထိုအယူအဆအားဖြင့် မည်သည်တို့ကို အတိအကျနားလည်နိုင်သည်၊ 'ဖြည့်စွက်မှု' ဆိုသည့် ကျယ်ပြန့်သည့်စကားရပ်နှင့် မည်သို့ခြားနားမှုရှိသည်တို့မှာ အလုံအလောက် ရှင်းလင်းမှုမရှိသေးပေ။

PE Policy Paper တွင် လေ့လာသုံးသပ်ထားသည်မှာ 'ဖြည့်စွက်မှု' သည် ဖွဲ့စည်းပုံဥပဒေ အပိုဒ် (၁၇) အရ သက်သေခံဝင်နိုင်သည့် ဆန်းစစ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ်သတ်မှတ်ထားပြီး ထိုမှတဆင့် "ရှေ့နေချုပ် ရုံးမှ စုံစမ်းရှာဖွေရန်စဉ်းစားထားသည့် အရေးကြီးအမှုကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်တွင်း တရား စွဲဆိုခြင်းများ တည်ရှိနေမှုအပေါ် ဆန်းစစ်လေ့လာမှုတစ်ခု" လိုအပ်လာပေသည်။[17] ဆန့်ကျင်ဘက်အားဖြင့် စာစောင်တွင် 'အပြုသဘော ဖြည့်စွက်မှု' ဆိုသည့် စကားရပ်အား ပြည်တွင်းတရားစီရင်ရေး အာဏာပိုင်များနှင့် ICC တို့အကြား "အပြန်အလှန်မှီခိုနေသော၊ အပြန်အလှန်အားဖြည့်ပေးသော အပြည်ပြည်ဆိုင်ရာ တရားစီရင် ရေးစနစ်တစ်ခု" ဖန်တီးခြင်းဖြင့် "အတူတကွလုပ်ဆောင်" နိုင်သောအနေအထားတစ်ခုကို ညွှန်းဆိုနိုင်ရန် အတွက် အသုံးပြုထားသည်။[18] အခြားတစ်နေရာတွင် ဘန်ဆူဒို ရှင်းပြခဲ့သည်မှာ အပြုသဘော ဖြည့်စွက်မှုသည် "ပြည်တွင်းတရားစွဲဆိုခြင်းများကို မြှင့်တင်စေရေး နှင့် ဒန်မကလီးစ် ၏ ဓားကဲ့သို့ (a sword of Damocles) ၎င်းကိုယ်တိုင် နေရာသတ်မှတ်နိုင်ရေးအတွက် ဦးတည်ထားသော ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆွေးနွေးတိုင်ပင် ခြင်းဆိုင်ရာ တက်ကြွသည့်မူဝါဒတစ်ခုဖြစ်ပြီး ၎င်းသည်

ကန်ညာရှိ အားကိုးလောက်ဖွယ် တာဝန်ခံမှုဆိုင်ရာ လုပ်ငန်းစဉ်တစ်စုံတစ်ရာအား အစပျိုး ခဲ့ခြင်းမရှိပေ" ။ Thomas Hansen, "Complementarity in Kenya? An Analysis of the Domestic Framework for International Crimes Prosecution", in Ron Slye (ed.), *The Nuremberg Principles in Non-western Societies: A Reflection on their Uni- versality, Legitimacy and Application*, The International Nuremberg Principles Academy, 2016, pp. 143–65 တွင် ကြည့်ပါ။

17 PE Policy Paper, para. 8, see *supra* note ၁၀.

18 *Ibid*., para. 100.

ပြည်တွင်းအာဏာပိုင်များမှ မလိုလားသော သို့မဟုတ် မစွမ်းဆောင်နိုင်သော အခြေအနေတွင် ဝင်ရောက်စွက်ဖက်ရန် အသင့်ဖြစ်နေသည်”။[19] သို့သော် (ICC) တရားလို ရှေ့နေများ၏ ‘အပြုသဘောဖြည့်စွက်မှု’ အပေါ် နားလည်သဘောပေါက်မှုများသည် အချိန်ကြာလာသည်နှင့် အမျှ ပြောင်းလဲလာခဲ့သည်။ မိုရန်နို-အိုကန်ပိုမှ ပူးပေါင်းဆောင်ရွက်မှုနည်းသော အယူအဆတစ်ခုဟု ဖော်ညွှန်းထားပြီး “၎င်းသည် တရားသူကြီးများကို သင်တန်းပေးခြင်း၊ [ကျွန်ုပ်တို့အား] သတင်းအချက်အလက် ပေးပို့ခြင်း၊ [ကျွန်ုပ်တို့အား] စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်းတို့ အကြောင်းမဟုတ်ပေ။ မဟုတ်ပါ။ ဖြည့်စွက်မှုဆို သည်မှာ အခြားသူများမှ လုပ်ဆောင်နေခြင်းဖြစ်သည်”။[20]

မူသဘောတရားရှင်းလင်းမှု မရှိခြင်းသည် ၂၀၁၀ ခုနှစ်ဝန်းကျင်မှ စတင်ကာ တဖြည်းဖြည်း ရှင်းလင်းမှု ရရှိလာခဲ့သည်။ ထိုနှစ်တွင် စာချုပ်ဝင်နိုင်ငံများ ဗျူရိုညီလာခံမှ အစီရင်ခံစာတစ်စောင် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ထိုအစီရင်ခံစာတွင် အပြုသဘောဖြည့်စွက်မှုအား “လှုပ်ရှားမှု/လုပ်ဆောင်မှုအားလုံးအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုထားပြီး ၎င်းတို့မှ တဆင့် ပြည်တွင်းစီရင်ပိုင်ခွင့်များသည် Rome ဖွဲ့စည်းပုံဥပဒေတွင် ပါရှိသည့် ရာဇဝတ်မှုများကို (ICC) တရားရုံး ၏ အရည်အသွေးတည်ဆောက်ပေးခြင်း၊ ငွေကြေးဆိုင်ရာပံ့ပိုးပေးခြင်း နှင့် နည်းပညာဆိုင်ရာအကူအညီပေးခြင်း တို့မယူဘဲ စစ်မှန်သော ပြည်တွင်းစုံစမ်းစစ်ဆေးမှုများနှင့် အမှုကြားနာ မှုများကို ပိုမိုလုပ်ဆောင်နိုင်မည် ဖြစ်သည်။ သို့ရာတွင် အဆိုပါလှုပ်ရှားမှု/လုပ်ဆောင်မှုအားလုံးကို လုပ်ဆောင်ရန် နိုင်ငံများကိုသာ သတ်မှတ်မည့် အစား တရားရုံးနှင့် နိုင်ငံများအကြား မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအပေါ် အခြေပြုကာ အပြန်အလှန် ကူညီပံ့ပိုးပေးရန်ဖြစ်သည်။”[21] သို့သော်လည်း မော်တန်ဘာ့ဂ်စမို

[19] Bensouda, 2012, p. 507, see *supra* note ၉.

[20] As cited in Björk and Goebertus, 2011, p. 213, see *supra* note ၇.

[21] ICC ASP, Resolution ICC-ASP/8/Res.9, 25 March 2010, Appendix, para. 16 (http://www.legal-tools.org/doc/6077ca/).

မှတ်ချက်ပြုခဲ့သည့်အတိုင်းပင် အဆိုပါ ကျယ်ပြန့်လှသည့် နားလည်သဘောက်ပေါက်မှုအား ကမ်ပလာမြို့တွင် ကျင်းပခဲ့သည့် ၂၀၁၀ ခုနှစ် ပြန်လည်သုံးသပ်ခြင်း ညီလာခံ၏ စုံညီအစည်းအဝေး၌ အချို့သူများက ဝေဖန် ထောက်ပြခဲ့ကြသည်။[22]

၂၀၀၉ - ၂၀၁၂ တရားစွဲဆိုမှုဆိုင်ရာ မဟာဗျူဟာ တွင် အောက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ထည့်သွင်းခဲ့သည်။ "ဖြည့်စွက်မှုဆိုင်ရာ အပြုသဘောချဉ်းကပ်မှုဆိုသည်မှာ ရှေ့နေချုပ်ရုံးနေဖြင့် ၎င်း၏ ပူးပေါင်းဆောင်ရွက်ရေး ကွန်ယက်များစွာကိုအားပြုကာ အခြေအနေဖြစ်ပေါ် ခဲ့သော နိုင်ငံများအပါအဝင် ဖြစ်နိုင်သမျှ စစ်မှန်သည့် ပြည်တွင်း ဆောင်ရွက်နိုင်ရန် အားပေးလုပ်ဆောင်ခြင်းဖြစ်ကာ ရှေ့နေချုပ်ရုံး၏ အရည်အသွေးတည်ဆောက်ပေးခြင်း၊ သို့မဟုတ် ငွေကြေးဆိုင်ရာ သို့ နည်းပညာဆိုင်ရာ အကူအညီပေးခြင်းတို့ တိုက်ရိုက် ပါဝင်မှုမရှိဘဲ လုပ်ဆောင်ခြင်းဖြစ်သည်"။[23] မဟာဗျူဟာမှ ရှင်းလင်းထားသည်မှာ "အပြုသဘော ဖြည့်စွက်မှုအပေါ် ရှေ့နေချုပ်ရုံး၏ ချဉ်းကပ်မှုတွင် အောက်ဖော်ပြပါကဲ့သို့သော နည်းလမ်းများပါဝင်သည်။

22 Bergsmo et al.မှ မှတ်စုပြုထားသည်မှာ " စကားရပ် [ဆိုလိုသည်မှာ 'အပြုသဘောဖြည့်စွက်မှု'] အား ထပ်တလဲလဲကိုးကားမှုများပြုလုပ်နေစဉ်တွင် အချို့နိုင်ငံများသည် ၎င်း၏အသုံးပြုမှုကို မေးခွန်းထုတ်ခဲ့ကြပြီး 'နည်းစနစ်ပိုင်ဆိုင်ရာ အကူအညီ' ဟု ခေါ်ဆိုလိုကြသည်။ Rome Statute တွင် ထိုစကားရပ် အကြောင်းဖော်ပြထားခြင်းမရှိသည်မှာ ထင်ရှားပြီး Rome Statute၊ အပိုဒ် ၁၇ တွင်ဖော်ပြထားသည့် တရားစီရင်ရေးဆိုင်ရာ စွမ်းဆောင်ရည်အား ဖြည့်စွက်မှုဆိုင်ရာမူသဘောတရားဖြင့် တည်ဆောက်ခြင်းနှင့် ရောထွေးစေနိုင်သည်။ 'အပြုသဘောဖြည့်စွက်မှု' ဆိုသည့် အခေါ်အဝေါ်အသုံးပြုခြင်းတွင် တုန့်ဆိုင်းမှုအချို့ရှိနေသော်လည်း ဆွေးနွေးပွဲအားလုံး၌ တူညီသည့်အချက်တစ်ခုရှိခဲ့သည်မှာ နိုင်ငံများနှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ တက်ကြွစွာ ပါဝင်လုပ်ဆောင်မှုကို လိုလားသည်ဆိုသည့် အချက်ဖြစ်သည်။ ထို့ပြင် 'အပြုသဘောဖြည့်စွက်မှု' ဆိုသည့် အခေါ်အဝေါ်အသုံးပြုခြင်းနှင့် သက်ဆိုင်သည့် သံသယများသည် စကားရပ်အား မကြာခဏသုံးစွဲလိုက်ခြင်းကြောင့် လျော့ပါးသွားသည်"။ Morten Bergsmo et al., "Complementarity After Kampala: Capacity Building and the ICC's Legal Tools", in *Goettingen Journal of International Law*, 2010, vol. 2, no. 2, pp. 791–811, at pp. 797–802 တွင်ကြည့်ပါ။

23 OTP, "Prosecutorial Strategy 2009-2012", 1 February 2010, para. 17 (hereinafter '2009-2012 Prosecutorial Strategy') (https://www.legal-tools.org/doc/6ed914/.)

- အချို့သော သတိပေးချက်များကို လိုက်နာရသော်လည်း "အပိုဒ် ၉၃ (၁၀) နှင့်အညီ နိုင်ငံများမှ တောင်းဆိုလာသည့် သတင်းအချက်အလက်များကို ရှေ့နေချုပ်ရုံးမှ စုဆောင်းကာ" အချက်အလက် ပံ့ပိုးပေးခြင်း၊
- "အခြေအနေဖြစ်ပေါ် ခဲ့သော နိုင်ငံများမှ အရာရှိများ၊ ပညာရှင်များနှင့် ရှေ့နေရှေ့ရပ်များကို OTP ၏ စုံစမ်းစစ်ဆေးမှုနှင့် အမှုစွဲဆိုမှုဆိုင်ရာ လုပ်ရှားလုပ်ဆောင်မှုများတွင် ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ် ခြင်း"၊
- "သက်ဆိုင်ရာ တာဝန်ခံမှု အားထုတ်ခြင်းများအပေါ် ပံ့ပိုးမှုကို မြှင့်တင်ရန်အတွက် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပံ့ပိုးထောက်ပံ့သူများ၏ ညီလာခံများဖြင့် အထောက်အကူပြုသူသဖွယ် လုပ်ဆောင်ခြင်း"၊ နှင့်
- အခြား လှုပ်ရှားလုပ်ဆောင်မှုများ ဖြစ်ကြသည်။[24]

ထိုလှုပ်ရှားလုပ်ဆောင်မှုပုံစံများမှာ စောင့်ကြည့်ခံရသည့် ရာဇဝတ်မှုများအတွက် တာဝန်ရှိမှုကို တိုးမြှင့်လို သော သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံရေး သဘောဆန္ဒပါရှိသည့် အခြေအနေများတွင် အပြုသဘော ဖြည့်စွက်မှု၏ ရှုထောင့်အရကြည့်ပါက အဖိုးတန်ကောင်း*တန်နိုင်*သော်လည်း မေးခွန်းတစ်ခုရှိလာနိုင်သည်မှာ အဆိုပါ နိုင်ငံရေး သဘောဆန္ဒမပါရှိခဲ့ပါလျှင် ထိုလုပ်ဆောင်မှုပုံစံများသည် ထင်ရှားသည့် သက်ရောက်မှု တစ်စုံတစ်ရာ ရှိလာနိုင်ပေ မည်။

သို့ဖြစ်သောကြောင့် ပြည်တွင်းအာဏာပိုင်များသည် ICC မှ စုံစမ်းရှာဖွေမှုပြုလုပ်နေသော လူပုဂ္ဂိုလ်များနှင့် ရာဇဝတ်မှုများနောက်ကို လိုက်ပါဖမ်းဆီးနိုင်စွမ်းမရှိခြင်း သို့မဟုတ် လိုက်ပါဖမ်းဆီးလိုစိတ်မရှိခြင်းများ ရှိနေသော ကြောင့် ICC သာလျှင် စီရင်ပိုင်ခွင့်ကျင့်သုံးနိုင်သည်ဆိုသည့် ဖွဲ့စည်းပုံဥပဒေ အပိုဒ် ၁၇ တွင် ဖော်ပြထားသည့် လက်ခံစဉ်းစားမှုနှင့်စပ်လျဉ်းသော ဥပဒေမူဘောင်တစ်ရပ်အနေဖြင့် 'ဖြည့်စွက်မှု' ဆိုသည့်စကားရပ် အား ညွှန်းဆိုနိုင်သည်။ အပြန်အလှန်အားဖြင့် 'အပြုသဘော ဖြည့်စွက်မှု' အား Rome ဖွဲ့စည်းပုံဥပဒေပါ ပြစ်မှုများကို တရားရုံးမှ အထူးသဖြင့် OTP မှ လှုပ်ရှားလုပ်ဆောင်သောအဆင့်များကို အခြေခံပြီး ပြည်တွင်းအဆင့်ရှိ တာဝန်ခံမှု ကို မြှင့်တင်ရန်ရည်ရွယ်ထားသော မူဝါဒတစ်ခုအဖြစ် ဖော်ပြသတ်မှတ်နိုင်ပြီး

---

24 *Ibid.*, para. 17.

ပဏာမစုံစမ်းစစ်ဆေးမှုများမှာလည်း ထိုကိစ္စအလို့ငှာ သီးခြားအသုံးဝင်သောလက်နက်တစ်ခုသဖွယ် ပံ့ပိုးပေးသည်ဟု မကြာခဏ တွေ့ရ တတ်သည်။[25]

အမှန်တွင် အပြုသဘော ဖြည့်စွက်မှုတွင် ကွဲပြားခြားနားသော ချဉ်းကပ်မှု(၂) ခု ပါဝင်နိုင်ပြီး ၎င်းတို့၏ အကျိုးဆက်များကို OTP ၏ စံနှုန်းများတွင်လည်းကောင်း၊ ပညာရှင်ဆိုင်ရာ ရေးသားချက်များတွင်လည်းကောင်း လုံလောက်စွာ အကျယ်တဝင့်ရှင်းပြထားခြင်း မရှိခဲ့ပေ။ ၎င်းတို့မှာ (၁) ICC မှ စုံစမ်းရှာဖွေမှုပြုလုပ်နေသော ရာဇဝတ်မှုများ အား ICC ၏ တရားစွဲဆို*စရိတ်*ဖြင့် ပြည်တွင်း၌ စုံစမ်းလေ့လာပြီး တရားစွဲဆိုနိုင်ရေးကို သေချာစေရန်အတွက် တရားရုံး အထူးသဖြင့် OTP ၏ အားထုတ်မှုများ (ယခုအခန်းတွင် 'ဖြည့်စွက်မှု၏ လက်လွှဲပေးအပ်မှုဗားရှင်း' အဖြစ် ဖော်ပြထားသည်)၊ နှင့် (၂) အချို့သော*တာဝန်မျှဝေမှု*ပုံစံများအား လွယ်ကူချောမွေ့စွာလုပ်ဆောင်နိုင်စေရန်အတွက် တရားရုံး အထူးသဖြင့် OTP ၏ အားထုတ်မှုများဖြစ်ကာ ၎င်းပုံစံမှာ ကျူးလွန်ခဲ့သော

---

[25] အဆိုပါအတိုင်း, 'အပြုသဘောဖြည့်စွက်မှု' ၏ အတိအကျအဓိပ္ပါယ် သည် အငြင်းပွားဖွယ်ဖြစ်နေသော်လည်း Burke-White ထောက်ပြခဲ့သလိုပင် Rome Statute ၏ အမှုလက်ခံနိုင်မှုနယ်ပယ်စနစ်ရှိ ဖြည့်စွက်မှုသဘောတရား နှင့် OTP နှင့် အလားတူ ပညာရှင်များမှ ဖော်ပြခဲ့သည့် 'အပြုသဘောဖြည့်စွက်မှု မူသဘောတရား' များအကြား သိသာထင်ရှားသည့်ကွဲလွဲမှုတစ်ခုရှိသည်။ ဒုတိယသဘောတရားသည် Rome Statute မှာ "တရားရုံး၏ အာဏာကို သတ်မှတ် ကန့်သတ်ခြင်းထက် ပိုမိုလုပ်ဆောင်နိုင်ခြင်းဖြစ်ကြောင်း" မှာ အမှန်ပင် ရှင်းလင်းနေသည်။ Burke-White, 2008, p. 60, see *supra* note ၆ တွင်ကြည့်ပါ။ Rod Rastan မှ အလားတူမှတ်ချက်ပြုခဲ့သည်မှ ဖြည့်စွက်မှုတွင် သဘောတရားဆိုင်ရာ ချဉ်းကပ်မှု ၂ ခုရှိကြောင်း၊ ၎င်းတို့မှာ ၁) စီရင်ပိုင်ခွင့်နှင့် ဆက်စပ်သော အမှု လက်ခံနိုင်မှုမူသဘောတရား နှင့် ၂) 'အမှုတွဲများအား သဘောဆန္ဒအရ ဝေမျှမှုအတွက် တာဝန်မျှယူခြင်း' မူသဘောတရား' ဖြစ်သည်။ Rod Rastan, "Complementarity: Contest or collaboration?", in Morten Bergsmo (ed.), *Complementarity and the Exercise of Universal Jurisdiction for Core International Crimes*, Torkel Opsahl Academic EPublisher, Oslo, pp. 83–132, p. 83 (https://www.toaep.org/ps-pdf/7-bergsmo). တွင် ကြည့်ပါ။ အပြုသဘောဖြည့်စွက်မှုသဘောနှင့်စပ်လျဉ်းပြီး Carsten Stahn, "Complementarity: A Tale of Two Notions", in Criminal Law Forum, 2008, vol. 19, no. 1, pp. 87–113; and more generally the essays in Carsten Stahn and M. El Zeidy (eds.), *The International Criminal Court and Complementarity: From Theory to Practice*, Cambridge University Press, 2011 တွင် ထပ်မံ လေ့လာနိုင်သည်။

ရာဇဝတ်မှုများ အတွက် တာဝန် အရှိဆုံးပုဂ္ဂိုလ်များအား ICC အနေဖြင့် တရားစွဲဆိုခြင်းကို ထုံးစံအရ ဆက်လက်လုပ်ဆောင်စဉ်တွင် ပြည်တွင်း အာဏာပိုင်များ အနေဖြင့်လည်း အခြားကျူးလွန်သူများကို ပြည်တွင်းအဆင့်တွင် ထုံးစံအရ တရားစွဲဆိုနိုင်ရန် ဦးတည်ထားရမည် ဖြစ်သည် (ယခုအခန်းတွင် 'ဖြည့်စွက်မှု၏ တာဝန်မျှဝေမှုဗားရှင်း' အဖြစ် ဖော်ပြထားသည်)။ ၎င်းသည် များသောအားဖြင့် ပဏာမစုံစမ်းစစ်ဆေးမှုများဆိုင်ရာ အခြေအနေများ အထူးသဖြင့် များမကြာမီကာလ ဖြစ်စဉ်များတွင် ICC တရားလို ရှေ့နေများ နှင့် ပညာရှင်များမှ အလေးထားသော ဖြည့်စွက်မှု၏ လက်ဆင့်ကမ်းဗားရှင်း ဖြစ်သည်။[26]

## ၂.၃. ပဏာမစုံစမ်းစစ်ဆေးကာလ၌ အပြုသဘောဖြည့်စွက်မှုနှင့်စပ်လျဉ်းသည့် OTP ၏ စံသတ်မှတ်ချက်များ

ရှေ့နေချုပ်ရုံးအား ပြည်တွင်းတရားစွဲဆိုခြင်းများကိုအားပေးလုပ်ဆောင်စေနိုင်မည့် တက်ကြွသောအဆင့်များသုံး ရန် PE Policy Paper က ကတိကဝတ်ပြုထားသည်။ ဆိုလိုသည်မှာ တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်းကျရောက်လာ သော အရေးကြီးအမှုကိစ္စများကို သတ်မှတ်ပြီးသည့်အခါတွင် ရှေ့နေချုပ်ရုံးသည် အဆိုပါပြစ်မှုများနှင့် ဆက်စပ် သည့်နိုင်ငံများမှ 'စစ်မှန်သော ပြည်တွင်း စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုများကို ပြုလုပ်စေရေးအတွက် ဖြစ်နိုင်သမျှ အားပေးလုပ်ဆောင်ရန် ကြိုးပမ်းရလိမ့်မည်ဖြစ်သည်"။[27] သို့သော် ICC ၏ ဝင်ရောက်စွက်ဖက်မှုကို အရှိန်တိုးမြှင့်လုပ်ဆောင်နေချိန်တွင် ပြည်တွင်းတရားစွဲဆိုခြင်းများမြှင့်တင်စေရန်အတွက် ထားရှိသည့်ကတိကဝတ် သည် မတိကျ မရေရာလှပေ။ စာစောင်အရဆိုသော် "စစ်မှန်သော ပြည်တွင်းတရားစွဲဆိုမှုများကို

[26] Dancy and Montal မှတ်စုပြုခဲ့သည့်အတိုင်းပင် ၂၀၁၀ ဝန်းကျင်တွင် ထူးခြားသည့် တိုးတက်မှုတစ်ခုဖြစ်ခဲ့ကြောင်း၊ OTP ၏ အခန်းကဏ္ဍအား "အပြည့်အဝစုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်းကို ရှောင်ရှားနိုင်ရန် အမှုများလွှဲပေးရန် အားပေးခြင်း" ဆိုသည်မှ တဖြည်းဖြည်းပြောင်းလဲလာပြီး အပြုသဘော ဖြည့်စွက်မှုသည်လည်း "ပြည်တွင်းစီရင်ပိုင်ခွင့်များ တိုးချဲ့သတ်မှတ်ရန် နည်းတစ်ခုအဖြစ် တရားရုံးမှ တိုးချဲ့ထားသော ကိရိယာတစ်ခုဖြစ်ခြင်း" ဆိုသည့် အမြင် မှ တိုးမြှင့်ပြောင်းလဲခဲ့သည်။ အလားတူကို Dancy and Montal, 2017, see *supra* note ၁၄ တွင် ကြည့်ပါ။

[27] PE Policy Paper, para. 101, see *supra* note ၁၀.

အားပေးလုပ် ဆောင်ရန် ဦးတည်ထားသော ရှေ့နေချုပ်ရုံး၏အားထုတ်ချက်များ သဘာဝသည် လွှမ်းမိုးနိုင်သော အခြေအနေများ အပေါ်တွင် မူတည်မှုရှိနိုင်သည်။ ဤအကြောင်းနှင့်စပ်လျဉ်းပြီး အလေးပေးပြောလိုသည်မှာ ရှေ့နေချုပ်ရုံးအနေဖြင့် "ဖြစ်နိုင်ချေရှိသည့် လက်ခံစဉ်းစားမှုဆိုင်ရာ အနာဂတ် တရားစွဲဆိုခြင်းတစ်စုံတစ်ရာအပေါ် ထိခိုက်စွန်းထင်းစေမှု" မရှိသည်အထိသာ ပြည်တွင်းအာဏာပိုင်များနှင့် လက်တွဲလုပ်ဆောင်သွားလိမ့်မည်ဖြစ်သည်။[28]

PE Policy Paper တွင် မှတ်စုပြုထားသည်မှာ ဖွဲ့စည်းပုံဥပဒေအရ အခြေအနေတစ်ခုအား စုံစမ်းစစ်ဆေးခြင်းနှင့်အတူ တရားစွဲဆိုခြင်းအတွက် သက်သေပြရန်စံသတ်မှတ်ချက်သည် "ကျိုးကြောင်းဆီလျော် သော အခြေခံတစ်ခု" ဖြစ်သည်။ ဖွဲ့စည်းပုံ၏ အပိုဒ် ၅၃ (၁) (က) မှ (ဂ) အထိ ဖော်ပြထားသည်မှာ OTP သည် ပဏာမ စုံစမ်းစစ်ဆေးမှုပြုလုပ်နေစဉ်အတွင်း အောက်ပါအချက်များကို စဉ်းစားရမည်- (၁) စီရင်ပိုင်ခွင့် (ယာယီ၊ အရေးကြီး နှင့် နယ်မြေဆိုင်ရာ သို့မဟုတ် လူပုဂ္ဂိုလ်ဆိုင်ရာ စီရင်ပိုင်ခွင့်များပါဝင်သည်) ၊ (၂) လက်ခံစဉ်းစားမှု (ဖြည့်စွက်မှု နှင့် အလွန်အရေးပါမှုတို့ပါဝင်သည်) ၊ နှင့် (၃) တရားစီရင်ရေးဆိုင်ရာ အကျိုးစီးပွားများ ဖြစ်ကြသည်။[29] ၎င်း(၃) မျိုးအကြား၌ ဖြည့်စွက်မှုဆိုင်ရာအကဲဖြတ်ဆန်းစစ်ချက်ကို ပဏာမစုံစမ်းစစ်ဆေးမှု အဆင့် (၃) တွင် လုပ်ဆောင်ကြသည်။[30] ယခုအချိန်ထိ "အမှု" မဖြစ်သေးခြင်းကြောင့် - ဆိုလိုသည်မှာ "အဖြစ်အပျက်များ၊ သံသယရှိသူများနှင့် အပြုအမူများကို အတည်ပြုစုစည်းမှုတစ်ခု" ဖြစ်သောကြောင့် ရှေ့နေချုပ်ရုံး၏ စဉ်းစားတွေးတောမှုသည် အနေအထားအကြောင်း စုံစမ်းစစ်ဆေးရာမှ ပေါ်ပေါက်လာနိုင်သည့် သတင်းအချက်အလက်များ ရရှိမှုထံမှ အတည်ပြု

28 *Ibid*., para. 102.

29 စာစောင်တွင် မှတ်စုပြုထားသည်မှာ 'လုံလောက်သောအခြေခံအချက်' အတွက် လိုအပ်သော သက်သေပြရန်စံသတ်မှတ်ချက်အား တရားရုံး၊ တရားသူကြီး အဖွဲ့များမှ "တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သည့် ပြစ်မှုတစ်ရပ်အား ကျူးလွန်ခဲ့ခြင်း သို့မဟုတ် ကျူးလွန်ခံရခြင်းဆိုသည့် ယုံကြည်မှုဖြစ်စေရန် အတွက် အဓိပ္ပါယ်ရှိသော သို့မဟုတ် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်တစ်ရပ်" ဟုအဓိပ္ပါယ်ဖွင့်ဆိုခဲ့သည်။ *Ibid*., paras. 5, 34.

30 *Ibid*., paras. 15, 82.

သတ်မှတ်ထားသည့် "ဖြစ်နိုင်ချေ အလားအလာရှိသော အမှုများ" အပေါ်တွင်သာ အခြေပြုထားသည်။[31]

အထူးသဖြင့် ရှေ့နေချုပ်ရုံး၏ ပြည်တွင်းတရားစွဲဆိုမှုများအပေါ်ထားရှိသော မျှော်မှန်းချက်များအား ကျေနပ်မှုပေးနိုင်စေရန် မည်သို့သော ကျူးလွန်သူအမျိုးအစားများကို ဦးတည်ထားရမည်နည်း? ထိုကိစ္စအလို့ငှာ PE Policy Paper တွင် ၎င်း၏ "ဆိုးရွားပြင်းထန်လှသည့် ပြစ်မှုများအတွက် တာဝန်အရှိဆုံး" ပုဂ္ဂိုလ်များအား စုံစမ်းစစ်ဆေးခြင်း နှင့် တရားစွဲဆိုခြင်းများဆိုင်ရာ မူဝါဒဆိုသည်ကို ဖော်ပြထားပြီး ထိုမူဝါဒအရ ပဏာမစုံစမ်း စစ်ဆေး သောအဆင့်၌ စစ်မှန်သောပြည်တွင်းတရားစွဲဆိုခြင်းများကို အားပေးလှုံ့ဆော်ရာရောက်စေသည့် ရှေ့နေ ချုပ်ရုံး၏ အားထုတ်မှုများသည် "ယခုမူဝါဒ၏ ရည်မှန်းချက်အတွင်းကျရောက်သော ဖြစ်နိုင်ချေ အလားအလာ ရှိသော အမှုများပေါ်တွင် အဓိကထားမည်ဖြစ်သော်လည်း ထိုအမှုများအတွက်သာ ကန့်သတ်ထားခြင်းမရှိပေ"။[32] ရှေ့နေချုပ်ရုံးအနေဖြင့် ပြည်တွင်းတရားစွဲဆိုရန်လိုအပ်သော ပုဂ္ဂိုလ်များ၏ အဆင့်အတန်းသတ်မှတ်ချက်နှင့် စပ်လျဉ်းသည့် သီးခြားလမ်းညွှန်ချက်များဖြင့် ဆောင်ရွက်ခြင်း ရှိ/မရှိကို စာစောင်တွင် ရှင်းလင်းဖော်ပြထားခြင်း မရှိ သော်လည်း အမှန်တကယ် အလေးပေးပြောထားသည်မှာ "လုပ်ရှားလုပ်ဆောင်မှုမရှိခြင်း" ဆိုသည့် သတ်မှတ်ချက် သည် "ပိုမိုတာဝန်ရှိသောပုဂ္ဂိုလ်များနှင့်စပ်လျဉ်းသည့် သက်သေအထောက်အထားများရှိသော်လည်း အဆင့်နိမ့် သော သို့မဟုတ် မဖြစ်စလောက် ကျူးလွန်သူများကိုသာ တရားစွဲဆိုရန် တမင်သက်သက် ဦးတည်ခြင်းမှ ထွက်ပေါ် လာသည်"။[33] ပဏာမ စုံစမ်းစစ်ဆေးမှုဆိုင်ရာ လှုပ်ရှားလုပ်ဆောင်မှုများနှင့်စပ်လျဉ်းသည့် ရှေ့နေချုပ်ရုံး၏ နှစ်စဉ် အစီရင်ခံစာများတွင် ပြည်တွင်းတာဝန်ရှိမှုဆိုင်ရာလုပ်ငန်းစဉ်များ၏ သဘောသဘာဝနှင့် နယ်ပယ်တို့အပေါ် ထားရှိ သော ရှေ့နေများ၏ မျှော်မှန်းချက်များနှင့် ပတ်သက်သည့် နောက်ထပ်သဲလွန်စအချို့ကို ဖော်ပြပေးထားသည်။ ဥပမာ - အာဖဂန်နိုင်ငံ

[31] *Ibid*., para. 43.

[32] *Ibid*., para. 103.

[33] *Ibid*., para. 48.

အာဏာပိုင်များ၏ အဖွဲ့ဝင်များအပေါ် ပြည်တွင်းတရားစွဲဆိုမှုများနှင့်ပတ်သက်၍ ၂၀၀၆ခုနှစ် အစီရင်ခံစာ တွင် ဖော်ပြထားသည်မှာ ထိန်းသိမ်းခံရသူများအား ဆိုးရွားသောဆက်ဆံမှုများအတွက် စွဲဆိုမှုများကို ကြည့်ခြင်း အားဖြင့် လုံခြုံရေးအရာရှိ (၂) ဦးကိုသာ တရားစွဲဆိုခဲ့ခြင်းသည် လုံလောက်မှုရှိသည်ဟု ရှေ့နေချုပ်ရုံးမှ သတ်မှတ် ခြင်း မပြုနိုင်ပေ။[34]

ပဏာမ စုံစမ်းစစ်ဆေးမှုဆိုင်ရာ လှုပ်ရှားလုပ်ဆောင်မှုများနှင့်စပ်လျဉ်းသည့် နှစ်စဉ်အစီရင်ခံစာများတွင် ထပ်မံအကြံပြုထားသည်မှာ ပြည်တွင်းတာဝန်ရှိမှုလုပ်ငန်းစဉ်များနှင့်တိုက်ရိုက်ပတ်သတ်မှုမရှိသော ဥပမာ ဝန်ကြီး အဖွဲ့ခန့်အပ်ခြင်းကဲ့သို့သော တိုးတက်မှုပေါင်းများစွာသည်လည်း ရှေ့နေချုပ်ရုံး၏ ဖြည့်စွက်မှုရေးရာ အကဲဖြတ် သုံးသပ်ခြင်း လုပ်ဆောင်ရာတွင် စပ်ဆိုင်မှုရှိသည်ဟု မှတ်ယူနိုင်သည်။[35] နှစ်စဉ်အစီရင်ခံစာများသည် ပြည်တွင်း တရားစွဲဆိုခြင်းများ ပြုလုပ်သည့်*အချိန်*ကို ရှေ့နေချုပ် ရုံးအနေဖြင့် မည်သို့ချဉ်းကပ်သည်ဆိုသည်ကိုလည်း ရှင်းလင်း ဖော်ပြထားသည်။ ရှေ့နေချုပ်ရုံးအနေဖြင့် ပဏာမစုံစမ်းစစ်ဆေးမှုတစ်ခု၌ အလေးထားဖော်ပြထားခဲ့သည်မှာ ပြစ်ဒဏ်မှ ကင်းလွတ်နေခြင်းအပေါ် ဆန့်ကျင်မှုသည် "အာဏာပိုင်များအတွက် ဦးစားပေးမှုတစ်ရပ်အဖြစ် ကျန်ရှိ နေဟန်ရှိနေ"သော်လည်း ရှေ့နေချုပ်ရုံးအနေဖြင့် ပြည်တွင်းတရားစွဲဆိုခြင်းများရှိ (သတ်မှတ်မထားသော) "ကျိုးကြောင်းဆီလျော်သည့် နှောင့်နှေးကြန့်ကြာမှု" ကိုသာ လက်ခံလိမ့်မည်ဖြစ်သည်။[36] PE

[34] 2016 Report on Preliminary Examination Activities, para. 217, see *supra* note ၉.

[35] ဥပမာအားဖြင့် Guinea စုံးစမ်းစစ်ဆေးမှုတွင် ရှေ့နေချုပ်ရုံးသည် Guinean တရားသူကြီးအဖွဲ့မှ လုပ်ဆောင်နေသော စုံစမ်းစစ်ဆေးမှုများအတွက် "အာဏာပိုင်များအား ဆက်လက်ပံ့ပိုးပေးသည့်' သဘောဖြင့် သတ်မှတ်ပြီးသား တရားရေးဝန်ကြီးကို (ပြန်) ခန့်ထားရန် ဆင့်ခေါ် ခဲ့သည်။ *Ibid*., para. 272.

[36] Guinea examination နှင့် ပတ်သက်၍ ထုတ်ပြန်ချက်တစ်ခု ထုတ်ပြန်ခဲ့သည်။ *Ibid*., para. 271. ဤကိစ္စအလို့ငှာ အချို့သောမှတ်ချက်ပြုသူများသည် တရားရုံး၏ သိသာထင်ရှားသည့် ပြုလွယ်ပြင်လွယ်ဖြစ်မှုကို အလေးပေးခဲ့ကြပြီး OTP အနေဖြင့် "Guinean Conakry အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနှင့် စပ်လျဉ်းသည့် နှေးကွေးလှသည့် တရားစီရင်ရေးလုပ်ဆောင်ပုံကို သည်းခံခဲ့" ခြင်းဖြစ်သည်။ Louise Chappell et al., "The Gender Justice Shadow of Complementarity: Lessons from the International Criminal Court's Preliminary Examinations in Guinea and Colombia", in *International Journal of Transitional Justice*, 2013, vol. 7, no. 3, pp. 455–75, at p. 467 တွင်ကြည့်ပါ။ ယေဘုယျအားဖြင့် အချို့လေ့လာသူပညာရှင်များမှ ရှေ့နေချုပ်ရုံးအား

Policy Paper တွင် ရှင်းလင်းဖော် ပြထားသည်မှာ ပြည်တွင်းတရားစွဲဆိုမှုများရှိ ထိုကဲ့သို့ နှောင့်နှေးကြန့်ကြာမှုများအား "စုံစမ်းစစ်ဆေး သောအဆင့်များနှင့် တရားစွဲဆိုမှုအကြား ကွာဟမှု" ကဲ့သို့သော အညွှန်းပြချက်များဖြင့် အကဲဖြတ်ဆန်းစစ်နိုင် သည်ဖြစ်ပြီး တရားစွဲဆိုမှုများရှိ နှောင့်နှေးကြန့်ကြာမှုသည် အခြေအနေများတွင် ဓမ္မဓိဋ္ဌာန်ကျကျ မျှတခြင်း ရှိ/မရှိ၊ နှင့် သက်ဆိုင်ရာကျူးလွန်သူ(များ) ကို တရားစီရင်နိုင်ရန် ဆောင်ရွက်လိုသော ကြံရွယ်ချက်မရှိကြောင်း အထောက် အထားတစ်စုံတစ်ရာ ရှိ/မရှိ စသည့် အညွှန်းပြချက်များဖြစ်သည်။[37]

အထက်ဖော်ပြပါအချက်များသည် "အပြုသဘောဖြည့်စွက်မှု" အား ပဏာမစုံစမ်း စစ်ဆေးမှုများ၏ အဓိက စံနမူနာပြ ရလာဒ်တစ်ခုအဖြစ် ရှုမြင်ကြောင်း၊ OTP သည် ၎င်းတို့အနေဖြင့် ပြည်တွင်းအဆင့်၌ တာဝန်ရှိမှုကို မြှင့်တင်စေရန်အလို့ငှာ လုပ်ဆောင်မည့်လမ်းကြောင်းနှင့် အသုံးပြုမည့် နည်းလမ်းများ အပါအဝင် ပဏာမစုံစမ်းစစ် ဆေးမှုများ မည်သို့လုပ်ဆောင်မည်နှင့် စပ်လျဥ်းပြီး အထိုက်အလျောက် ပြောင်းလွယ်ပြင်လွယ်ရှိကြောင်း အကြံပြု ထားခြင်းဖြစ်သည်။ အဆိုပါ ဦးတည်ချက်များနှင့် စံသတ်မှတ်ချက်များကို OTP အနေဖြင့် အီရတ်/ဗြိတိန် စုံစမ်း စစ်ဆေးမှုတွင် မည်ကဲ့သို့အသုံးပြုခဲ့သည်၊ နှင့် ဗြိတိန်အာဏာပိုင်များမှ ၎င်းတို့အပေါ် မည်ကဲ့သို့တုန့်ပြန်ခဲ့သည် တို့ကို ယခုအခန်းရှိ အောက်ပါအပိုင်းများတွင် လေ့လာသွားမည်ဖြစ်သည်။

---

ပြည်တွင်းတရားစွဲဆိုမှုများ ရှေ့ဆက်လုပ်ဆောင်ရန် 'စောင့်စား' လိုသည့်အတိုင်းအတာနှင့် ကိုက်ညီခြင်းမရှိသည့်အပေါ် ဝေဖန်ခဲ့ကြသည်။ Kai Ambos and Ignaz Stegmiller, "Prosecuting International Crimes at the International Criminal Court: Is there a Coherent and Comprehensive Prosecution Strategy?", in *Crime Law Soc Change*, 2013, vol. 59, pp. 415–437, at 427 တွင် ကြည့်ပါ။

37 PE Policy Paper တွင် ပြည်တွင်းတရားစွဲဆိုမှုများ ကြန့်ကြာနေမှုများအား စုံစမ်းစစ်ဆေးသည့် နည်းလမ်းများနှင့် တရားစွဲဆိုမှုအကြား အချိန်ကွာဟချက်၊ တရားစွဲဆိုမှုများ ကြန့်ကြာနေမှုများတွင် အခြေအနေများအလိုက် မျှတမှု ရှိ/မရှိ၊ နှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်(များ) အား တရားစွဲဆိုရန် ရည်ရွယ် ချက်ကင်းမဲ့ကြောင်း အထောက်အထားတစ်စုံတစ်ရာ ရှိ/မရှိ စသည်တို့ကဲ့သို့ အညွှန်းများဖြင့်အကဲဖြတ်ဆန်းစစ်နိုင်ကြောင်း' ရှင်းရှင်းလင်းလင်း ဖော်ပြထား သည်။ PE Policy Paper, para. 52, see *supra* note ၁၀.

## ၃. အီရတ်/ဗြိတန် ပဏာမစုံစမ်းစစ်ဆေးခြင်း - စောင့်ကြည့်ခံရသော အခြေအနေနှင့် ရာဇဝတ်မှုများ

### ၃.၁. အီရတ်/ဗြိတန် ပဏာမစုံစမ်းစစ်ဆေးမှု ပိတ်သိမ်းခြင်းနှင့် ပြန်လည်ဖွင့်လှစ်ခြင်း၊ နှင့် ကျယ်ပြန့်သော နောက်ခံအခြေအနေ

အီရတ်တွင် ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှုသည် အီရတ်စစ်ပွဲကာလအတွင်းနှင့် နောက်ဆက်တွဲ သိမ်းပိုက်သည့် ကာလ ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ဗြိတိန်တပ်ဖွဲ့များမှ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသော စစ်ရာဇဝတ်မှုများ နှင့် ဆက်စပ်သည်။ အမေရိကန် စစ်တပ်ဖွဲ့များနှင့် CIA ၏ ပြုမူလုပ်ဆောင်ချက်များကို စုံစမ်းစစ်ဆေးခြင်း၊ တာလီ ဘန်နှင့် ၎င်းတို့၏ တွဲဖက် ဟက်ကွာနီ Haqqani ကွန်ယက်ကို စုံစမ်းစစ်ဆေးခြင်း၊ နှင့် အာဖဂန် အစိုးရတပ်ဖွဲ့များကို စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည့် အာဖဂန်နစ္စတန် စုံစမ်းစစ်ဆေးမှုအပါအဝင် အခြားသောစုံစမ်းစစ်ဆေးမှု များစွာနှင့် မတူဘဲ[38] အီရတ်စုံစမ်းစစ်ဆေးမှု၏ ဦးတည်ချက်ကို ဗြိတိန် ဝန်ထမ်းများဟုဆိုသော လုပ်ဆောင်သူ တစ်ဦး တည်းမှ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်အတွက်သာ ကန့်သတ်ထား ခြင်း ဖြစ်သည်။ အီရတ်သည် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံမဟုတ်သော်ငြား ICC အနေဖြင့် ၎င်း၏ စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည့် ဗြိတန်၏ နိုင်ငံသားများမှ အီရတ်နယ်နိမိတ်ထဲတွင် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအပေါ် စီရင်ပိုင်ခွင့် ကျင့်သုံးနိုင်ပေသည်။[39]

[38] 2016 Report on Preliminary Examination Activities, para. 198, see *supra* note ၉ တွင်ကြည့်ပါ။ စုံစမ်းစစ်ဆေးခံရသူများနှင့် ပြစ်မှုအမျိုးအစားများ အပါအဝင် အာဖဂန်နစ္စတန် စုံစမ်းစစ်ဆေးမှုနှင့် ပတ်သက်သည့် အသေးစိတ်အား Carla Ferstman, "The International Criminal Court and Extraordinary Rendition", in Didier Bigo, Elspeth Guild and Mark Gibney (eds.), *Extraordinary Renditions and Secret Detentions: Challenges to Democratic Control of Intelligence Services and Human Rights Remedies*, Routledge (forthcoming 2018) (on file with author) တွင် ထပ်မံကြည့်နိုင်သည်။

[39] The Rome Statute of the International Criminal Court, 17 July 1998, Article 12(2)(b) ('ICC Statute') (http://www.legal-tools.org/doc/7b9af9/) တွင်ကြည့်ပါ။

၂၀၀၆ ခုနှစ်တွင် မိုရမ်မို-အိုကပ်ပို မှ အီရတ်ရှိ ပဏာမစုံစမ်းစစ်ဆေးမှုကို ပိတ်သိမ်းရန်ဆုံးဖြတ်ခဲ့သည်။ အကြောင်းပြချက်မှာ အကယ်၍ ဗြိတိန်စစ်သားများအား များစွာသောစစ်ရာဇဝတ်မှုများအတွက် တာဝန်ရှိကြောင်း ထင်ရှားပေါ်ပေါက်သည့်တိုင် စွပ်စွဲထားသည့် ချိုးဖောက်မှုအရေအတွက်မှာ နည်းပါးနေသည့်အတွက်ကြောင့် Rome ဖွဲ့စည်းပုံဥပဒေပါ 'ပြင်းထန်မှု/ဆိုးရွားမှု' "Gravity" ဆိုသည့် လိုအပ်ချက်နှင့် ကိုက်ညီမှု မရှိနိုင်ပေ။ ထိုသူမှ ထပ်မံဖော်ပြထားသည်မှာ "ပြင်းထန်မှု/ဆိုးရွားမှု အပေါ်အခြေပြုပြီး သုံးသပ်ချက်တစ်ခုရရှိခြင်းဖြင့် ဖြည့်စွက်မှု လုပ်ဆောင်ရန်နှင့်ပတ်သက်သည့် သုံးသပ်ချက်တစ်ခုရရန်မှာ မလိုအပ်တော့ပေ။" သို့သော် မည်သို့ပင်ဆိုစေ မှတ်သားရမည်မှာ "ထိုသူ၏ ရုံးအဖွဲ့အနေဖြင့် "များစွာသော အရင်းအမြစ်များထံမှ အကြံပြုချက်များအပါအဝင် ပြည်တွင်းတရားစွဲဆိုခြင်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို စုစည်းခဲ့ကြောင်း၊ နှင့် သက်ဆိုင်ရာ အဖြစ်အပျက်တစ်ခုချင်းစီနှင့်စပ်လျဉ်းသော ပြည်တွင်း တရားစွဲဆိုမှုများအားလည်း စတင်လုပ်ဆောင်ခဲ့ကြောင်း တို့ ဖြစ်သည်"။[40]

၂၀၁၄ ခုနှစ်၊ မေလ (၁၃) ရက်နေ့တွင် လက်ရှိရှေ့နေချုပ်ဖြစ်သူ ဘန်ဆူဒိုမှ သူမအနေဖြင့် ပဏာမ စုံစမ်းစစ်ဆေးမှုကို ပြန်လည်ဖွင့်လှစ်ရန် ဆုံးဖြတ်လိုက်ကြောင်း ကြေညာခဲ့သည်။[41] ထိုဖြစ်စဉ်သည် ရှေ့နေချုပ်ရုံးမှ ယခင်ပြီးဆုံးပြီးခဲ့သည့် စုံစမ်းစစ်ဆေးမှုတစ်ခုအပေါ် ပြန်လည်ဖွင့်လှစ်ခဲ့သည့် ပထမဦးဆုံးအမှုဖြစ်သည်။ ပဏာမ စုံစမ်း စစ်ဆေးမှုကို ပြန်လည်ဖွင့်လှစ်ရန် ဆုံးဖြတ်ချက်အား ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလတွင် ဖွဲ့စည်းပုံဆိုင်ရာ နှင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပစင်တာ ('ECCHR') နှင့်အတူတကွ ပြည်သူ့အကျိုးစီးပွားရေးရာ ရှေ့နေများအဖွဲ့ Public Interest Lawyers ('PIL') တို့မှ ရှေ့နေချုပ်ရုံးသို့ တင်သွင်းလာသည့် သတင်းအချက်အလက်အသစ်များကို

40 OTP, "OTP response to communications received concerning Iraq", 9 February 2006 (http://www.legal-tools.org/doc/5b8996/), see *supra* note ၂ တွင် ကြည့်ပါ။

41 OTP, "Prosecutor of the International Criminal Court, Fatou Bensouda, re-opens the preliminary examination of the situation in Iraq", 13 May 2014, ICC-OTP-20140513 (http://www.legal-tools.org/doc/d9d9c5/) .

အထောက်အထားပြုကာ အတိအလင်း ချမှတ်ခဲ့ခြင်းဖြစ်သည်။[42] ၎င်းသည် ပဏာမစုံစမ်းစစ်ဆေးမှု ဖွင့်လှစ်ခြင်းကို ဖြစ်လာစေနိုင်သော NGOs များနှင့် ရှေ့နေများ၏ ထင်ရှားသည့် အခန်းကဏ္ဍကို မီးမောင်းထိုးပြပေးပြီး အထူးသဖြင့် ၎င်းတို့သည် စွပ်စွဲချက်များနှင့် ဥပဒေရေးရာ ဆန်းစစ်မှုများအား OTP ၏ ဆန်းစစ်သုံးသပ်မှုဖြစ်စဉ်နှင့် ကိုက်ညီစွာ သတ်မှတ်လုပ်ဆောင်ထားခြင်းကြောင့်ဖြစ်သည်။[43] မိုရမ်တို-အိုကမ်ပို ၏ ပြင်းထန်မှု/ဆိုးရွားမှု အပေါ် အစောပိုင်း အကြံပြုချက်များကို မှတ်သားထားပြီး ECCHR နှင့် PIL တို့သည် ပြင်းထန်မှု/ဆိုးရွားမှုဆိုသည့်အချက်ဖြင့် စုံစမ်းစစ် ဆေးမှု ပျယ်ပြယ်သွားရသည်ကို ရှောင်ရှားနိုင်ရန်အတွက် စွပ်စွဲချက်ပေါင်းများစွာနှင့် ၎င်းတို့ကို ထောက်ကူ ပေးနိုင် သော သက်သေအထောက်အထားများ ပါဝင်ထည့်သွင်းရန် တမင်တကာ ဆုံးဖြတ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။[44]

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ပြုလုပ်ခဲ့သော ECCHR နှင့် PIL တို့၏ ကနဦးဆက်သွယ် တိုင်တန်းချက် ပြီးနောက်တွင် PIL သည် ဒုတိယအကြိမ် ဆက်သွယ်တိုင်တန်းချက်အား ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ တွင် တင်သွင်းခဲ့ပြီး ICC

[42] Bensouda မှ မှတ်စုပြုခဲ့သည်မှာ ထပ်တိုးသတင်းအချက်အလက်များပါဝင်သည့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ ဆက်သွယ်တိုင်တန်းမှုအား ၂၀၀၆ ခုနှစ်တွင် ရှေ့နေချုပ်ရုံး၌ မရှိနေခဲ့ကြောင်း၊ ထိုတိုင်တန်းမှုတွင် ထိန်းသိမ်းခံရသူများအပေါ် ညှင်းပန်းနှိပ်စက်သည့် အမှုများစွာကို စွဲဆိုထားကြောင်း၊ စွပ်စွဲထား သည့် ပြစ်မှုများ၏ အချက်အလက်ဆိုင်ရာအခြေအနေများ၊ မြေပြင်အနေအထားနှင့် အချိန်အတိုင်းအတာနှင့် စပ်လျဉ်းပြီး အသေးစိတ် ဖော်ပြထားသည်။" *Ibid*. ECCHR နှင့် PIL တို့၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ တင်သွင်းလွှာတွင် ဗြိတိန်စစ်သားများမှ အီရတ်တွင် ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည့် ပြစ်မှုများအား အသေးစိတ် အချက်အလက်ဆိုင်ရာနှင့် ဥပဒေဆိုင်ရာ ဆန်းစစ်မှုပြုလုပ်ထားသည့် စာမျက်နှာ ၂၅၀ ပါ စာရွက်စာတမ်း ၁၃ ပါရှိသည်။ ECCHR and PIL, Communication to the Office of the Prosecutor of the International Criminal Court: The Responsibility of Officials of the United Kingdom for War Crimes Involving Systematic Detainee Abuse in Iraq from 2003-2008, 10 January 2014 (http://www.legal-tools.org/doc/8d151d/) (hereinafter 'ECCHR and PIL January 2014 communication') တွင် ကြည့်ပါ။

[43] PIL နှင့် ယခင်အလုပ်လုပ်ဖူးသော ရှေ့နေဖြစ်သူ Bethany Shiner မှ ၎င်း၏ အမြင်ကို ထုတ်ဖော်ပြောကြားခဲ့ရာ ECCHR နှင့် PIL တို့၏ တင်သွင်းလွှာသည် "သူတို့ ရရှိဖူးခဲ့သည့် အစီရင်ခံစာများအနက် အရည်အသွေးအကောင်းမွန်ဆုံး အစီရင်ခံစာတစ်ခုဖြစ်ခဲ့သည်" ။ Author's interviews (Bethany Shiner) (on file with author – same hereinafter).

[44] Author's interviews (Andreas Schüller).

တရားလိုရှေ့နေ များ၏ စကားအရဆိုရသော် ၎င်းတိုင်တန်းချက်တွင် စွပ်စွဲထိန်းသိမ်းခံရခြင်းများ အပေါ် အလွဲသုံးစားပြုမှုအကြောင်း အမှုအသစ်များနှင့်စပ်လျဉ်းပြီး စွပ်စွဲဆိုထားသော ရာဇဝတ်မှုများစာရင်းကို ထပ်မံတိုးချဲ့ခြင်း၊ နှင့် စွပ်စွဲချက်များကို အထောက်အကူပြုပေးနိုင်သည့် နောက်ထပ်သတင်းအချက်အလက်များ ဖော်ပြခြင်းများအပါအဝင် ပထမ ဆက်သွယ်တိုင်တန်းချက်၌ ပါရှိခဲ့ပြီးသော စွပ်စွဲချက်များကို "သိသိသာသာ" ထပ်တိုးခဲ့ကြသည်။[45] တရားလိုရှေ့နေများသည် ဆက်သွယ်တိုင်တန်းချက်များတွင် ဖော်ပြပါရှိထားသော စွပ်စွဲချက် များနှင့်စပ်လျဉ်းသော တရားစွဲဆိုခြင်းများဖြင့် ဗြိတိန်အာဏာပိုင်များပြုလုပ်ခဲ့သော "ပြီးပြည့်စုံသည့် တုန့်ပြန် မှုများ" ကိုလည်း ထည့်သွင်း စဉ်းစားထားပါသည်။[46]

အီရတ်/ဗြိတိန်စုံစမ်းစစ်ဆေးမှုအား ပြန်လည်ဖွင့်လှစ်လိုက်သည့် ၂၀၁၄ ခုနှစ်၊ မေလမှ စကာ ယခုစာရေး သားနေသည့်အချိန်တွင် စုံစမ်းစစ်ဆေးမှုသည် ကာလအပိုင်း (၂) သို့ရောက်ရှိနေပြီဖြစ်သည်။ ဆိုလိုသည်မှာ ICC တရားလိုရှေ့နေများသည် အကြောင်းအရာ စီရင်ပိုင်ခွင့် (subject-matter jurisdiction) အပေါ် ဆန်းစစ်လေ့လာမှုကို ဆက်လက်လုပ်ဆောင်နေပြီဖြစ်သည်။ စွပ်စွဲချက်များကို ကူညီပံ့ပိုးနိုင်ရန်အတွက် ECCHR နှင့် PIL တို့မှ ပေးပို့ထား သော များစွာသော စွပ်စွဲထားသော ရာဇဝတ်မှုများအရေအတွက်နှင့် အသေးစိတ်အချက်အလက် အဆင့်များကို ထည့်သွင်းစဉ်းစားပြီးနောက် စုံစမ်းစစ်ဆေးမှုသည် (၃) နှစ်ကျော်ကာလအတွင်း ကာလအပိုင်း (၂) တွင် ဆက်လက် တည်ရှိနေသည်ဖြစ်ရာ တရားလိုရှေ့နေများအနေဖြင့် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများသည် တရားရုံး၏ စီရင်ပိုင်ခွင့် အတွင်း ကျရောက်သည့် ရာဇဝတ်များအဖြစ် ယုံကြည်လက်ခံရန် "ယုတ္တိတန်သောအခြေခံ" တစ်ရပ်ရှိ/မရှိ စဉ်းစား ဆုံးဖြတ်ရန်အတွက် မြင့်မားသော စံအတိုင်းအတာ (အချို့သူများက အလွန်အလွန့် မြင့်မားသော စံအတိုင်းအတာကို သုံးသင့်ကြောင်း အကြံပြုသည်) ကို ကျင့်သုံးရန်

45 Office of the Prosecutor, Report on Preliminary Examination Activities 2015, 12 November 2015, paras. 26–27 (hereinafter '2015 Report on Preliminary Examination Activities') (http://www.legal-tools.org/doc/ac0ed2/) တွင် ကြည့်ပါ။

46 *Ibid*., para. 25.

အကြံပြုထားသည်။[47] မည်သို့ဆိုစေ စုံစမ်းစစ်ဆေးမှု၏ နှေးကွေး လှသော အရှိန်သည် စစ်မှန်သောတရားစွဲဆိုမှုများပြုလုပ်ရန် ပြည်တွင်းအာဏာပိုင်များအပေါ် - ဖြစ်နိုင်သမျှ အတိုင်းအတာ အရ - ဖိအားသဖွယ်ဖြစ်သော အပြုသဘော ဖြည့်စွက်မှုဖြစ်လာစေသည့် ၎င်း၏ အရည်အချင်းအပေါ် မေးခွန်း ထုတ်လာစေသည်။ အဆိုပါ စစ်မှန်သော တရားစွဲဆိုမှုများကို ICC တရားလိုရှေ့နေများမှ ဖြည့်စွက်မှုအပေါ် အလုံးစုံ ဦးတည်ထားသော ကာလအပိုင်း (၃) တွင် ထုတ်ပြန်ကြေညာသင့်ပေသည်။ သို့ရာတွင် OTP မှ မှတ်စု ပြုခဲ့သည်မှာ လက်ခံနိုင်မှုနှင့်စပ်လျဉ်းသောမေးခွန်းအား ပုံမှန်အားဖြင့် ကာလအပိုင်း (၃) ရောက်မှသာ စုံစမ်း စစ်ဆေးသည့်တိုင် ရှေ့နေချုပ်ရုံးအနေဖြင့် ဗြိတိန်အာဏာပိုင်များမှ လုပ်ဆောင်ခဲ့သည့် သက်ဆိုင်ရာပြည်တွင်း တရားစွဲဆိုမှုများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လက်ခံရရှိခဲ့ပြီး ထည့်သွင်းစဉ်းစားလျက်ရှိသည်။ ပဏာမစုံစမ်း စစ်ဆေးမှုဆိုင်ရာ ၂၀၁၅ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်အစီရင်ခံစာများတွင် မှတ်စုပြုခဲ့သည်မှာ "ရှေ့နေချုပ်ရုံး သည် အထူးသဖြင့် [IHAT] လှုပ်ရှားလုပ်ဆောင်မှုများ၏ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအပါအဝင် ပြည်တွင်းတရားစွဲဆိုမှုများကို ဗြိတိန်၌ ပြုလုပ်နေသည်ဆိုသည်ကို သတိချပ်ထားပါသည်"။[48] OTP အနေဖြင့် ဗြိတိန် အာဏာပိုင်များ၊ အပိုဒ် (၁၅) ဆက်သွယ်တိုင်တန်းချက်များ ပေးပို့သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ အပါ အဝင် ပဏာမစုံစမ်းစစ်ဆေးမှုအတွင်းလုပ်ဆောင်ခဲ့သည့်လှုပ်ရှားလုပ်ဆောင်မှုများကို အောက်တွင် အသေးစိတ် ဆွေးနွေးသွားမည်ဖြစ်သည်။

ဗြိတိန်အစိုးရမှ ပဏာမစုံစမ်းစစ်ဆေးမှုပြန်လည်ဖွင့်လှစ်သည့်အပေါ် နည်းလမ်းများစွာဖြင့် တုန့်ပြန်ဖြေ ရှင်းခဲ့သည်။ ဘန်ဆူဒါမှ ပဏာမစုံစမ်းစစ်ဆေးမှုပြန်လည်ဖွင့်လှစ်ကြောင်း ကြေညာလိုက်သည့်နေ့၌ ဗြိတိန် ရှေ့နေချုပ် ဒိုမီနစ် ဂရိဗ် ကျူစီ (Dominic Grieve QC) မှ ဗြိတိန်အနေဖြင့် ICC ၏ "အခိုင်အမာ ထောက်ခံသူ"အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊ နှင့်

[47] Author's interviews (various).

[48] 2015 Report on Preliminary Examination Activities, para. 43, see *supra* note ၄၅; 2016 Report on Preliminary Examination Activities, para. 106, see *supra* note ၉.

စုံစမ်းစစ်ဆေးသည့်အပေါ် တရားရုံးနှင့် အတူပူးပေါင်းလုပ်ဆောင်သွား မည် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။[49] သို့သော် တစ်ချိန်တည်း၌ပင် ဂရိဖ် မှ ဗြိတိန်လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် အီရတ်တွင် စနစ်တကျအကြမ်းဖက်မှုများ ပြုလုပ်ခဲ့သည်ဆိုသော စွပ်စွဲချက်ကို ငြင်းပယ်ခဲ့ပြီး ICC တွင် အကြောင်း အရာ စီရင်ပိုင်ခွင့်မရှိကြောင်း ထောက်ပြနေပုံရသည်။[50] Service Prosecuting Authority (‘SPA’)[51] မှ ဒါရိုက်တာ ဖြစ်သူ အန်ဒရူး ကေလေး ကျူစီ (Andrew Cayley QC) မှ ပြည်တွင်းတာဝန်ခံမှု လုပ်ငန်းစဉ်များရှိနေခြင်းကြောင့် ICC တရားလိုရှေ့နေများအနေဖြင့် စုံစမ်းစစ်ဆေးခြင်းအား ရှေ့ဆက်လုပ်ဆောင်နိုင်ချေ မရှိကြောင်း၊ ထို့ကြောင့် ဖြည့်စွက်မှုမူသဘောတရားသည် အလားအလာရှိသော အမှုတစ်စုံတစ်ရာအား လက်ခံမှုမပြုနိုင်ခြင်းကို ဖြစ်စေလိမ့် မည်မှာ အခိုင်အမာဖြစ်ကြောင်း ထပ်မံ၍ အကြံပြုထားသည်။[52] ဗြိတိန်အာဏာပိုင်များ၏ အခြားသောတုန့်ပြန်ချက် များကို အောက်တွင် အကျယ်တဝင့် ထပ်မံဖော်ပြထားသည်။

စွပ်စွဲထားသည့် ပြစ်မှုများကို စုစည်းဖော်ပြခြင်းမပြုမီ အကျဉ်းချုပ် မှတ်သားထားရမည်မှာ ဗြိတိန် ပြည်သူ လူထု၏ ထင်မြင်ချက်သည် ယခုစစ်ပွဲအတွင်း ကျူးလွန်ခဲ့ကြောင်း စွပ်စွဲထားသောပြစ်မှုများအပေါ် မဟုတ်ဘဲ တရားမဝင် နှင့် ဥပဒေမဲ့အဖြစ် အများလက်ခံထားသော စစ်ပွဲတစ်ခုအတွက် တာဝန်ရှိခြင်းနှင့် အများဆုံး ဆက်စပ် နေသည်ဆိုသည့်အချက်ဖြစ်သည်။ လက်ရှိ အလုပ်သမားရေးရာ ဦးဆောင်သူ ဂျေရမီ ကောဘန် (Jeremy Corbyn) အပါအဝင် များစွာသော နိုင်ငံရေးသမားများမှလည်း

---

49 Attorney General Dominic Grieve as cited in Ian Cobain, “ICC to examine claims that British troops carried out war crimes in Iraq”, in *The Guardian*, 13 May 2014.

50 *Ibid*.

51 SPA သည် စစ်ဖက်ရေးရာ အမိန့်ပေးမှုစက်ဝန်းမှ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်သည်။ SPA ၏ လုပ်ပိုင်ခွင့်အကြောင်းကို ၎င်း၏ အင်တာနက်စာမျက်နှာ တွင် ကြည့်နိုင်သည်။ ထို့ပြင်UK, the Armed Forces Act 2006 (Chapter 52), 8 November 2006, which addresses issues relating to jurisdiction, offences, modes of liability, investigation and prosecution (https://www.legal-tools.org/en/doc/73ec98/) တွင်လည်း ကြည့်နိုင်သည်။

52 Andrew Cayley as cited in Ian Cobain, “ICC to examine claims that British troops carried out war crimes in Iraq”, in *The Guardian*, 13 May 2014, see *supra* note ၄၉.

တိုနီ ဘလဲ (Tony Blair) အား အီရတ်နိုင်ငံသို့ တရားမဝင် ဝင်ရောက်မှုအတွက် တရားစွဲဆိုပေးရန် တောင်းဆိုခဲ့ကြသည်။[53] တစ်ဖက်တွင် နိုင်ငံသားအချို့မှလည်း အီရတ်တွင် ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများအတွက် တာဝန်ရှိသူများကို တရားစွဲဆိုပေးရန် တောင်းဆိုခဲ့ကြ သည်။[54] အမှန်တွင် အောက်တွင်အသေးစိတ်ဖော်ပြပေးထားမည့်အတိုင်းပင် လွှတ်တော် ကိုယ်စားလှယ်များနှင့် အစိုးရ အရာရှိများသည် အဖွဲ့အစည်းများထံ လျှောက်ထားမှုများတင်သွင်းသော လူပုဂ္ဂိုလ်များကို ဖော်ပြခြင်း မပြုဘဲ စွပ်စွဲချက်များကို ဖြေရှင်းရန်အတွက်သတ်မှတ်ထားသည့် ဥပဒေလုပ်ငန်းစဉ်များအပေါ် သိသိ သာသာ ဆန့်ကျင်သောအနေအထားများ မကြာခဏ ပြုလုပ်လေ့ရှိသည်။

အထက်ဖော်ပြပါအကျိုးဆက်၏ တစ်စိတ်တစ်ပိုင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ဘလဲ(Blair)အား အီရတ်သို့ တရားမဝင် ဝင်ရောက်မှုအပေါ် တရားစွဲဆိုရန်လိုအပ်ကြောင်းကို အကိုးအကားပြုကာ အီရတ်/ယူကေ ပဏာမစုံစမ်းစစ်ဆေးမှုအကြောင်းဖော်ပြသော နိုင်ငံရေးသမားများ နှင့် ဗြိတိန်မီဒီယာတို့၏ ဖော်ပြချက်များတွင် စစ်ပွဲတစ်ခု၏ တရားဝင်မှုကို စစ်ဆေးနိုင်သည့် ICC ၏ အရည်အချင်း

[53] ဥပမာ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် Tony Blair အီရတ်အရေးနှင့်ပတ်သက်၍ ပါလီမန်အား လှည့်ဖြားသည်ဟူသော စွပ်စွဲချက်အဆိုပြုလွှာတစ်ခုကို ပါလီမန်မှ မဲခွဲဆုံးဖြတ်ခဲ့သည်။ (၄၃၉ မဲတွင် မဲ ၇၀ ဖြင့် အဆိုပြုလွှာမှာ ရှုံးနိမ့်ခဲ့သည်)၊ Andrew Sparrow, "MPs vote down motion accusing Blair of misleading them over Iraq by majority of 369 - Politics live", in *The Guardian*, 30 November 2016 တွင်ကြည့်ပါ။ ယခုအခန်းရေးသားနေချိန်တွင် ယခင် အီရတ်ဗိုလ်ချုပ်ဟောင်းဖြစ်သူ Abdulwaheed al-Rabbat မှ Blair အား ဗြိတိန်၌ ကျူးကျော်ရန်စမှုကျူးလွန်မှုအတွက် စစ်ဆေးအပြစ်ပေးပါရန် တောင်းဆိုထားသည့် အမှုအား တရားရုံးချုပ်ရှေ့မှောက်တွင် ဆိုင်းငံလိုက်သည်။ Owen Bowcott, "Tony Blair should be prosecuted over Iraq war, high court hears", in *The Guardian*, 5 July 2017 တွင် ကြည့်ပါ။

[54] အီရတ်ရှိ စစ်ရာဇဝတ်မှုများဆိုင်ရာ တရားစွဲဆိုမှုများအတွက် နိုင်ငံရေးထောက်ခံမှုမှာ အလွန်ကန့်သတ်ချက်ဖြင့် ရှိနေသော်လည်း Corbyn မှ အထက်တန်းစား SAS တပ်ရင်းမှ အဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်ပြည်သူများအား သတ်ဖြတ်ခဲ့သည်ဟူသော စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးပေးရန် တောင်းဆိုခဲ့သည်မှာ မှတ်သားဖွယ်ဖြစ်သည်။ *The Sun*, Natasha Clark, "'Risking our rep': Jeremy Corbyn demands investigation into claims SAS soldiers executed dozens of unarmed Afghan civilians and covered up the killings", in *The Sun*, 3 July 2017 တွင်ကြည့်ပါ။

နှင့်စပ်လျဉ်းပြီး မှားယွင်းသော ထင်မြင်ယူဆ ချက်များ မကြာခဏဆိုသလို ဖော်ပြလေ့သည်။[55] ဗြိတိန်လူပြိန်းကြိုက်သတင်းစာ The Telegraph တွင် ထင်ယောင် ထင်မှားဖြစ်စေနိုင်သည့် ဆောင်းပါးတစ်ခုပါရှိပြီးနောက် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ပြုလုပ်ခဲ့သော သတင်းစာ ရှင်းလင်းပွဲတစ်ခု၌ ရှေ့နေချုပ် ဘန်ဆူဒိုမှ '၂၀၀၃ ခုနှစ်တွင် အီရတ်၌ ဗြိတိန်နှင့် အခြားနိုင်ငံများမှ အင်အားသုံး ဖြေရှင်းမှု အပေါ် တရားမဝင်ဖြစ်နိုင်ချေရှိမှုသည် ICC မှ ဖြေရှင်းနိုင်သော ကိစ္စတစ်ခုမဟုတ်ကြောင်း၊ အကြောင်းမှာ ကျူးကျော်ရန်စမှုသည် လက်ရှိတွင် တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်နေခြင်း မရှိခြင်းကြောင့်ဖြစ်သည်' ဟု ဖော်ပြခဲ့သည်။[56]

## ၃.၂. စွပ်စွဲထားသော ပြစ်မှုများ

အီရတ်/ယူကေ ပဏာမစုံစမ်းစစ်ဆေးမှုတွင် အဓိကအားဖြင့် စစ်ရာဇဝတ်မှု အမျိုးအစား (၂) မျိုးအား စုံစမ်း စစ်ဆေး ခြင်း ပါဝင်သည်။ ၎င်းတို့မှာ (၁) ထိန်းသိမ်းခံရသူများအား အကြမ်းဖက်မှုများ (ညှင်းပန်းနှိပ်စက်ခြင်းနှင့် အခြား နှိပ်စက်ခြင်းပုံစံများ၊ မုဒိန်းကျင့်ခြင်း နှင့် အခြား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပုံစံများ)၊ နှင့် (၂) တရားမဝင် သတ်ဖြတ်ခြင်းများ ဖြစ်ကြသည်။[57]

---

55 ထိုကဲ့သို့ တောင်းဆိုမှုများကို အတိုက်အခံခေါင်းဆောင် Jeremy Corbyn နှင့် စကော့တလန်အမျိုးသားပါတီ ခေါင်းဆောင် Alex Salmond တို့မှလည်း တောင်းဆိုခဲ့သည်။ Mark Kersten, "Confused Partisan Bluster won't Bring Blair to Justice – Or Serve Accountability in Iraq", *Justice in Conflict*, 26 May 2016 တွင်ကြည့်ပါ။

56 Bensouda မှ မှတ်စုပြုခဲ့သည်မှာ Telegraph တွင်ပါရှိသည့် ဆောင်းပါးသည် "အီရတ်အခြေအနေနှင့် ပတ်သက်ပြီး ကျွန်တော့်ရုံးမှ လုပ်ဆောင်နေဆဲ ပဏာမစုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်းပြီး မတိကျမရေရာတဲ့ သတင်းအချက်လက်များ ဖြန့်ဝေလိုက်တာဟာ ပိုမိုဆိုးရွားစေခဲ့တယ်"။ OTP, "Statement of the Prosecutor correcting assertions contained in article published by The Telegraph", 4 July 2016 https://www.legal-tools.org/doc/74578d/ တွင် ကြည့်ပါ။

57 ပဏာမစုံစမ်းစစ်ဆေးမှုလုပ်ဆောင်ချက်များဆိုင်ရာ ၂၀၁၅ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်မှာ ECCHR နှင့် PIL တို့သည်လည်း မျှတသောတရားခွင် စံနှုန်းများ အား လေးစားလိုက်နာရန် ပျက်ကွက်ခြင်းနှင့်ပတ်သက်ပြီး စွပ်စွဲချက်များ တင်သွင်းခဲ့ကြကြောင်း၊ မှတ်သားရသည်မှာ "ထိန်းသိမ်းခံရသူ ၈၈ ဦးအား ၎င်းတို့အဆင့်အတန်းကို Geneva Convention III ပါ အပိုဒ် ၅ နှင့်အညီ စီရင်ပိုင်ခွင့်ရှိသည့်တရားရုံးမှ မသတ်မှတ်ခြင်းမပြုခင်အချိန်အထိ Geneva Convention III အရ ကာကွယ်ခွင့် ရပိုင်ခွင့်ရှိကြသည်"။ 2015 Report on Preliminary Examination Activities, para. 37, see *supra* note ၄၅ တွင်ကြည့်ပါ။ ၂၀၁၆

ပထမအမျိုးအစား ချိုးဖောက်မှုများနှင့်ပတ်သက်၍ ECCHR နှင့် PIL တို့မှ စွပ်စွဲထားသော ဗြိတိန်တပ်ဖွဲ့များသည် ၎င်းတို့ တပ်ဖြန့်ကျက်လိုက်သည့် ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ် တလျှောက်လုံးတွင် အီရတ် နယ်နိမိတ်တစ်ခုလုံးရှိ "ကွဲပြားခြားနားသော ဗြိတိန်ထိန်းချုပ်မှုအောက်ရှိ အဆောက်အအုံများတွင် ရှိနေသည့် ရာပေါင်းများစွာသော ထိန်းသိမ်းခံရသူများအား စနစ်တကျ အကြမ်းဖက်မှုများ" ပြုလုပ်ခဲ့သည်ဆိုသည့် စွပ်စွဲချက်များကို တရားလိုရှေ့နေမှ စစ်ဆေးလေ့လာထားသည်။[58] ပဏာမစုံစမ်းစစ်ဆေးမှုများဆိုင်ရာ ၂၀၁၆ ခုနှစ် အစီရင်ခံစာ အရ စွဲဆိုထားသော အကြမ်းဖက်မှုများတွင် အီရတ်ထိန်းသိမ်းခံရသူများ စုစုပေါင်း ၁၀၇၁ ဦး ပါဝင်နေပြီး ၎င်းတို့ အထဲမှ ၈၃၁ ဦးနှင့်ဆက်စပ်သော ဖြစ်စဉ်များကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် ရှေ့နေချုပ်ရုံးမှ "စွပ်စွဲချက်များ၏ ယုံကြည်ကိုးစားနိုင်မှုကို အကဲဖြတ်သုံးသပ်ရန်နှင့် ပြစ်မှုကျူးလွန်မှုပုံစံများကို ဖော်ထုတ်နိုင်ရန် အလို့ငှာ" လေ့လာ သုံးသပ်ခဲ့သည်။[59] ရှေ့နေချုပ်ရုံးအနေဖြင့် မကြာခဏ အများဆုံးတွေ့ရတတ်သော အကြမ်းဖက်မှု နည်းလမ်းများကို အကျဉ်းချုပ်ဖော်ပြခဲ့ပြီး ၎င်းတို့တွင် ရိုက်နှက်ခြင်းများ နှင့် အခြားရိုက်နှက်မှုပုံစံများ၊ လက်ထိပ် ခတ်ခြင်း နှင့် အခြား ကန့်သတ်မှုပုံစံများ၊ အာရုံခံစားမှုချို့ယွင်းအောင်ပြုခြင်း၊ အာရုံခံစားမှု လွန်ကဲအောင်ပြုခြင်း၊ အဝတ်အစား ချို့တဲ့ ခြင်း၊ အစားအစာ ချို့တဲ့ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ချို့တဲ့ခြင်း၊ ပုဂ္ဂိုလ်ရေး လွတ်လပ်မှု ဆုံးရှုံးခြင်း၊ အိပ်ချိန် ချို့တဲ့ခြင်း၊ အိမ်သာအသုံးအဆောင် ချို့တဲ့ခြင်း၊ သောက်သုံးရေ ချို့တဲ့ခြင်း၊ အတင်းအကျပ် လုပ်အားခိုင်းစေခြင်း၊ ခက်ခဲကြမ်းတမ်းသော ပတ်ဝန်းကျင်တွင် ထားခြင်း၊ အတင်းအကျပ် မရွေ့ပြောင်းစေခြင်း နှင့်/သို့မဟုတ် အသံတိတ် နေစေခြင်း၊ ကာလရှည်ကြာ တိုက်ပိတ်အကျဉ်းချထားခြင်း/သီးခြားခွဲထားခြင်း၊ စိတ်ဖိစီးမှုပေးခြင်းများ၊ လိင်ပိုင်း ဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အရှက်ရအောင်ပြုခြင်း/အခြား လိင်ပိုင်းဆိုင်ရာ စော်ကားမှုပုံစံများ၊ ကျဉ်စက်ဖြင့် နှိပ်စက်ခြင်း နှင့် မီးရှို့ခြင်း၊ ဆိုင်းငံ့ပိတ်ပင်ထားခြင်း၊ ရေကို အသုံးပြုနည်းများ/ ရေဖြင့် ညှဉ်းပန်း နှိပ်စက်ခြင်း၊ စိတ်ပျက်အားငယ်စေခြင်း၊ ခြိမ်းခြောက်ခြင်းများ၊ ဘာသာရေးနှင့်

အစီရင်ခံစာတွင် ရှေ့နေချုပ်ရုံးမှ ထိုစွပ်စွဲချက်များကို တက်ကြွစွာ စုံစမ်းစစ်ဆေးနေကြောင်း ထင်မြင်ချက်မပါရှိပေ။

[58] *Ibid*., para. 33.

[59] 2016 Report on Preliminary Examination Activities, para. 89, see *supra* note ၉.

ယဉ်ကျေးမှုဆိုင်ရာ အရှက်ရအောင် ပြုခြင်း၊ နှင့် နှုတ်ဖြင့် အကြမ်းဖက်မှုများ ပါဝင်သည်။[60] ရှေ့နေချုပ်ရုံးသည် အမျိုးသား ထိန်းသိမ်းခံရသူ ၂၁ ဦး၏ မုဒိန်းမှုစွပ်စွဲချက်များ အတွက် စစ်ဆေးမေးမြန်းခဲ့ပြီး အခြား အမျိုးသား ထိန်းသိမ်းခံရသူ ၁၃၅ ဦး၏ အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပုံစံများအတွက် စစ်ဆေးမေးမြန်းခဲ့သည်။[61]

ဒုတိယအမျိုးအစား အကြမ်းဖက်မှုနှင့် ပတ်သက်၍ တရားလိုရှေ့နေသည် ECCHR နှင့် PIL တို့ တောင်းဆို ထားသော စွဲဆိုမှုများတွင် ပါဝင်သည့် မတရားသတ်ဖြတ်ခြင်းဆိုင်ရာ အမှုပေါင်း ၃၁၉ မှု ကို စုံစမ်းစစ်ဆေးပြီး ၎င်းတို့အထဲမှ အမှု ၂၆၇ မှုသည် ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းတို့နှင့်မသက်ဆိုင်သော စစ်ဆင်ရေး ပြုလုပ်နေစဉ်အတွင်း ဖြစ်ပွားခဲ့သည်။[62] ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအထိ ရှေ့နေ ချုပ်ရုံးသည် အဆိုပါစွပ်စွဲချက်နှင့် သက်ဆိုင်သည့် အမှုပေါင်း ၂၀၄ မှုကို လေ့လာဆန်းစစ်ခဲ့သည်။[63] ပဏာမစုံစမ်းစစ်ဆေးမှုများဆိုင်ရာ ၂၀၁၆ ခုနှစ် အစီရင်ခံစာအရ စွပ်စွဲထားသော မတရားသတ်ဖြတ်မှု အများစုအား "ဗြိတိန်တပ်ဖွဲ့များ၏ သမာရိုးကျစစ်ဆင်ရေး သို့မဟုတ် သောင်းကျန်းသူနှိမ်နှင်းရေး စစ်ဆင်ရေးများတွင် ကျူးလွန်ခဲ့ကြဟန်ရှိသည်"။[64]

ပဏာမစုံစမ်းစစ်ဆေးခြင်းများဆိုင်ရာ အစီရင်ခံစာများတွင် ပြစ်မှုအမျိုးအစား (၂) ရပ်လုံးကို ဦးတည်ထား သော်လည်း ရှေ့နေချုပ်ရုံးအနေဖြင့် ပထမစွပ်စွဲချက်အမျိုးအစား (၎င်းမှာ ထိန်းသိမ်းခံရသူများအား အကြမ်းဖက် ခြင်း)ကိုသာ အဓိကဦးတည်နိုင်ချေရှိသည်။ ထိုသို့ဖြစ်ရခြင်း၏ တစ်စိတ်တစ်ပိုင်းမှာ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဥပဒေအရ "သတ်ဖြတ်မှုတိုင်းသည် ဖွဲ့စည်းပုံဥပဒေအရ

[60] စွပ်စွဲထားသည့်အခြားညှင်းပန်းနှိပ်စက်မှုပုံစံများတွင် အတင်းအကျပ်(မလိုအပ်ဘဲ) ဆေးဝါးကုသခြင်း၊ စုပေါင်းပြစ်ဒဏ်ပေးခြင်း၊ အတင်းအကျပ်ခိုင်းစေခြင်း၊ အိပ်ယာထိုင်ခင်းမလုံလောက်ခြင်း၊ ငြုပ်ကောင်းစပရေးသုံးခြင်း၊ နှင့် အတင်းအကျပ် အစာကျွေးခြင်း၊ စသည်တို့ပါဝင်သည်။ See *ibid*., para. 91.

[61] *Ibid*., paras. 93–94.

[62] *Ibid*., para. 95.

[63] *Ibid*., para. 96.

[64] *Ibid*.

ပြစ်မှုတစ်ခုအဖြစ် အသေအချာ မရောက်ရှိနိုင်" ခြင်းကြောင့်ဖြစ်သည်။[65] ထို့ပြင် ထိန်းသိမ်းခံရသူများအား ညှင်းပန်းနှိပ်စက်ခြင်းနှင့် အခြားနှိပ်စက် သောပုံစံများသည် တစ်ဖက်တွင် ယင်းတို့မှာ အတိအကျတားမြစ်ထားသော်လည်း အကယ်၍ အရေအတွက် အများအပြား ကျူးလွန်ထားကြောင်း တွေ့ရှိရပါမူ ဖြစ်နိုင်ချေမှာ "စနစ်ချို့ယွင်းမှု" ၏ ရလာဒ်ကြောင့်လည်း ဖြစ်နိုင် ချေရှိသည်၊ သို့တည်းမဟုတ် PIL နှင့် ECCHR တို့ စွပ်စွဲထားသကဲ့သို့ စစ်တပ် သို့မဟုတ် နိုင်ငံရေး ဦးဆောင်မှု၏ တမင်သက်သက် မူဝါဒတစ်ခုကြောင့်လည်း ဖြစ်နိုင်ချေရှိသည်။[66] ရှေ့နေချုပ်ရုံးသည် ထိန်းသိမ်းခံရသူများ အပေါ် နှိပ်စက်ခြင်းများကို အဓိကထား ဦးတည်သည့်အခိုက် ၎င်းသည် ယခုအခါ ထိန်းသိမ်းခံရသူများ အကြမ်းဖက်ခြင်းကို အကြီးအကျယ် ရှုံ့ချကြသော လူထု၏ ခံယူချက်များနှင့် ပိုမို ကိုက်ညီမှုရှိစေနိုင်ပြီး အဖမ်းခံရသူများမှာ ရုတ်တရက် ခြိမ်းခြောက်ခံရမှုများကို ရင်ဆိုင်ရတော့မည်မဟုတ်ဘဲ ထိန်းသိမ်းခြင်းဆိုင်ရာ အခွင့်အာဏာသည်လည်း ထိန်းချုပ်မှု အောက်တွင် ရှိနေပြီဖြစ်သည်။ တဖက်တွင်လည်း အနည်းဆုံး တိုက်ပွဲအနေအထားများ၏ ပြင်းထန်သော ဖိအား ပေးမှုနှင့် ပရမ်းပတာဖြစ်မှုများအတွင်း "သေနတ်မောင်းအား အလျှင်အမြန်ဆွဲချခြင်း" အတွက် "၁၈ နှစ်အရွယ် ကောင်လေးများ" အား ဖြိတိန်၍ တရားစွဲဆိုခြင်းကိစ္စအတွက် စာနာစိတ်နည်းပါးမှုများရှိနေလိမ့်မည် ဖြစ်သည်။[67]

ECCHR နှင့် PIL တို့၏ တင်သွင်းချက်တွင် ခိုင်မာစွာ အကြံပြုထားသည်မှာ ထိန်းသိမ်းခံရသူများအား အကြမ်းဖက်မှုသည် စနစ်တကျ ကျူးလွန်ထားခြင်းဖြစ်ပြီး ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှုသည် "အမိန့်ပေး ကွင်းဆက် သွားရာ လမ်းကြောင်းအားလုံးမှသည် စစ်ဦးစီးချုပ်အထိ သက်ရောက်နိုင်သည်" ဟု ချေပထားသည်။[68] တင်သွင်းချက်တွင်ယခင် ကာကွယ်ရေးဝန်ကြီး အဒမ် အင်ဂရမ် (Adam

[65] *Ibid*.

[66] *Ibid*., para. 89.

[67] Author's interviews (various).

[68] ထပ်မံမှတ်သားရသည်မှာ "ဖမ်းဆီးစဉ်နှင့် ယာယီထားရှိစဉ်အချိန်များတွင် ထိန်းသိမ်းခံရသူများအား ကျူးလွန်ခဲ့သည့် ဥပဒေနှင့်မညီသော ဆက်ဆံမှုများမှာ စနစ်တကျကျူးလွန်ခဲ့ကြောင်း ရရှိလာသည့်သက်သေအထောက်အထားများမှ အခိုင်အမာ ဖော်ပြနေသည်။ ၎င်းသည် မြေပြင်မှာ

Ingram) နှင့် ကာကွယ်ရေး အတွင်းရေးမှူးချုပ် ဂျက်ဖ် ဟွန်းန် (Geoff Hoon) တို့အား ပြစ်မှုများအတွက် တာဝန်အရှိဆုံး အကြီးတန်း ပုဂ္ဂိုလ်များ ဖြစ်ကြောင်း သီးခြားအမည်တပ်ဖော်ပြထားပြီး ၎င်းတို့သည် "အီရတ်ရှိ ဗြိတိန်တပ်ဖွဲ့များမှ အီရတ်ထိန်းသိမ်းခံရသူများအား အကြမ်းဖက်နေခြင်းအပေါ် သတင်းအချက်အလက်များ သိရှိပြီးဖြစ်ခြင်း သို့မဟုတ် သိလျက်နဲ့ မသိကျိုးကျွံ ပြုနေခြင်း တို့ကြောင့်ဖြစ်သည်"။[69] ECCHR နှင့် PIL တို့၏ တင်သွင်းချက်များတွင် အကြံပြုထားသည်မှာ အီရတ်တွင် စစ်ကြောရေးပြုလုပ်ခြင်းနည်းလမ်းများနှင့် သက်ဆိုင်သော အသေးစိတ် စည်းမျဉ်းဥပဒေများ သိသာစွာ ရှိမနေပေ။ "အမှန်အားဖြင့် စစ်ကြောရေးဆိုင်ရာကန့်သတ်ချက်များကို စစ်ကြောရေးတွင်ပါဝင်သူများအား လေ့ကျင့်သင်တန်းပေးရာတွင် တာဝန်ရှိသော ပုဂ္ဂိုလ်များမှ သတ်မှတ်ပေးရသည်"။[70] စစ်ကြောရေးတွင်ပါဝင်သူများစွာသည် အီရတ်သို့ တပ်ဖြန့်ချထားခံရခြင်းမတိုင်မီ အရေးကြီးသော အကြောင်းအရာကဏ္ဍများ မပါဝင်ဘဲ (၂) ပတ်ကြာ အများအမြင်အရ အမည်ခံ သင်တန်းတစ်ခုကိုသာ ရရှိခဲ့ကြသည်။[71]

---

လူအပြောင်းအလဲများဖြစ်နေ သော်လည်း ဗြိတိန်စစ်သားများမှ အကြမ်းဖက်သော၊ ဂုဏ်သိက္ခာထိခိုက်စေသော ဆက်ဆံမှုများကို ဆက်လက်ပြုမူနေပုံရသည်။" ECCHR and PIL January 2014 communication, p. 169, see *supra* note ၄၂.

69 မှတ်သားရသည်မှာ "အချို့သောထိန်းသိမ်းခံရသူများ သေဆုံးမှုတွင် စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း ယုံကြည်လုံလောက်သည့် သက်သေ အထောက် အထားများရှိနေပြီး စစ်ရာဇဝတ်မှု ကျူးလွန်နိုင်ချေရှိသည့် ထင်ရှားသည့် အနေအထားအခြေအနေကိုပြသနေသည့်သက်သေအထောက်အထားများ ရှိခဲ့သော် ငြားလည်း သူတို့သည် ဆိုးရွားပြင်းထန်သော ညှင်းပန်း နှိပ်စက်မှုများနှင့်စပ်လျဉ်းသည့် အကြောင်းကြားစာအား သိလျက်နှင့်သော်လည်းကောင်း၊ သို့မဟုတ် တမင်တကာပေါ့ပေါ့ဆဆဖြင့်လည်းကောင်း မထုတ်ခဲ့ပေ။" *Ibid.*, p. 198 (and further pp. 186–99 on the allegations against Hoon, Ingram and other senior figures in the MoD).

70 *Ibid.*, p 22.

71 Author's interviews (various)၊ ထိုအကြောင်းအရာနှင့် လုံလောက်သော သင်တန်းပေးရန် ပျက်ကွက်ကြောင်း စွပ်စွဲခံရသူများအတွက် ပြစ်မှုကြောင်း ဆိုင်ရာတာဝန်ရှိမှုအကြောင်းနှင့်စပ်လျဉ်းပြီး Baha Mousa စုံစမ်းစစ်ဆေးမှု တွေ့ရှိချက်များ အကျဉ်းချုပ်ကို ECCHR and PIL January 2014 communication, pp. 172–76, see *supra* note ၄၂ တွင်ထပ်မံကြည့်နိုင်သည်။ IHAT မှ ပေးပို့လာသော အမှုတစ်ခုတွင် စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးအား စုံစမ်းစစ်ဆေးမှုပြုလုပ်နေစဉ် 'ကြမ်းတမ်းနှိပ်စက်မှု' ပြုခြင်းအတွက် တရားစွဲဆိုခြင်းကို ဆန့်ကျင်ကြောင်း SPA မှ ဆုံးဖြတ်ခဲ့သည်။ အကြောင်းမှာ တရားစွဲဆိုမှု

ရှေ့နေချုပ်ရုံးအနေဖြင့် ကျူးလွန်သော ပြစ်မှုများမှာ စစ်တပ် သို့မဟုတ် နိုင်ငံရေး ဦးဆောင်မှုမှ သို့မဟုတ် ပျက်ကွက်မှုများမှ ရလာသော စီမံကိန်းများ သို့မဟုတ် မူဝါဒများ၊ တိုက်ရိုက်အမိန့်များ၏ အကျိုးဆက်များ ဖြစ်ခြင်း/ မဖြစ်ခြင်းအပေါ် စုံစစ်စစ်ဆေးမှု ပြု/မပြု၊ နှင့် စုံစမ်းစစ်ဆေးမှု ပြုခဲ့ပါကလည်း မည်သို့ပြုလုပ်ခဲ့သည်တို့ကို OTP ၏ တရားဝင်အစီရင်ခံစာများတွင် ရှင်းလင်းထားခြင်းမရှိပေ။ ဆြာ ဝီလျံဂိတ် Sir William Gage မှ ဘာဟာ မိုဆာ (Baha Mousa) ၏ စုံစမ်းစစ်ဆေးမှု[72]တွင် တွေ့ရှိခဲ့သည်မှာ

အောင်မြင်နိုင်မှုမှာ "သံသယထားခံရသော စစ်သားများအား သင်တန်းပေးရမည်ဆိုသည့်အချက်ဖြင့် ရှုပ်ထွေးသွားနိုင်ချေရှိပြီး၊ "ဆုံးဖြတ်ချက်သည် နည်းဗျူဟာ များအား မည်ကဲ့သို့ကောင်းမွန်အောင်အသုံးပြုသည်မှာ စစ်ဆေးမေးမြန်းသူနှင့်သက်ဆိုင်သည်ဆိုသော်လည်း ၎င်းသင်တန်းပေးထားသည့် နည်းဗျူဟာများနှင့် အညီ ဖြစ်နိုင်ချေရှိသည်။ *Ibid*., p. 233 (citing to a letter from the SPA to the lawyers representing the victim, namely PIL) ၊ စုံစမ်းရေးမှူးများအား သင်တန်းပေးခြင်းအပေါ် Commons Defence Sub-Committee မှ အောက်ပါအတိုင်း မှတ်စုပြုခဲ့သည် " အီရတ်အချုပ်သားများအပေါ် ဗြိတိန်စစ်တပ်ဖွဲ့ဝင်များ မှ အကြမ်းဖက်မှုကျူးလွန်သည့် ဖြစ်ရပ်များရှိခဲ့သည်မှာ အငြင်းမပွားနိုင်ပေ။ သို့သော် ၎င်းသည် စစ်ဖက် စုံစမ်းရေးမှူးများအား သင်တန်းပေးခဲ့မှုမှာ မလုံလောက်ခြင်းကြောင့် တစ်စိတ်တစ်ပိုင်းကြောင့်ဖြစ်နိုင်ပြီး ၎င်းတို့အား အစားထိုးခဲ့ခြင်းတို့ကြောင့် ၎င်းတို့၏ လုပ်ဆောင်မှုတွင် မရည်ရွယ်ဘဲ Geneva Convention ကို ချိုးဖောက်နိုင်သည့် အန္တရာယ်ဖြစ်စေနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုအချက်ကိုအခြေခံ၍ Committee မှ "စစ်ကြောရေးအတွက် သင်တန်းအချက် အလက်များတွင် သတင်းအချက်အလက်များပါဝင်ခဲ့ကြောင်း၊ ထိုအချက်အလက်များအား ပြည်တွင်း သို့မဟုတ် နိုင်ငံတကာဥပဒေနယ်ပယ်မှမဟုတ်သော စစ်သားများမှ သတ်မှတ်ပေးပို့နိုင်ကြောင်း ဝန်ခံချက်သည် အမြင့်ဆုံးစနစ်တစ်ခု၏ အားနည်းချက်ကို ကိုယ်စားပြုနေသည်" ဟု နိဂုံးချုပ်ခဲ့သည်။ House of Commons Defence SubCommittee, Who guards the guardians? MoD support for former and serving personnel: Sixth Report of Session 2016–17, 10 February 2017, paras. 83, 86 (hereinafter 'February 2017 report by House of Commons Defence Committee') (https://www.legal-tools.org/doc/7a0253/) တွင်ကြည့်ပါ။

72 Inquiries Act အရ ဖွဲ့စည်းခဲ့သည့် အယူခံတရားရုံးချုပ်တရားသူကြီးဟောင်း Sir William Gage မှ ဦးဆောင်ခဲ့သည့် Baha Mousa စုံစမ်းစစ်ဆေးမှု၏ ဦးတည် ချက်မှာ "Baha Mousa သေဆုံးမှုနှင့် ၎င်းနှင့်အတူထိန်းသိမ်းခံကသူများအား ဆက်ဆံမှုနှင့်စပ်လျဉ်းသည့် အခြေအနေများအား စုံစမ်းစစ်ဆေးရန်နှင့် အစီရင်ခံ တင်ပြရန်ဖြစ်ပြီး အထူးသဖြင့် ထိန်းသိမ်းခံရသူများအား ပြုမူဆက်ဆံသည့်နည်း များကို ခွင့်ပြုချက်ပြုခဲ့ကြသော ၂၀၀၃ ခုနှစ်၊ အီရတ်တွင် တာဝန် ထမ်းခဲ့ ကြသည့် Queen's Lancashire Regiment ၏ ပထမတပ်ရင်းမှ အဖွဲ့ဝင်များ၏ တာဝန်ရှိ မှုအပါအဝင် ယခင်ပြုလုပ်ခဲ့သည့် စုံစမ်းစစ်ဆေးမှုများကို ထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။ The National Archives, "The Baha Mousa Public Inquiry" (available on the Archives' web site) တွင်ကြည့်ပါ။

"နည်းဗျူဟာ (၅) ရပ်" ဖြစ်သော ခေါင်းစွပ်ပြီး ညှင်းပန်း နှိပ်စက်ခြင်း (hooding)၊ အသံတစ်ခုတည်း ဆက်တိုက်သုံးကာ နှိပ်စက်ခြင်း (white noise)၊ အစားအသောက် ချို့တဲ့ခြင်း၊ နာကျင်ဖွယ် စိတ်ဖိစီးမှုအနေအထားများ ဖြစ်စေခြင်း၊ နှင့် အိပ်ချိန်ချို့တဲ့စေခြင်းများ အသုံးပြုခြင်းကို စစ်ကြောရေးဆိုင်ရာ လမ်းညွှန်ချက်များတွင် တားမြစ်ထားသော်လည်း အီရတ်တွင် "ထိုမူသဘောတရားမှာ တဖြည်းဖြည်း ပျောက်ကွယ်မှု" ရှိခဲ့ကြောင်း[73]၊ ထိုကိစ္စမှာ MoD (ကာကွယ်ရေးဝန်ကြီးဌာန) ရှိ "အဖွဲ့အစည်း ရှုံးနိမ့် မှု" (corporate failure) တစ်ခုအဖြစ် ဖော်ပြနေသည်။[74] ဗြိတိန်စစ်တပ်မှ ယခင် မြောက်အိုင်ယာလန်ကမ်ပိန်းတွင် အသုံးပြုခဲ့သည့် ဖော်ပြပါ နည်းဗျူဟာ (၅) ရပ်အား ဗြိတိန်အစိုးရသည် ၁၉၇၀ အစောပိုင်း နှစ်များကတည်းက တားမြစ်ထားခဲ့ပြီးဖြစ်သည်။[75] လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး ('ECtHR') မှလည်း "နည်းဗျူဟာ (၅) ရပ်" သည် လူသားမဆန်သော၊ လူ့ဂုဏ်သိက္ခာထိခိုက်စေသော ဆက်ဆံမှုအပေါ် တားမြစ်ထားသော သဘောတူညီချက် အပိုဒ် (၃) ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။[76] ထို့ပြင် မကြာသေးမီက အထက်လွှတ်တော် (House of Lords) မှလည်း ထိုကဲ့သို့ ပြုမူဆောင်ရွက်ခြင်းအား ယခုအခါ

[73] Right Honourable Sir William Gage, *The Report of the Baha Mousa Inquiry*, vol. II, 2011, The Stationery Office, London, part IV, chap. 10, para. 4.174 (http://www.legaltools.org/doc/8b8421/) တွင်ကြည့်ပါ။

[74] *Ibid*.; and the Right Honourable Sir William Gage, The Report of the Baha Mousa Inquiry, vol. I, 2011, The Stationery Office, London, part II, chap. 21, para. 2.1551 (http://www.legal-tools.org/doc/acafaa/) တွင်ကြည့်ပါ။ Defence Sub-Committee ရှေ့ကြားနာမှုတွင် Peter Ryan မှ "MoD သည် အချို့သော နည်းဗျူဟာများကို တားမြစ်ခဲ့ကြောင်းဆိုသည့် 'အချက်ကို ဆုံးရှုံးခဲ့ကြောင်း' နှင့် '၁၉၇၀ ခုနှစ် နှင့် ၂၀၀၃ ခုနှစ်အကြား' တစ်နေရာရာတွင် ဆုံးရှုံးခဲ့ကြောင်း ဝန်ခံခဲ့သည်" ။ February 2017 report by House of Commons Defence Committee, para. 85, see *supra* note ၇၁ တွင်ကြည့်ပါ။

[75] ၁၉၇၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ဝန်ကြီးချုပ် Ted Health မှ အစိုးရအနေဖြင့် "ကော်မတီမှ စစ်ဆေးခဲ့သည့် နည်းဗျူဟာများကို စစ်ကြောရေးအထောက် အကူပြုအဖြစ် နောင်တွင် အသုံးမပြုရန် ဆုံးဖြတ်ခဲ့ကြောင်း" ဗြိတိန်အောက်လွှတ်တော်၌ ပြောကြားခဲ့သည်။ As cited in ECCHR and PIL January 2014 communication, p. 16, see *supra* note ၄၂.

[76] ECHR, Ireland v. UK, 18 January 1978, Series A no. 25.

ညှဉ်းပန်းနှိပ်စက်မှုဖြစ်စေသည်ဟု သတ်မှတ်ထား သည်မှာ "ဖြစ်ကောင်းဖြစ်နိုင်ကြောင်း" အကြံပြုခဲ့သည်။[77]

SPA ၏ ဒါရိုက်တာ အန်ဒရူး ကေလေ ကျူစီ (Director Andrew Cayley QC) မှ ၎င်းအနေဖြင့် "နည်းဗျူဟာ (၅) ရပ်" သို့မဟုတ် ဂျီနီဗာသဘောတူညီချက်များကို ချိုးဖောက်မှုဖြစ်စေနိုင်သည့် အခြားစစ်ကြောရေးနည်းဗျူဟာ တစ်စုံတစ်ရာအား အီရတ်စစ်ပွဲတွင် တရားဝင်ခွင့်ပြုထားကြောင်း အထောက်အထားများ မတွေ့ရှိခဲ့ကြောင်း၊ "နည်းဗျူဟာ (၅) ရပ်အား MoD မှ မည်သည့်အခါမျှ ခွင့်မပြုခဲ့ပေ။ [ထို့ပြင်] ကျွန်ုပ်အနေဖြင့် သက်သေ အထောက် အထားတစ်စုံတစ်ရာ မတွေ့ရှိခဲ့ရသဖြင့် [...] အကယ်၍ ထိုနည်းလမ်းများကို အသုံးပြုခဲ့သည်ဆိုပါလျှင်လည်း ၎င်း သည် လူပုဂ္ဂိုလ်များမှ အသုံးပြုရန် ၎င်းတို့ကိုယ်တိုင်ဆုံးဖြတ်ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။ သို့သော် သေချာသည်မှာ ထိုကဲ့သို့အသုံးပြုရန် မည်သည့်အခါမျှ ခွင့်ပြုထားခြင်းမရှိပေ"။[78] သို့သော် ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲစတင်သည့် အချိန်တွင် ဗြိတိန်စစ်တပ်၏ အကြီးဆုံးဥပဒေအကြံပေးအဖြစ် လုပ်ဆောင်ခဲ့သူ နီကိုးလပ်စ် မာစာ (Nicholas Mercer) ဆိုသူမှ ၎င်းအနေဖြင့် ထိန်းသိမ်းခံရသူများ၏ စိတ်ဖိစီးမှု အနေအထားများနှင့် ခေါင်းစွပ်ခံထားရခြင်းများကို ကိုယ်တိုင် မြင်တွေ့ခဲ့ရကြောင်း ဖော်ပြထားသည်။[79] မာစာအနေဖြင့် ဂျီနီဗာသဘောတူညီချက်များတွင် တားမြစ် ထားသော နည်းလမ်းများကို အသုံးပြုနေကြောင်း စစ်တပ်အကြီးအကဲခေါင်းဆောင်များထံ သတင်းပေးပို့ခဲ့သော် လည်း တုန့်ပြန်မှုတစ်စုံတစ်ရာ မရရှိခဲ့ပေ။[80] ထိုသူ၏ ပြောကြားချက်အရ

---

77 R (A and Others) v Secretary of State for the Home Department [2005] UKHL 71, para. 101. See further ECCHR and PIL January 2014 communication, pp. 17–18, see *supra* note ၄၂.

78 Author’s interviews (Andrew Cayley).

79 Author’s interviews (Nicholas Mercer).

80 *Ibid*. Mercer မှ ထိန်းသိမ်းခံရသူများအား မတရားညှဉ်းပန်းနှိပ်စက်ခြင်းအား ၎င်း၏ စိတ်ပူပန်မှုနှင့် စပ်လျဉ်းပြီး အသေးစိတ်အချက်အလက်များအား Witness statement of Nicholas Mercer to the Baha Mousa Inquiry, 9 September 2009 (http://www.legal-tools.org/doc/e3ea83/) (hereinafter Mercer witness statement to Baha Mousa Inquiry) တွင်ကြည့်ပါ။

အဓိကပြဿနာတစ်ရပ်မှာ စစ်ကြောရေး တွင် ပါဝင်သူများအား “လန်ဒန်သို့ သတင်းပို့ရန်” သတ်မှတ်ထားခြင်းနှင့်အတူ ပုံမှန်အမိန့်ပေးကွင်းဆက်အား ကျော်ဖြတ်သွားရသည်ဖြစ်သဖြင့် ကာကွယ်ရေးဝန်ကြီးဌာန (MoD) သို့ တိုက်ရိုက်ပေးပို့ရသည်ဟု အဓိပ္ပါယ် ကောက်ယူ နိုင်သည်။ ထို့ကြောင့် သာမာန်အမိန့်ပေးကွင်းဆက်အတွင်း ရှိနေကြသူများဖြစ်သည့် မာစာနှင့် အခြားစစ်တပ်ရှေ့နေများ မှ ပေးသော အကြံဉာဏ်များကို လျစ်လျူရှုနိုင်သည့် လွတ်လပ်ခွင့်ရနေခြင်းဖြစ်သည်။[81] အရေးကြီးသည် မှာ မာစာ သည် စစ်ကြောရေးတွင်ပါဝင်သူများအား ‘နည်းဗျူဟာ (၅)’ ရပ် အထူးသဖြင့် ခေါင်းစွပ်ပြီး နှိပ်စက်ခြင်း နှင့် စိတ်ဖိစီးမှုပေးခြင်းအနေအထားများ သုံးခြင်းကို ခွင့်ပြုကြောင်း စာနှင့်ရေးသားထားသော ညွှန်ကြားချက်များကို တွေ့ရှိခဲ့ရကြောင်း ဖော်ပြထားသည်။[82] အကယ်၍ ထိုသို့ရှိခဲ့ပြီး (MoD မှ ထိုကဲ့သို့ညွှန်ကြားချက်များ ရှိနေခြင်းကို ငြင်းဆိုထားသည်) ထိန်းသိမ်းခံရသူများအား အကြမ်းဖက်ခြင်းမှာ PIL ၊ ECCHR နှင့် အခြားသူများ စွပ်စွဲထားသကဲ့သို့ စနစ်တကျလုပ်ဆောင်ခဲ့ခြင်းများဖြစ်ခဲ့ပါလျှင် ရာဇဝတ်ကြောင်းဆိုင်ရာ တာဝန်ရှိမှုမှာ MoD ရှိ အကြီးတန်း အရာရှိများထိ သက်ရောက်လာနိုင်ကြောင်း ထိုအချက်က အကြံပြုနေခြင်းဖြစ်သည်။[83]

81 Mercer မှ ထပ်ဖြည့်ပြောထားသည်မှာ MoD သည် ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲအတွင်း လုပ်ဆောင်ခဲ့သည့် “ဝင်ရောက်စွက်ဖက်မှုများ”အတိုင်း ၁၉၉၁ Gulf War အပါအဝင် ယခင်ကမ်ပိန်းများတွင် လုပ်ဆောင်ခဲ့သည်ကိုမတွေ့ရကြောင်း၊ အီရတ်စစ်ပွဲတွင် MoD ၏ ရှေ့နေများသည် “၎င်းတို့အား ထိပ်ဆုံးတွင် ရှိနေသူများ အဖြစ် ကိုယ်တိုင်သတ်မှတ်ခဲ့ကြသည်”။ ထို့ပြင် မာစာမှ “အခြားကိစ္စတစ်ခုလည်းရှိနေပြီး ၎င်းသည် ယခင်ရှေ့နေချုပ် Lord Goldsmith ဖြစ်ပြီး ရှုပ်ထွေးခဲ့ဟန် ရှိသည်။ စစ်ကြောရေးနှင့်စပ်လျဉ်းပြီး ထိုသူအကြံပေးခဲ့သည်ဆိုသည့် စွပ်စွဲချက်များရှိနေခဲ့တယ်၊ [...] MoD ၏ ရှေ့နေများမှ သူတို့သည် ရှေ့နေချုပ်ရုံးထံ သွားပြီး အကြံဉာဏ်ရယူခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအခါ ကျွန်တော်တို့ ပြောရမည့်အရာကို ကြားခဲ့သော်လည်း ရှေ့နေချုပ်မှ မတူကွဲပြားတဲ့ တစ်စုံတစ်ရာကို ပြောခဲ့ကြောင်း သူတို့၏ သုံးနေကျအကြိုက်ဆုံးလှည့်ကွက်တစ်ခုဖြင့် စစ်တပ်အား ပညာပြခဲ့ကြတယ်။” ဟု မှတ်စုပြုခဲ့သည်။ Mercer witness statement to Baha Mousa Inquiry, see *supra* note ၈၀ တွင် ထပ်မံကြည့်ပါ။

82 Author’s interviews (Nicholas Mercer).

83 (အချို့သော) နည်းဗျူဟာ ၅ ရပ်အား သုံးခွင့်ပြုကြောင်းညွှန်ပြနေသည့်သက်သေအထောက်အထားများ သည် ICC အစိုးရရှေ့နေများ၏ အာရုံစိုက်မှု ဖြစ်စေ ခဲ့သည်ဟု ယူဆပါက ထိုလုပ်ရပ်သည် စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုမှုကို ဆင့်ဆိုစေနိုင်ရန် လုံလောက်သည့် ဆိုးရွားပြင်းထန်မှုရှိသည်ဟု အဆိုပါရှေ့နေများမှ

## ၄. ပြည်တွင်းတာဝန်ခံမှုဆိုင်ရာ လုပ်ငန်းစဉ်များ အပေါ် OTP ၏ နည်းဗျူဟာများ၊ မျှော်လင့်ချက်များ နှင့် အခြား လုပ်ဆောင်သူများနှင့် ညှိနှိုင်းလုပ်ဆောင်မှု

### ၄.၁. အပြုသဘောဖြည့်စွက်မှု၏ အကောင်းဆုံးဖြစ်ရပ်ဇာတ်လမ်း နှင့် စိန်ခေါ်မှုများ

ဗြိတိန်၌ စစ်မှန်သော ပြည်တွင်း တာဝန်ခံမှု လုပ်ငန်းစဉ်များ တည်ရှိနေခြင်းကို အကိုးအကားပြုပြီး အီရတ်/ဗြိတိန် ပဏာမစုံစမ်းစစ်ဆေးမှုအား ရပ်ဆိုင်းနိုင်သည်ဆိုသည့်အချက်မှာ OTP ရှိ 'အကောင်းဆုံးဖြစ်ရပ်ဇာတ်လမ်း' ကို နားလည်ခြင်းဖြစ်သည်။ ၎င်းသည် ယခုသုတေသနမှ ထွက်ပေါ်လာသည့် ယေဘုယျအမြင်တစ်ခု ဖြစ်သည်။[84] ထိုသို့ ဆိုလျှင် ၎င်းအချက်သည် ရှေ့နေချုပ်ရုံး၏ ပဏာမစုံစမ်းစစ်ဆေးမှုများဆိုင်ရာ မူဝါဒများနှင့် အထက်တွင်ဖော်ပြခဲ့ပြီး သည့် အပြုသဘောဖြည့်စွက်မှုအပေါ် အားကောင်းလာစေနိုင်သည်။ သို့သော် ထိုကဲ့သို့ဦးစားပေးမှုကြောင့် OTP တွင် စုံစမ်းစစ်ဆေးမှုများ အပြည့်အဝ ဆက်လက်လုပ်ဆောင်လိုစိတ် အနည်းငယ်သာ ရှိလာနိုင်သည်။ အကြောင်းမှာ ထိုကဲ့သို့

ထင်မြင်ခြင်း ရှိ/မရှိဆိုသည်မှာ အဖြေရှာဆဲမေးခွန်းတစ်ခုအဖြစ် ဆက်လက်ရှိနေသည်။ အကယ်၍ ချိုးဖောက်မှုများ၏ ဆိုးရွားပြင်းထန်မှုတွင် စမှတ်အဖြစ် တစ်စုံတစ်ရောက်မှ အစပြုခဲ့ပါလျှင် ECCHR and PIL January 2014 communication တွင် ပါဝင်ခဲ့သည့် စွပ်စွဲချက်များတွင် ပါဝင်သည့် ဥပမာ - ထိန်းသိမ်းခံရသူများအား Mousa အမှုတွင် ဖြစ်ပွားခဲ့သကဲ့သို့ မုဒိန်းကျင့်ခြင်းနှင့် သေသည်အထိ ရိုက်နှက်ခြင်းများသည် အာရုံချိုယွင်းအောင်ပြုခြင်း သို့မဟုတ် ဖိအားပေး နိုပ်စက်သည့်အနေအထားများနှင့် နှိုင်းယှဉ်သော် 'ပိုမိုပြင်းထန်' ကြောင်း ယူဆနိုင်ချေရှိသည်။ အမှန်တွင် ဆိုးရွားပြင်းထန်မှုသဘောတရားသည် ပြစ်မှုများအား မည်ကဲ့သို့ စနစ်တကျကျူးလွန်ခဲ့သည်ဆိုသည့်အချက်အပေါ် အနည်းဆုံးတစ်စိတ်တစ်ပိုင်းအနေဖြင့် မှီတည်သင့်ကြောင်း တစ်စုံတစ်ဦးမှ ငြင်းဆိုနိုင်ချေရှိသည်။ ဥပမာ Kevin Jon Heller, "Situational Gravity Under the Rome Statute", in Carsten Stahn and Larissa van den Herik (eds.), Future Directions in International Criminal Justice, TMC Asser/Cambridge University Press, 2009 တွင်ကြည့်ပါ။

[84] Author's interviews (various)။ ပဏာမစုံစမ်းစစ်ဆေးမှုအား အပြုသဘောဖြည့်စွက်မှု 'လုပ်ငန်း' အဖြစ်လုပ်ဆောင်သင့်ကြောင်း နားလည်မှုသည် အပိုဒ်၁၅ ဆက်သွယ်တိုင်တန်းမှုပေးပို့သူများအတွက် ICC အား ကနဦးတင်သွင်းရာနေရာအဖြစ် ပါဝင်စေရန် ကျိုးကြောင်းဆီလျော်စေခဲ့သည်။ သို့သော် ECCHR မှ Andreas Schüller အလေးပေးပြောထားသလိုပင် အကယ်၍ ၎င်းသည်(ပဏာမစုံစမ်းစစ်ဆးမှု) သင့်တော်သောအချိန်ကာလအတွင်း ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့ပါ မူ - သူ့အနေဖြင့် မလုပ်ဆောင်ခဲ့သည်ဟု ယုံကြည်သည်- မျှော်လင့်ချက်မှာ ICC သည် စုံစမ်းစစ်ဆေးမှုတစ်ခု စတင်သင့်သည့်ဆိုသည့်အချက်ဖြစ်သည်။ Author's interviews (Andreas Schüller).

စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်းကြောင့် အင်အားကြီးနိုင်ငံတစ်ခုဖြစ်ပြီး တရားရုံး၏ အဓိက ပံ့ပိုးထောက်ခံ သူနှင့် တိုက်ရိုက်ထိပ်တိုက်တွေ့မှုများ ရှိလာနိုင်သောကြောင့်ဖြစ်သည်။[85] တစ်ချိန်တည်း၌ ရှေ့နေချုပ်ရုံးအနေဖြင့် စွပ်စွဲထားသော ပြစ်မှုများမှာ အလုံအလောက် ကြီးမားများပြားခဲ့ခြင်းမရှိဟု ကောက်ချက်ချပြီး စုံစမ်းစစ်ဆေးမှုအား အဆုံးသတ်သင့်သည်ဆိုပါက မတူညီကွဲလွဲစွာ ကျင့်သုံးနေသော စံသတ်မှတ်ချက်များအပေါ် အာဖရိကန် စာချုပ်ဝင် နိုင်ငံများ၊ လူ့အခွင့်အရေးအသိုက်အဝန်းများ နှင့် အခြားသော အဖွဲ့များထံမှ ဝေဖန်ဆန်းစစ်မှု အသစ်များ ထွက်ပေါ်လာစေနိုင်သည်။ အထူးသဖြင့် ECCHR နှင့် PIL တို့၏ ဆက်သွယ်တိုင်တန်းချက်များတွင် ၂၀၀၆ ခုနှစ် မိုရမ်တို အိုကမ်ပို မှ စုံစမ်းစစ်ဆေးမှုပိတ်သိမ်းစေခဲ့သည့် စွပ်စွဲချက်များထက် ပိုမိုများပြားသော စွပ်စွဲချက်များ ပါဝင်လာ သည်။ ထို့ကြောင့် OTP ၏ ရှုထောင့်အမြင်အရ စံဖြစ်ရပ်သဘောတွင် ဖြည့်စွက်မှု၏ 'လက်လွှဲပေးအပ်မှုဗားရှင်း' များ 'လုပ်ဆောင်နိုင်သည်'ဟု ဆိုနိုင်သော အနေအထားတစ်ခု ပါဝင်နိုင်ချေရှိသည်၊ ရာထူးအဆင့်မြင့် ပုဂ္ဂိုလ်များကို ဦးတည်ထားသော စစ်မှန်သည့် ပြည်တွင်း တရားစွဲဆိုမှုများအား ဗြိတိန်တွင် ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ပြီး OTP အနေဖြင့် မလိုအပ်ဘဲ နောက်ဆက်တွဲအဆင့်များကို သတ်မှတ်ပေးထားသည်ဖြစ်ရာ ၎င်းသည် ICC ၏ ပဏာမ စုံစမ်းစစ်ဆေးမှုအပေါ် အနည်းဆုံး တစ်စိတ်တစ်ပိုင်း သက်ရောက်မှုရှိနိုင်သည်။[86]

သို့ရာတွင် ရှေ့နေချုပ်ရုံးအနေဖြင့် ပြည်တွင်းတာဝန်ခံမှုလုပ်ငန်းစဉ်အပေါ် မျှော်မှန်းချက်အချို့ရှိနေသည် မှာ ရှင်းလင်းနေပြီး ထိုလုပ်ငန်းစဉ်သည် ဖြည့်စွက်မှုစနစ်အား အကိုးအကားပြု လုပ်ဆောင်နေသည့် ပဏာမစုံစမ်း စစ်ဆေးမှုများကို ရပ်ဆိုင်းပစ်ရန် အနည်းဆုံး ယခုလက်ရှိအနေအထားများအရ ခက်ခဲစေနိုင်သည်။ အကယ်၍ ဗြိတိန်အား စစ်ရာဇဝတ်မှုများအပေါ် အရေးယူနိုင်သော စနစ်ရှိသည့် "ခေတ်မီသော နိုင်ငံတစ်ခု" အဖြစ် ကျယ်ကျယ် ပြန့်ပြန့် သိရှိကြလျှင်ပင် ICC တရားလိုရှေ့နေများအနေဖြင့် ထိုနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဥပဒေ ဆိုင်ရာ ချိုးဖောက်မှုများအတွက် စစ်တပ်အဖွဲ့ဝင်များကို တရားစွဲဆိုရာ၌ အထူးသဖြင့် အကြီးတန်း အုပ်ချုပ်သူ အရာရှိများ

85 Author's interviews (various).

86 *Ibid*.

(တပ်မှူးများ) ၊ သို့မဟုတ် MoD ၏ အရာရှိများထိတိုင် ပါဝင်နေသည့် ယခုကိစ္စတွင် နိုင်ငံရေးသဘော ဆိုင်ရာ အတားအဆီးများ သိသိသာသာ ရှိနေသည်ကို သတိပြုမိဟန်ရှိသည်။[87] အတိုချုပ်အားဖြင့် အပြုသဘော ဖြည့်စွက်မှုလုပ်ငန်း လုပ်ဆောင်ရာ၌ အဓိကစိန်ခေါ်ချက်/အခက်အခဲမှာ "စွမ်းဆောင်ရည်" မဟုတ်ဘဲ "ဆန္ဒလိုလား မှု" ပင်ဖြစ်သည်။

တစ်ချိန်တည်းတွင် OTP သည် ၎င်းအနေဖြင့် "ဆန္ဒမလိုလားမှု" (သို့မဟုတ် 'မလုပ်ဆောင်မှု') ကို အကြောင်းပြုပြီး စုံစမ်းစစ်ဆေးမှုတစ်ခု ပြုလုပ်ရန် တောင်းဆိုကာ ရှေ့ဆက်လုပ်ဆောင်မည်ဆိုပါက အထူးသဖြင့် ထိုကဲ့သို့ ရှေ့ဆက်ရန်ဆုံးဖြတ်ချက်ချလိုက်ခြင်းမှာ လက်ရှိပြည်တွင်းတရားစွဲဆိုမှုများ၏ အကြီးတန်းပုဂ္ဂိုလ်များအား ထိရောက်စွာအရေးယူမှုပျက်ကွက်နေခြင်းအပေါ် အခြေခံပြီး ပြုလုပ်ခဲ့ခြင်းဖြစ်ပါလျှင် အလွန်အမင်း ထိရှလွယ် ဖြစ်နိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။[88] ပြည်တွင်းလုပ်ငန်းစဉ်ပုံစံအချို့ အသက်ဝင်နေသည့်နေရာတွင် ဆန္ဒ မလိုလားမှုကို အခြေခံပြီး စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လုပ်ဆောင်ခြင်းသည် *မည်သည့်*အခြေအနေ၌မဆို သိမ်မွေ့ပါးနပ်သော ကိစ္စရပ်တစ်ခုဖြစ်ပေလိမ့်မည်။ သို့သော် ဗြိတိန်၏ ဥပဒေစနစ်သည် ခိုင်မာအားကောင်းသည်ဟု ယေဘုယျလက်ခံထားခြင်းကြောင့် OTP အနေဖြင့် ထိုနိုင်ငံရှိ တရားစီရင်ရေးလုပ်ငန်းစဉ်များ၏ "အရည်အသွေး အကဲဖြတ်ခြင်း" ကို အထူးအလေးထားဟန်ရှိသည်။ ထို့ပြင် အီရတ်တွင်ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများနှင့် စပ်လျဉ်းသည့် ဗြိတိန်၏ တာဝန်ခံမှုလုပ်ငန်းစဉ်များအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ဥပဒေရေးရာ ပညာရှင်များ အထူးသဖြင့် SPA ၏ ဒါရိုက်တာ Andrew Cayley QC ကဲ့သို့သော ပုဂ္ဂိုလ်များမှ ဦးဆောင်နေသည်ဆိုသည့်အချက် ကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။[89] OTP အနေဖြင့် ထိုပဏာမစုံစမ်းစစ်ဆေးမှုမှ

---

87 *Ibid*.

88 *Ibid*.

89 *Ibid*. ၎င်းသည် ဗြိတိန်အစိုးရအရာရှိများမှ ထောက်ခံထားသော နားလည်မှုဆိုသည်မှာ သေချာပေသည်။ ICC အတွက် တာဝန်ရှိသော ဝန်ကြီးဖြစ်သူ Joyce Anelay မှ "ဗြိတိန်တရားစီရင်ရေးသည် ခိုင်မာတောင်းတင်းမှုနှင့် လွတ်လပ်မှုတို့ဖြင့် ကမ္ဘာပေါ် ရှိ အကောင်းဆုံးနှင့် ရှည်ကြာဆုံး စနစ်တစ်ခု ဖြစ်ပါတယ်။ အကယ်၍ တစ်စုံတစ်ဦးမှ ဗြိတိန်တရားစီရင်ရေးဟာ အမျိုးသားရေး မလိုမုန်းတီးမှုဖြင့်

စုဆောင်းရရှိသည်များနှင့် စုံစမ်းစစ်ဆေးခြင်းတွင် အသုံးပြုနိုင်မည့်အရာများကို ထောက်ဆကြည့်လျှင် ဗြိတိန်အာဏာပိုင်များထံ၌ ရှိနေသော ငွေကြေးအရလည်းကောင်း၊ ပုဂ္ဂိုလ်ရေးအရလည်းကောင်း အရင်းအမြစ်များသည် သိသိသာသာ ပိုမိုများပြား နေသည်ကို သိထားကြောင်း ယူဆနိုင်ပြီး တစ်ခုတည်းနှင့်သာ စတင်လုပ်ဆောင်သင့်ပေသည်။[90] ထိုဖော်ပြပါ အချက် အရ ပဏာမစုံစမ်းစစ်ဆေးမှုများသည် သိသာထင်ရှားသည့်အရင်းအမြစ်များနှင့် ခိုင်မာအားကောင်းသည့် ဥပဒေ စနစ်များရှိသည့် နိုင်ငံများပါဝင်ပတ်သက်နေသည့် အခြေအနေများတွင် အတော်အတန် ကွဲလွဲစွာလုပ်ဆောင်နိုင်ချေရှိကြောင်းကို ရှင်းပြထားခြင်းဖြစ်သည်။

OTP သည် ယခင်က IHAT (Iraq Historic Allegations Team) အား ဖြည့်စွက်မှုဆိုင်ရာရည်ရွယ်ချက်များ အတွက် ထည့်သွင်းစဉ်းစားသော ဖြစ်စဉ်တစ်ခု အဖြစ် ကိုးကားအသုံးပြုခဲ့သည်။[91] စုံစမ်းစစ်ဆေးရန် ရည်ရွယ်ထားသော အမှုအများစုနှင့်အတူ အဆိုပါဖြစ်စဉ်အား ရပ်ဆိုင်းရန် ၂၀၁၇ ခုနှစ်၊ ဇွန်လကုန်တွင် MoD မှ ဆုံးဖြတ်လိုက်သည့်အချက်[92]မှာ အနည်းဆုံးအနေဖြင့် ဖြည့်စွက်မှုအပေါ် အပြုသဘော အကဲဖြတ်သုံးသပ်မှုတစ်ခု ရရှိရန် ရှုပ်ထွေးသွားစေနိုင်သည်။[93] သို့ရာတွင် OTP ၏ ဆုံးဖြတ်ချက်သည် အမည်များပေါ်တွင် မတည်မှီနေဘဲ အသစ် တည်ထောင်လိုက်သည့်

ယိုင်နဲ့သွားနိုင်တယ်လို့ ထင်မြင်ခဲ့ပါလျှင် ထိုသူသည် ၁၀၀ % မှားယွင်း ပါလိမ့်မယ်" ဟု ချေပပြောထားသည်။ Thomas Escritt, "'Robust' domestic probes would pre-empt ICC charges against UK soldiers: minister", in Reuters, 29 January 2016 တွင်ကြည့်ပါ။

[90] SPA ဒါရိုက်တာ Andrew Cayley မှ ICC တရားလိုရှေ့နေများသည် "အကယ်၍ ၎င်းတို့အနေဖြင့် ဒီကိစ္စကို လုပ်ဆောင်မည်ဆိုပါက ၎င်းတို့တွင် များပြားသော [အရင်းအမြစ်များ] မရနိုင်ကြောင်း၊ သိရှိခဲ့ကြပြီး [...] ထိုအရာသည် ၎င်းတို့အတွက် အမြဲလွှမ်းမိုးနေခဲ့တဲ့အချက်တစ်ခုဖြစ်ခဲ့ကြောင်း၊ [...] ၎င်းတို့ကိုယ်တိုင် မလုပ်ဆောင်နိုင်ကြောင်း သူတို့သိရှိနေကြသည်" ဟု မှတ်စုပြုထားသည်။ Author's interviews (Andrew Cayley).

[91] 2015 Report on Preliminary Examination Activities, at para. 43, see *supra* note ၄၅; 2016 Report on Preliminary Examination Activities, para. 106, see *supra* note ၉ တွင်ကြည့်ပါ။

[92] ထူးဆန်းစွာပင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ အစောပိုင်းကတည်းကပ် IHAT ၏ အင်တာနက်စာမျက်နှာတွင် ၎င်းအား ပိတ်သိမ်းလိုက်သည်ဆိုသည့် ဖော်ပြချက် တစ်စုံတစ်ရာ ရှိမနေခဲ့ခြင်းဖြစ်သည်။

[93] ဗြိတိန်အာဏာပိုင်များမှ ICC တရားလိုရှေ့နေများထံ IHAT ပိတ်သိမ်းမည့်စိတ်ကူးကို မပိတ်သိမ်းခင်က ကြိုပြီးအကြောင်းကြားခဲ့ကြသည်။ Author's interviews (Andrew Cayley).

စနစ်ဖြစ်သော Service Police Legacy Investigations ('SPLI') ၏ သဘောသဘာဝ နှင့် လုပ်ဆောင်ပုံများအပေါ်တွင် သိသိသာသာ မှီတည်နေလိမ့်မည်ဖြစ်ပြီး ထိုယန္တရားစနစ်အကြောင်းကို အောက်တွင် ဆွေးနွေးထားသည်။

## ၄.၂. ဖြည့်စွက်မှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်ခြင်းရှိ အဓိကအချက်များ

ဖြည့်စွက်မှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်ခြင်း၏ အရေးပါဆုံးသော သီးခြားကိစ္စရေးရာတစ်ရပ်မှာ ပြည်တွင်း လုပ်ငန်း စဉ်များသည် 'စနစ်တကျဖြစ်နေသော ပြဿနာရပ်များ' အပေါ် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိ/မရှိ၊ နှင့် အကယ်၍ ရှိခဲ့ပါကလည်း မည်သို့ ဖြေရှင်းနိုင်မည်၊ စနစ်၏ ကျရှုံးမှုများအဖြစ် ကြီးကြပ်ကွပ်ကဲမှု အားနည်းခြင်း၊ လမ်းညွှန်မှုမရှိ ခြင်းနှင့် လေ့ကျင့်သင်ကြားပေးမှု မရှိခြင်းကဲ့သို့သော ကိစ္စများ ပါဝင်နေကြောင်း နှင့် အချို့သော ကျရှုံးမှုများသည် ပျက်ကွက်မှုပုံစံဖြင့် ပြစ်မှုထိုက်သော လုပ်ဆောင်မှုအထိ ဖြစ်လာစေနိုင်ကြောင်းတို့ကို နားလည်သဘောပေါက်ခြင်း ရှိ/မရှိ တို့ပေါ် အကဲဖြတ်သုံးသပ်ခြင်းဖြစ်သည်။[94] OTP ၏ ကောက်ချက်ချမှုအရ ယုံကြည်လက်ခံနိုင်ရန် လုံလောက် သော အကြောင်းရင်းတစ်ခုရှိကြောင်း၊ ၎င်းမှာ တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သော ပြစ်မှုများမှာ အရေအတွက်အများအပြား ကျူးလွန်ခြင်းအပေါ်အခြေခံသည်ဖြစ်ရာ ရှေ့နေချုပ်ရုံးအနေဖြင့် စနစ်တကျ ကျူးလွန် သော ပြဿနာများအား ပြည်တွင်းလုပ်ငန်းစဉ်များမှ ၎င်းကိုယ်စား ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထို ဖြည့်စွက်မှုဖြင့် နောင်လာမည့်အဆင့်များ၌ ရှေ့နေချုပ်ရုံး၏ အကူအညီမလိုဘဲ လုပ်ဆောင်သွားနိုင်မည်ဟု ရှေ့နေချုပ်ရုံးမှ မျှော်လင့်ပေလိမ့်မည်။ ဥပမာ - အကယ်၍ ပြစ်မှုများကျူးလွန်ရာ၌ သီးခြားတပ်ဖွဲ့များမှလည်း ဆက် တိုက်ပါဝင်ခဲ့ကြကြောင်း ရှေ့နေချုပ်ရုံးမှတွေ့ရှိခဲ့ပါလျှင် ဖြည့်စွက်မှုဆိုင်ရာအကဲဖြတ်ဆန်းစစ်ခြင်း လုပ်ဆောင် သည့်အခါ တိုက်ရိုက်ကျူးလွန်သူများကိုသာ စုံစမ်းစစ်ဆေးခြင်းထက် အဆိုပါသီးခြား တပ်ဖွဲ့များ၏ ကြီးကြပ်သူများ အပေါ် ပြည်တွင်းလုပ်ငန်းစဉ်များဖြင့် အရေးယူဆောင်ရွက်နိုင်ခြင်း ရှိ/မရှိဆိုသည့်အချက်မှာ အလွန်ပင် အထူး အရေးပါပေလိမ့်မည်။[95]

[94] Author's interviews (various).

[95] *Ibid*.

IHAT မှလည်း အီရတ်တွင်ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော ပြစ်မှုများအား အမှုဖြစ်စဉ်တစ်ခုချင်းစီ အလိုက် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်သင့်ကြောင်း ဝေဖန်ခဲ့သည်။[96] သို့ရာတွင် SPA ၏ ဒါရိုက်တာ Cayley မှ ဗြိတိန်၏ စုံစမ်းစစ်ဆေးရေးမှူးများနှင့် တရားလိုရှေ့နေများသည် "စနစ်တကျကျူးလွန်သော ပြဿနာရပ်များ" ကိုသာ ရှာဖွေစစ်ဆေးခြင်း" ဖြစ်ကြောင်း၊ နှင့် "ထိုကဲ့သို့သော ပြဿနာရပ်များအပေါ် အထူးဦးတည်ဆောင်ရွက်နေသော စုံစမ်းစစ်ဆေးမှုပေါင်းများစွာ" တည်ရှိနေသည်ကိုလည်း ထောက်ပြခဲ့သည်။[97] ဆက်လက်၍ Cayley မှ စုံစမ်းစစ်ဆေးမှုများသည် ICC ၏ ကြားဝင်ဆောင်ရွက်မှုကြောင့် အမှန်တကယ် *တိုးတက်လာ* နိုင်ချေရှိသော်ငြားလည်း စနစ်တကျကျူးလွန်သော ပြဿနာရပ်များကို စုံစမ်းစစ်ဆေးရန်အတွက် အထူးအဖွဲ့တစ်ခုကို ၂၀၁၃ ခုနှစ်တွင် တည်ထောင်ခဲ့ပြီးဖြစ်ရာ[98] ၂၀၁၄ တွင် ပြန်လည်ဖွင့်လှစ်လိုက်သည့် ပဏာမစုံစမ်း စစ်ဆေးမှု၏ အကျိုးဆက်အဖြစ် ထိုကဲ့သို့သော စုံစမ်းစစ်ဆေးမှုများအားသတ်မှတ်ကြေညာသည့် ယူဆချက်မှာ အဓိပ္ပါယ်ကင်းမဲ့နေကြောင်း ရှင်းပြထားသည်။ ပဏာမစုံစမ်းစစ်ဆေးမှုအား ကာလအပိုင်း (၃) တွင် ဆက်လက်လုပ်ဆောင်သင့်ပါသလားဟု စဉ်းစားရာတွင် OTP ၏ ဖြည့်စွက်မှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်ခြင်းသည် ပြည်တွင်းယန္တရားများအနေဖြင့် စနစ်တကျ ကျူးလွန်သော ပြဿနာများအား အမှန်တကယ်ကိုင်တွယ်ဖြေရှင်းနိုင်ကြောင်း ICC ၏ တရားလိုရှေ့နေများအား ဖျောင်းဖျနိုင်သည့် Cayley ၏ စွမ်းဆောင်ရည်အပေါ်

96 *Ibid*. See also Roslyn Fuller, "ICC & British war crimes: The trial of Tony Blair?", in RT, 21 May 2014.

97 Author's interviews (Andrew Cayley). ထိုကိစ္စအတွက် စိတ်ဝင်စားဖွယ်မှာ Common's Defence Sub-Committee ၏ မှတ်ချက်ဖြစ်ပြီး အောက်ပါ အတိုင်း မှတ်ချက်ပြုခဲ့သည်၊ "ကျွန်ုပ်တို့အနေနဲ့ IHAT မှ ထည့်သွင်းစဉ်းစားသော မည့်သည့်အမှုကိုမျှ ထိုမှားယွင်းနေတဲ့ လမ်းညွှန်ချက်အတိုင်း လုပ်ဆောင်ခဲ့ကြ သော လူပုဂ္ဂိုလ်တစ်ဦးချင်း လုပ်ဆောင်မှုများအပေါ် အခြေခံမှုမပြုရေး အတည်ပြုလုပ်ဆောင်ပေးရန် MoD ထံမှ မျှော်လင့်ပါတယ်။ အကယ်လို့ ရှိခဲ့ပါလည်း ကျွန်ုပ်တို့အနေဖြင့် MoD အား ၎င်းအနေဖြင့် သင်တန်းမှ ဥပဒေနှင့်ညီသည်ဟု သင်ကြားထားသော လုပ်ဆောင်မှုများအတွက် အရေးဆိုခံရတဲ့ လူပုဂ္ဂိုလ် တစ်ဦးချင်းအား မည်ကဲ့သို့ ပံ့ပိုးလုပ်ဆောင်မည်ဆိုသည်ကို ဖော်ပြ သတ်မှတ်ပေးရန် တောင်းဆိုမည်ဖြစ်သည်။" February 2017 report by House of Commons Defence Committee, para 86, see *supra* note ၇၁ တွင်ကြည့်ပါ။

98 *Ibid*.

အများအပြား မှီတည်နေပေလိမ့်မည်။[99] ရိုးရိုးရှင်းရှင်းဆိုရပါမူ OTP အနေဖြင့် ဗြိတိန်အာဏာပိုင်များအား စနစ်တကျကျူးလွန်သော ပြဿနာရပ်များအပေါ် ထိထိရောက်ရောက် ကိုင်တွယ် ဖြေရှင်းနိုင်ရန်အလို့ငှာ တွန်းအားပေးလုပ်ဆောင်ရန် မျှော်လင့်နေခြင်းဖြစ်ပြီး အကယ်၍ ICC မှ ၎င်းတို့အနေဖြင့် အောင်မြင်ခဲ့သည်ဟု ထင်မြင်ခဲ့ပါလျှင် ပဏာမစုံစမ်းစစ်ဆေးမှုမှာ (အကယ်၍ အကြောင်းအရာ စီရင်ပိုင်ခွင့်ပေါ် အခြေပြုပြီး ကာလအပိုင်း (၂)တွင် ရပ်ဆိုင်းခဲ့ခြင်းမရှိခဲ့ပါမူ) ထိုအချက်အပေါ်အခြေခံပြီး ရပ်ဆိုင်းသွားနိုင်ချေရှိလိမ့်မည်။[100]

ပြည်တွင်းလုပ်ငန်းစဉ်များ၏ 'စနစ်တကျကျူးလွန်သော ကိစ္စရပ်များ' အပေါ် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းနှင့် ပတ်သက်ပြီး သီးခြားမေးခွန်းတစ်ခု ရှိနေသည်ဆိုသော်လည်း ပြစ်မှုများကျူးလွန်ရာတွင် ပါဝင်နေသော အဓိက အစီအစဉ်များ သို့မဟုတ် မူဝါဒများ ဥပမာအားဖြင့် ဂျီနီဗာသဘောတူညီချက်များကို ချိုးဖောက်မှုဖြစ်စေမည့် နည်းလမ်းများ အသုံးပြုခြင်းကို စစ်ကြောရေးတွင်ပါဝင်သူများအား သုံးခွင့်ပြုခြင်းကဲ့သို့သောကိစ္စများ ပါဝင်နေသည်ကို နားလည်ရမည်ဖြစ်သည်။ အကယ်၍ ထိုသို့ပါဝင်နေပါက ထိန်းသိမ်းခံရသူများအား ညှင်းပန်း နှိပ်စက်ရန်အတွက် အဆိုပါ အစီအစဉ် သို့မဟုတ် မူဝါဒတစ်စုံတစ်ရာချမှတ်ခဲ့သော အဆင့်မြင့်အရာရှိများ၏ ပြစ်မှုကြောင်းဆိုင်ရာ တာဝန်ရှိမှုကို အစပျိုးခြင်းဖြစ်လာနိုင်သည်။ ဗြိတိန်အာဏာပိုင်များအနေဖြင့် ရှင်းလင်းစေခဲ့သည်မှာ ထိုကဲ့သို့သော စွပ်စွဲချက်များသည် IHAT/SPLI/SPA

[99] IHAT/ SPA ဖွဲ့စည်းပုံအပြင် MoD သည် "စနစ်တကျကျူးလွန်သောကိစ္စရပ်များဆိုင်ရာ လုပ်ငန်းကော်မတီ" တစ်ခု 'Systemic Issues Working Group' (SIWG) ကို ဖွဲ့စည်းခဲ့ပြီး MoD ၏ တရားစီရင်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမူဝါဒ ညွှန်ကြားရေးမှူးမှ ဥက္ကဋ္ဌအဖြစ် လုပ်ဆောင်ပြီး ဦးတည်ချက်မှာ IHAT အစီရင်ခံစာများနှင့် သင်တန်းနှင့် ပတ်သက်သောကိစ္စရပ်များကို ပြန်လည်သုံးသပ်မှုပြုလုပ်ရန် နှင့် 'အတည်ပြုပြီးသား ကိစ္စရပ်များအတွက် ကိုင်တွယ်ဖြေရှင်းခဲ့သည့် လုပ်ဆောင်မှုများ' ကို ပြန်လည်သုံးသပ်ရန်နှင့် ထိုနည်းလမ်းများသည် သင့်တော်ပြီး လုံလောက်မှု ရှိ/မရှိ သတ်မှတ်ပေးရန် - သို့မဟုတ် နောက်ထပ် ဆောင်ရွက် မှုတစ်စုံတစ်ရာ ထပ်မံလုပ်ဆောင်ရန် လိုအပ်မှု ရှိ/မရှိ တို့ကို သတ်မှတ်ပေးရန် ဖြစ်သည်"။ Ministry of Defence, Systemic Issues Working Group, "Systemic Issues Identified From Investigations Into Military Operations Overseas: July 2014" https://www.legal-tools.org/doc/157c02/ (hereinafter 'MoD 2014 Report on Systemic Issues Identified From Investigations Into Military Operations Overseas') တွင်ကြည့်ပါ။

[100] Author's interviews (various).

ဖွဲ့စည်းတည်ဆောက်ပုံ အဝန်း အဝိုင်းအတွင်း ကျရောက်သော ပြည်တွင်း စုံစမ်းစစ်ဆေးမှုများ၏ တစ်စိတ်တစ်ပိုင်းမဟုတ်ကြောင်း ပြောဆိုခဲ့သည်။ အကြောင်းမှာ ၎င်းတို့ထံတွင် ထိုကဲ့သို့သော အစီအစဉ်များ သို့မဟုတ် မူဝါဒများ အသုံးပြုသည်ဆိုသော အထောက်အထား တစ်စုံတစ်ရာ ရှိမနေခဲ့ခြင်းတည်းဟူသော ရိုးရှင်းသော အကြောင်းပြချက်ကြောင့် ဖြစ်သည်။[101] အလားတူပင် ဂျီနီဗာသဘောတူညီချက်များကို ချိုးဖောက်စေသည့် စစ်ကြောရေးနည်းလမ်းများ နှင့် ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များကို အသုံးပြုခွင့်ပေးသည့် စီမံကိန်း သို့မဟုတ် မူဝါဒများ တည်ရှိနိုင်မှု အလား အလာ/ဖြစ်နိုင်ချေအား OTP မှ လတ်လော ဦးဆောင် စုံစမ်းစစ် ဆေးမည့် အရိပ်အယောင်လည်း မရှိပေ။ သို့ရာတွင် OTP ၏ အာရုံစိုက်မှုရှိနေသော အမှုများအတွက် ထိုကဲ့သို့ 'စနစ်တကျ ကျူးလွန်မှုအခြေခံ' ကိစ္စတစ်ခုကို အထောက် အထား အခိုင်အမာဖြင့် ထောက်ပြသင့်သည့်အခါ ဗြိတိန်တွင် လက်ရှိကျင့်သုံးနေသော စနစ်ဖွဲ့စည်းပုံများသည် အဆိုပါ စနစ်တကျ ကျူးလွန်သော အခြေအနေ တစ်ခုကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းအပေါ် ICC ၏ အစိုးရရှေ့နေများအနေဖြင့် မေးခွန်းထုတ် လိမ့်မည်ဟု တစ်စုံတစ်ဦးက မျှော်လင့်ပေလိမ့်မည်။[102]

အလားအလာရှိသော ဖြည့်စွက်မှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်ခြင်း၏ အခြားအရေးပါသော ကိစ္စရပ်တစ်ခုမှာ ပြည်တွင်းလုပ်ငန်းစဉ်များ၏ အချိန်ကိုက်ဖြစ်မှုနှင့် ဆက်စပ်နေခြင်းဖြစ်သည်။ အနှစ်သာရအားဖြင့် အကယ်၍ OTP အနေဖြင့် တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်းကျရောက်သော ပြစ်မှုများသည် အရေအတွက်အများအပြား ကျူးလွန်ခဲ့ခြင်းဖြစ်နိုင်ကြောင်းကောက်ချက်ချခဲ့ပါက စုံစမ်းစစ်ဆေးမှုအား အပိုင်းကာလ (၃) အထိ ဆက်လက် လုပ်ဆောင်ခြင်းသည် ဖြည့်စွက်မှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက် ဖြစ်သည်။ ထို့နောက် ဗြိတိန်ရှိ တရားစီရင်ရေး လုပ်ငန်းစဉ်များ၏ အပြီးသတ်ရလာဒ်ထွက်လာသည်အထိ စောင့်ကြည့်သင့်ပေသည်၊ သို့မဟုတ် ဗြိတိန်၌ "တည်ရှိနေသော စနစ်များသည်" မူသဘောတရားအရ အီရတ်ရှိ စစ်ရာဇဝတ်မှုများကို

[101] Author's interviews (Andrew Cayley).

[102] SPA အနေဖြင့် ဝန်ထမ်းများကိုသာ တရားစွဲဆိုနိုင်သည်။ သို့သော် သာမာန်အရပ်သား ပြစ်မှုကျူးလွန်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း ဝန်ထမ်းများ အပေါ် ၎င်းတို့တာဝန်ထမ်းဆောင်နေချိန်နှင့် နောက်ပိုင်းအချိန်များတွင်လည်း ကျင့်သုံးနိုင်သည်။

မှန်ကန်သော နည်းလမ်းအတိုင်း ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိကြောင်း အကြွင်းမဲ့လုံးဝဥသုန် အကဲဖြတ်မှုတစ်ခုပြုလုပ်ကာ သတ် မှတ်နိုင်ပေသည်။[103]

ပထမနည်းလမ်းသည် ပဏာမစုံစမ်းစစ်ဆေးမှုတစ်ခုအားအမှန်တကယ်ပြုလုပ်နိုင်ရန် နှစ်များစွာတိုင် အမှုဖွင့်ထိန်းသိမ်းထားနိုင်ခြင်းကို ဖြစ်လာစေနိုင်သည်။ ၎င်းသည် စုံစမ်းစစ်ဆေးမှုကို အပြီးသတ်ရန် ဖြိတိန်အစိုးရထံမှ ဖိအားပေးမှုများ တိုးပွားလာမည့်အပြင် ကိုလံဘီယာရှိ ရှေ့နေချုပ်ရုံး၏ အချိန်ကြာနေသည့် စုံစမ်းစစ်ဆေးမှုအပေါ် ဝေဖန်ထောက်ပြမှုများ များပြားလာခြင်းကို ဖြစ်လာစေနိုင်သည်။ ဒုတိယနည်းလမ်းကို အသုံးပြုသင့်သည်ဆိုပါစို့၊ ဖြိတိန်၏ လက်ရှိတည်ဆဲစနစ်သည် ဖြည့်စွက်မှုကို ကျင့်သုံးခြင်းဖြင့် စုံစမ်းစစ်ဆေးမှုကို အပြီးသတ်စေရန် လုံလောက်မှု ရှိ/မရှိ ဆုံးဖြတ်ရာတွင် ထိုပြည်တွင်းဖြစ်စဉ်သည် အထက်တွင်ဆွေးနွေးခဲ့ပြီးသော ပြစ်မှုများ ကျူးလွန်ခြင်းနှင့် စပ်ဆက်နေသော 'စနစ်တကျ ကျူးလွန်သော ကိစ္စရပ်များ' အား ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း ရှိ/မရှိ ဆိုသည့်အပေါ် OTP ၏ နားလည်သဘောပေါက်မှုနှင့် သိသိသာသာ လွှမ်းမိုးနိုင်ချေရှိသည်။

သို့ရာတွင် ဖော်ပြပါနည်းကိုသုံးခြင်းနှင့်ပတ်သက်ပြီး ထင်ရှားသည့် အန္တရာယ်တစ်ခုမှာ အကယ်၍ ပြည်တွင်း တည်ဆဲစနစ်များသည် သာမာန်အားဖြင့် OTP ၏ မျှော်မှန်းချက်များကို ကျေနပ်စေနိုင်မည့် နည်းလမ်းများ ဖြင့် တာဝန်ခံမှုကို ဖော်ထုတ်နိုင်ခဲ့လျှင်ပင် စုံစမ်းစစ်ဆေးမှုများသည် နှစ်များစွာ ကြာမြင့်နိုင်ပြီး ထိုစုံစမ်းစစ်ဆေးမှုများစွာမှ စုံစမ်းစစ်ဆေးမှုတစ်စုံတစ်ရာသည် တရားစွဲဆိုသည့်အဆင့်ထိ

103 PE Policy Paper တွင် ထိုသီးခြားကိစ္စအပေါ် ဖော်ပြဆွေးနွေးထားခြင်းမရှိပေ။ စာစောင်တွင် ရိုးရိုးရှင်းရှင်းမှတ်သားထားသည်မှာ (Rome) ဖွဲ့စည်းပုံဥပဒေ သည် ပဏာမစုံစမ်းစစ်ဆေးမှုတစ်ခုအား လုပ်ဆောင်သည့်အချိန်မှ ပိတ်သိမ်းသည့်အချိန်ထိ အချိန်သတ်မှတ်ချက်မရှိပေ။ ထို့ပြင် တရားလို ရှေ့နေများသည် သတင်းအချက်အလက်များမှ စုံစမ်းစစ်ဆေးမှုတစ်ခု ဆက်လက်ပြုလုပ်ရန် လိုအပ်သော အခြေခံကြောင်းရှိ/မရှိ မဖော်ထုတ်နိုင်ခင်အထိ စုံစမ်းစစ်ဆေးမှုကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။ စာစောင်တွင် ရှင်းပြထားသည်မှာ စုံစမ်းစစ်ဆေးမှုတွင် ရှိနေပြီးသား 'သီးခြားသက်ဆိုင်သည့် ပြည်တွင်းတရားစွဲဆို မှုများ' ကို စုဆောင်းခြင်း၊ ဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းများကို အချိန်အတန်ကြာလုပ်ဆောင်ရန် လိုအပ်နိုင်မည်ဖြစ်ပြီး သို့မှသာ ထိုတရားစွဲဆိုမှုများ၏ စစ်မှန် မှုရှိခြင်း နှင့် တရားစွဲဆိုခြင်းတလျောက်တွင် အယူခံမှုအပါအဝင် ဦးတည်ထားမှုများကို အကဲဖြတ်ဆန်းစစ်နိုင်မည်ဖြစ်သည်။" PE Policy Paper, para. 90, see *supra* note ၁၀.

ရောက်ရှိလိမ့်မည် ဟူသော အာမခံချက် အမှန်တကယ် မရှိနေပေ။ ဖြစ်နိုင်ချေရှိသည်မှာ ပြည်တွင်း တရားစွဲဆိုရေးဖြစ်စဉ်များသည် စာရွက်ပေါ်တွင် တိကျသေချာဟန်ရှိနေသော်လည်း ၎င်းတို့မှာ နောက်ဆုံးတွင် လတ်တလော စိတ်ကူးပုံဖော်ထားသည့်အတိုင်း အပြုသဘော ဖြည့်စွက်မှုစနစ်မူဘောင်၏ ထိရောက်မှုနှင့်ပတ်သက်သည့် အရေးပါသော မေးခွန်းများ ဖြစ်လာစေမည့် တရားစွဲမှုတစ်စုံတစ်ရာ လုံးဝမရှိလာခြင်း၊ သို့မဟုတ် အလွန်ကန့်သတ်ချက်များသော တရားစွဲဆို မှုများအဖြစ်ကိုသာ ဆွဲယူသတ်မှတ်သွားကြသည်။ ထိုဝန်ထုပ်ဝန်ပိုးတာဝန်မှာ OTP ပေါ်တွင် ရှင်းရှင်း လင်းလင်း ကျရောက်နေပြီး မည်သို့ နှေးကွေးစွာ လုပ်ဆောင်နေသည်နှင့် မသက်ဆိုင်ဘဲ လက်ရှိဆက်လက် လုပ်ဆောင်နေသော ပြည်တွင်းတရားစွဲဆိုမှုများရှိနေသည့် အခြေအနေများတွင် ထို့ထက်ပင် တာဝန်ပိုမို ဖြစ်ကောင်းဖြစ်နိုင်ပေသည်။[104]

## ၄.၃. OTP နှင့် အခြားသက်ဆိုင်သူများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း

ပုံမှန်မဟုတ်ဟု မဆိုနိုင်သော်ငြားလည်း မှတ်သားသင့်သည်မှာ ပဏာမစုံစမ်းစစ်ဆေးမှုတစ်ခု ဖွင့်လှစ်တော့မည့်အကြောင်း အများပြည်သူသို့ အသိပေး မပြောကြားခင် ICC ၏ တရားလိုရှေ့နေများသည် ဗြိတိန် အစိုးရအာဏာပိုင်များအား အကြောင်းကြားခဲ့သည်ဆိုသည့် အချက်ပင်ဖြစ်သည်။[105] ယေဘုယျအားဖြင့် OTP သည် "၎င်းတို့လက်ဝယ်သို့ ရောက်ရှိနေသော သတင်းအချက်အလက်များ၏ ပြင်းထန်လေးနက်မှုကို အတည် ပြုနိုင်ရန်၊ ရှေ့နေချုပ်ရုံး၏ ပဏာမစုံစမ်းစစ်ဆေးမှု ဖြစ်စဉ်များ၏ တိုးတက်မှုကို ဆွေးနွေးရန်၊ နည်းစနစ်ဗေဒဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် နှင့် ခိုင်မာသော နောက်ဆုံးရအချက်အလက်များနှင့် နောက်ဆက်တွဲ သက်ဆိုင်ရာ သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်စေရန်"တို့အတွက်

---

[104] OTP အတွက် ထိုကဲ့သို့အခြေအနေတစ်ခုအား စုံစမ်းစစ်ဆေးမှုတစ်ခုပြုလုပ်ရန် တောင်းဆိုချက်သည် မျှတမှုရှိစေရန်အတွက် ၎င်းအနေဖြင့် နိုင်ငံတစ်ခုအား အပိုဒ် ၁၇ (၂) (ခ) တွင်ပါရှိသည့် စံသတ်မှတ်ချက်များကို အကိုးအကားပြုပြီး စစ်မှန်သော စုံစမ်းစစ်ဆေးမှုတစ်ခုပြုလုပ်လိုသော ဆန္ဒမရှိကြောင်း သတ်မှတ်ရန် လိုအပ်ပေလိမ့်မည်ဖြစ်သည်။ စုံစမ်းစစ်ဆေးရမည့် အခြေအနေမှာ "တရားစွဲဆိုမှုများတွင် မမျှတသော နှောင့်နှေးကြန့်ကြာမှုများရှိနေပြီး ထိုအခြေအနေများဖြင့် သက်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးအား တရားစီရင်နိုင်ရေးကို လုပ်ဆောင်လိုသည့် ကြံရွယ်ချက်နှင့် ကိုက်ညီခြင်းမရှိနိုင်သည့် အနေအထားဖြစ်သည်။"

[105] Author’s interviews (various).

ဗြိတိန်အစိုးရအာဏာပိုင်များနှင့် အမြဲမပြတ် အဆက်အသွယ်ရှိနေသည်။[106] ထိုအဆက်အသွယ်များအဖြစ် OTP မှ အရာရှိများသည် IHAT နှင့် SPA နေရာများအပါအဝင် ဗြိတိန်သို့ အကြိမ်များစွာ သွားရောက်ခြင်းများလည်းပါဝင်သည်။ အဆိုပါ သွားရောက်ခြင်း များတွင် ပြည်တွင်းတရားစွဲဆိုခြင်းများ၏ ယေဘုယျတိုးတက်မှုများကို ဆွေးနွေးခဲ့ကြပြီး ICC ၏ တရားလိုရှေ့နေများမှ ထိုဖြစ်စဉ်များ၏ အနေအထားနှင့် သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များကို ဗြိတိန် အာဏာပိုင်များထံမှ တောင်းဆိုခဲ့ကြသည်။ ဆိုလိုသည်မှာ SPA ဒါရိုက်တာ Cayley သုံးသပ်ခဲ့သည့်အတိုင်း OTP မှ အရာရှိများသည် ဗြိတိန်အာဏာပိုင်များအနေဖြင့် ၎င်းတို့၏ စုံစမ်းစစ်ဆေးမှုများကို မည်သို့လုပ်ဆောင်သည်ကို "စောင့်ကြည့်ခြင်း" ဖြစ်ပြီး သက်ဆိုင်ရာ တိုးတက်မှုနယ်ပယ်အားလုံးရှိ နောက်ဆုံးရသတင်းများကို ရရှိလိုခြင်းဖြစ်သည်။[107]

OTP မှ အရာရှိများအနေဖြင့် ECCHR နှင့် PIL တို့၏ တင်သွင်းလွှာများတွင်ပါဝင်သော သီးခြားစွဲဆိုမှုများ၏ ယုံကြည်နိုင်မှုကို ရှင်းလင်းသွားစေရန် အကူအညီပေးနိုင်မည့် IHAT နှင့် SPA တို့ထံတွင်ရှိနေသော အချက်အလက် များအား တရားဝင်တောင်းခံခဲ့ခြင်းမရှိခဲ့ပေ။ ထူးခြားသည်မှာ အီရတ်ရှိ စစ်ဆေးမေးမြန်းမှုအားလုံးကို ဗွီဒီယို မှတ်တမ်းတင်ထားခဲ့ပြီးဖြစ်ကာ IHAT နှင့် SPA တို့၌လည်း ရရှိနိုင်သည်။ သို့သော် OTP မှ အရာရှိများသည် ယနေ့ထိ ထိုမှတ်တမ်းများကို ကြည့်ရှုရန် တရားဝင် တောင်းဆိုခဲ့ခြင်း မရှိခဲ့ပေ။[108] အချို့သူများအနေဖြင့် ဤအချက်မှာ ထူးဆန်းအံ့သြဖွယ်ဖြစ်နေသည်၊ အဘယ့်ကြောင့်ဆိုသော် မာစာ၏စကားအရဆိုလျှင်

---

[106] 2015 Report on Preliminary Examination Activities, para. 40, see *supra* note ၄၅ တွင်ကြည့်ပါ။

[107] Author's interviews (Andrew Cayley).

[108] Author's interviews (various) ၊ IHAT ၏ အကြီးအကဲဟောင်းတစ်ဦးဖြစ်သူ Geoff White မှ Ali Zaki Mousa အမှုတွင် ထိုကဲ့သို့ မှတ်တမ်းပေါင်း ၃၅၀၀ ကျော်ရှိသည်ဟု သက်သေထွက်ခဲ့သည်။ ECCHR နှင့် PIL တို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ဆက်သွယ်တိုင်တန်းချက်အရ ဗြိတိန်ရှိ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းတရားစွဲဆိုမှုများတွင် ဖော်ပြခဲ့ကြသည့် ဗီဒီယိုများတွင် အာရုံဆုံးရှုံးအောင်ပြုခြင်း၊ အစားအစာနှင့် ရေ ရှားပါးစေခြင်း နှင့် အိပ်ချိန်ရှားပါးစေခြင်း များ အသုံးပြုခြင်း အပါအဝင် စစ်ကြောရေးနည်းလမ်းများကို မြင်ရကြောင်းနှင့် အချို့သော ဗီဒီယိုများတွင် အီရတ်လူမျိုးများအား ထိန်းသိမ်းရေးစခန်းပြင်ပတွင် စစ်သားများမှ ရိုက်နှက်မှု၊ ခြေဖြင့် ကန်မှုတို့ကို ထပ်မံပြသထားသည်။ See ECCHR and PIL January 2014 communication, pp. 110–12, see *supra* note ၄၂.

"၎င်းတို့အားလုံးအား မှတ် တမ်းတင်ရုပ်ရှင်ရိုက်ထားခြင်းမှာ တရားလိုရှေ့နေတစ်ယောက်၏အိပ်မက်တစ်ခုဖြစ်သည်"။[109] အထက်တွင်ဆိုခဲ့သည့်အတိုင်း OTP အနေဖြင့် ပဏာမစုံစမ်းစစ်ဆေးသည့်အဆင့်တွင် စုံစမ်းစစ်ဆေးခွင့်အာဏာကို မကျင့်သုံးသေးပေ။ ထို့ကြောင့် ၎င်းအနေဖြင့် ဗြိတိန်အာဏာပိုင်များအား ထိုကဲ့သို့သော အချက်အလက်များ မျှဝေပေးရန် *အတင်းအကျပ်တောင်းဆိုမှု* မပြုနိုင်ခြင်းဖြစ်သည်။ ICC ၏ တရားလိုရှေ့နေများသည် ပဏာမစုံစမ်းစစ်ဆေးသည့် အဆင့်၌ သီးခြားမှတ်တမ်းများကို ရရှိရန် တောင်းဆိုမှု ပြုနိုင်/မပြုနိုင်ဆိုသည်မှာ အငြင်းပွားနေဆဲဖြစ်သည်။[110]

အီရတ်/ဗြိတိန်စုံစမ်းစစ်ဆေးမှု၏ အခြားစိတ်ဝင်စားဖွယ်ကိစ္စရပ်တစ်ခုမှာ ရှေ့နေချုပ်ရုံးနှင့် အပိုဒ် ၁၅ ဆက်သွယ်တိုင်တန်းခြင်းများ ပြုလုပ်တင်သွင်းခဲ့သည့် အရပ်ဖက်အဖွဲ့အစည်းများ၊ ရှေ့နေများအကြား ပူးပေါင်း ဆောင်ရွက်မှုနှင့် ဆက်စပ်နေသည်။ ရှေ့နေချုပ်ရုံးသည် တင်သွင်းလွှာများနှင့် ဆက်စပ်သောပြဿနာများကို ရှင်း လင်းရန်နှင့် ထပ်တိုးပံ့ပိုးပေးသည့် အချက်အလက်များ နှင့် ဆက်စပ်ပြဿနာများကို လက်ခံစဉ်းစားနိုင်ရန် အဆိုပါ အဖွဲ့အစည်းများ နှင့် ဥပဒေအကြံပေးကုမ္ပဏီများမှ ကိုယ်စားလှယ်များနှင့် ပုံမှန်တွေ့ဆုံခဲ့ကြသည်။[111] ပါဝင်ခဲ့ကြ သည့် ရှေ့နေများမှာ တစ်ခါတစ်ရံတွင် OTP ၏ ဝန်ထမ်းများမှ ၎င်းတို့ပြုလုပ်နေသော အကဲဖြတ်ဆန်းစစ်မှုများ

[109] Author's interviews (Nicholas Mercer).

[110] PE Policy Paper တွင် ရှေ့နေချုပ်ရုံးအနေဖြင့် ပဏာမစုံစမ်းစစ်ဆေးမှုပြုလုပ်သည့်အဆင့်တွင် အပြည့်အဝစုံစမ်းခွင့်အာဏာမရှိသေးသော်လည်း ၎င်းအနေ ဖြင့် သတင်းအချက်အလက်များကို 'နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရများအကြား နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ လည်းကောင်း၊ အခြား သင့်တော်ထင်မြင့်သည့် အရင်းအမြစ်များကိုလည်းကောင်း ရှာဖွေနိုင်သည်" ဟု ဖော်ပြထားသည်၊ PE Policy Paper, paras. 12, 85 and 102, see *supra* note ၁၀ ။ အချို့သော အင်တာဗျူးဖြေဆိုသူများမှ ဗီဒီယိုမှတ်တမ်းများကဲ့သို့ သတင်းအချက်အလက်များတောင်းခံခြင်းသည် စုံစမ်းစစ်ဆေးသည့်အဆင့် ဖြစ်စေကြောင်း၊ ထို့ကြောင့် ပဏာမစုံစမ်းစစ်ဆေးသည့်အဆင့်၌ ခွင့်ပြုမထားကြောင်းကို အကြံပြုထားသည်။ Author's interviews (various)

[111] ယခင် PIL နှင့်အတူ Bethany Shiner မှရှင်းပြထားသည်မှာ ICC တရားလိုရှေ့နေများသည် PIL ရုံးသို့ လာရောက်စဉ်အခါက ၎င်းတို့အား သက်ဆိုင်ရာ အမှုတွဲ များအား အပြည့်အဝရရှိနိုင်အောင် ပံ့ပိုးပေးခဲ့သလို စွပ်စွဲချက်များအပေါ် ထောက်ခံထားမည့် မှန်ကန်တဲ့သတင်းအချက်အလက်များ ပါရှိသည့် ရာပေါင်းများစွာသောစာမျက်နှာများကိုလည်း ပံ့ပိုးပေးခဲ့ကြသည်။ Author's interviews (Bethany Shiner).

အကြောင်းမျှဝေလေ့မရှိခြင်းကြောင့် ၎င်းတို့နှင့် "အလုပ်တွဲလုပ်ရန်ခက်ခဲ" နိုင်မည့် ခံစားချက်မျိုးကြုံတတ်သော် လည်း OTP နှင့် ပူးပေါင်းဆောင်ရွက်မှုသည် "ယေဘုယျအားဖြင့် ပွင့်လင်းမှုရှိပြီး" "တိုးတက်မှုရှိ" ကြောင်း တွေ့ကြုံခဲ့ကြသည်။[112]

OTP မှလည်း "အရင်းအမြစ်များ၏ ယုံကြည်စိတ်ချရမှုနှင့် စွပ်စွဲထားသည့် ပြစ်မှုများနှင့်စပ်လျဉ်းပြီး ရရှိလာသည့် သတင်းအချက်အလက်များ၏ ခိုင်မာကိုးစားနိုင်မှုတို့ကို နှံ့နှံ့စပ်စပ်အကဲဖြတ်ခြင်းတစ်ခု" ကို လုပ်ဆောင်ခဲ့သည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာတွင် PIL ရုံးများသို့ "တောင်းဆိုမှုများနှင့် ဆက်စပ်သော အထောက်အကူပြုအချက်အလက်များအား စိစစ်သုံးသပ်နိုင်ရန်အလို့ငှာ အဖွဲ့တစ်ခုစေလွှတ်ခဲ့ခြင်းလည်း ပါဝင်သည်။[113] သို့သော် အောက်တွင်ဆွေးနွေးထားသည့်အတိုင်းပင် PIL မှ ရှေ့နေများ (နှင့် အီရတ်တရားစွဲဆိုမှုများနှင့် ပါဝင်ပတ် သက်နေသည့် ဗြိတိန်ရှိ အခြား ဥပဒေအကြံပေးကုမ္ပဏီများ) သည် အကျင့်ပျက်ချစားမှု စွပ်စွဲချက်များနှင့် ရင်ဆိုင်နေကြရပြီး ထိုအချက်သည် ၎င်းတို့မှ ပြည်တွင်း တရားစီရင်ရေးအဖွဲ့အစည်းများ နှင့် ICC သို့ တင်သွင်းထား သော အချက်အလက်များ၏ ယုံကြည်ကိုးစားနိုင်မှုအပေါ် သက်ရောက်မှုရှိနိုင်ချေရှိသည်။ ထိုကိစ္စအလို့ငှာ OTP သည် ၂၀၁၆ ခုနှစ် ပဏာမစုံစမ်းစစ်ဆေးမှုဆိုင်ရာအစီရင်ခံစာတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

> ရှေ့နေချုပ်ရုံးအနေဖြင့် အထူးသဖြင့် သတင်းအချက်အလက် ပံ့ပိုးသူများ၏ ယုံကြည် အားကိုးနိုင်မှုကို ထိခိုက်စေမည့် ကိစ္စရပ်များကို သတိပြုမိသည်။ ၎င်းတွင် အမျိုးသားအဆင့် သတ်မှတ်ချက် ရှိသော အေဂျင်စီတစ်ခုနှင့် ပဋိညာဉ်တာဝန်ဝတ္တရားချိုးဖောက်ခြင်းအတွက် ဥပဒေအထောက်အကူပြုမှုရံပုံငွေကို ပိတ်ပင်ဖြတ်တောက်လိုက်သည်ဟု စွပ်စွဲကာ PIL အား ပိတ်သိမ်းလိုက်ခြင်းနှင့် ဗြိတိန်ရှိ အီရတ် တောင်းဆိုသူများကိုယ်စား လိုက်ပါဆောင်ရွက်ပေး နေသော PIL နှင့် အခြားအုပ်စုများအပေါ် အကျင့်ပျက်ခြစားမှု စွဲဆိုချက်များ ပြုလုပ်ပြီး ထိုမှတဆင့် စုံစမ်းစစ်ဆေးမှုတစ်ခုဖြင့် Solicitors Regulation

[112] Author's interviews (Bethany Shiner).

[113] 2015 Report on Preliminary Examination Activities, para. 42, see *supra* note ၄၅ တွင်ကြည့်ပါ။

> Authority ("SRA") သို့ ရောက်ရှိစေရန် ဦးတည်ခဲ့ကာ နောက်ပိုင်းတွင် PIL နှင့် Leigh Day နှစ်ဖွဲ့စလုံးကို Solicitors Disciplinary Tribunal ("SDT") သို့ လွှဲပို့ခဲ့ကြသည်။ ရှေ့နေချုပ်ရုံးအနေဖြင့် အနီးကပ်စောင့်ကြည့်သုံးသပ်မှုများပြုလုပ်ခဲ့ပြီး SDT ရှေ့မှောက်တရားစွဲဆိုမှု အခြေအနေများ အပါအဝင် ပြည်တွင်းအဆင့်ရှိ စပ်ဆိုင်သော တိုးတက်မှုများကို အမြဲမပြတ် ဆက်လက် စောင့်ကြည့် လုပ်ဆောင်သွားလိမ့်မည်။"[114]

အောက်တွင်ဆွေးနွေးသွားမည့်အတိုင်းပင် IHAT ပိတ်သိမ်းလိုက်ခြင်း၏ အဓိကမျှချေတစ်ရပ်မှာ PIL အပေါ်စွဲဆိုထားသာစွပ်စွဲချက်များနှင့် အတိအကျဆက်စပ်နေပြီး ဦးဆောင်ရှေ့နေဖြစ်သူ ဖေးလ် ရှိုင်နာ၏ အကျင့်ပျက် ခြစားမှုစွဲချက်များအပေါ် ဝန်ခံချက်နှင့်လည်း ဆက်စပ်နေသည်။ ရှိုင်နာ၏ အကျင့်ပျက်ခြစားမှုသည် OTP သို့ တင်သွင်းခဲ့သော အချက်အလက်များတွင် ယုံကြည်ကိုးစားနိုင်မှုကင်းမဲ့နေသည်ဟု မဆိုလိုနိုင်သော်ငြားလည်း ICC တရားလိုရှေ့နေများသည် ထိုအချက်၏ အကျိုးဆက်များကို အသေအချာ ထည့်သွင်းစဉ်းစားဟန်ရှိသည်။ ဖြစ်နိုင်ချေ တစ်ခုရှိနေသည်မှာထိုအချက်အပေါ် အခြေခံပြီးစုံစမ်းစစ်ဆေးမှုမှာ ရပ်ဆိုင်းသွားနိုင်သည်။ အတ္တဆန်ဆန် တွေး ကြည့်ပါမူ အချို့သူများမှ ၎င်းသည် OTP အတွက် စီမံကြီးကြပ်ရန် ပိုမိုခက်ခဲလာနိုင်ချေရှိသော အနေအထားတစ်ခုမှ အလွယ်ကူဆုံး "ထွက်လမ်း" တစ်ခုဖြစ်လိမ့်မည်ဟု ထင်မြင်ကောင်းထင်မြင်နိုင်သည်။ သို့ရာတွင် ၎င်းသည် ဗျူဟာ တစ်ခုလည်း ဖြစ်ကာ ရှိုင်နာ၏ အကျင့်ပျက်ခြစားမှုနှင့် ECCHR နှင့် PIL တို့မှ တင်သွင်းထားသော အချက် အလက်များ၏ ယုံကြည်ကိုးစားနိုင်မှုတို့အကြား ချိတ်ဆက်မှုတစ်စုံတစ်ရာကို ယုံကြည်လောက်အောင် ဖော်ပြနိုင် ခြင်းမရှိခဲ့ပါက စုံစမ်းစစ်ဆေးမှုကို ရပ်ဆိုင်းလိုသော ရှေ့နေချုပ်ရုံး၏ အရင်းခံလှုံ့ဆော်မှုများနှင့် စပ်လျဉ်းပြီး မေးခွန်းများ ပေါ်ထွက်လာစေနိုင်သည်။

---

[114] 2016 Report on Preliminary Examination Activities, para. 105, see *supra* note ၉ တွင်ကြည့်ပါ။

ရှေ့နေချုပ်ရုံးသည် အပိုဒ် ၁၅ ဆက်သွယ်တိုင်တန်းမှု ပေးပို့သူများအပြင် Redress ၊ Amnesty International ၊ နှင့်Human Rights Watch တို့ကဲ့သို့သော NGOs များမှ ပေးပို့လာသည့် အချက်အလက်များကို လည်း စုံစမ်းစစ်ဆေးခဲ့သည်။ ရှေ့နေချုပ်ရုံးမှ ၎င်းအနေဖြင့် အဆိုပါ သတင်းအချက်အလက်များကို "ဗြိတိန်စစ်တပ် မှလုပ်ဆောင်ခဲ့သည့် စစ်ဘက်ဆိုင်ရာနှင့် သောင်းကျန်းသူနှိမ်နှင်းရေးဆိုင်ရာစစ်ဆင်ရေးများကဲ့သို့သော အချုပ်ခန်း ပြင်ပ အခြေအနေများတွင် ဗြိတိန်မှ ပုဂ္ဂိုလ်များက အီရတ်ပြည်သူများအား တရားမဝင် သတ်ဖြတ်ခြင်းများအပေါ် စွပ်စွဲချက်များကို အပြန်အလှန်စစ်ဆေးရန်" အသုံးပြုသည်ဟု ဖော်ပြထားသည်။[115] သို့ရာတွင် ရှေ့နေချုပ်ရုံးသည် ခိုင်လုံသော အထောက်အထားသက်သေခံချက်များရရှိအောင် ဤအဆင့်တွင် မည်သို့လုပ်ဆောင်ခဲ့သည်မှာ ရှင်းလင်းမှုမရှိပေ။ ဥပမာ - လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုမှ OTP အား မာစာ (Mercer) နှင့်တွေ့ရန် တိုက်တွန်း ထားသည်။ ထိုသူအနေဖြင့် ထိန်းသိမ်းရေးစခန်းများတွင် ကိုယ်တိုင်မြင်တွေ့ခဲ့ရသည့် ညှင်းပန်း နှိပ်စက်မှုများနှင့် စပ်လျဉ်းသော သက်သေအထောက်အထားများ နှင့် စုံစမ်းစစ်ဆေးမှုဆက်လက်ပြုလုပ်နိုင်ရန် အခြေခံ အကြောင်းရင်း ရှိ/မရှိ ဆုံးဖြတ်ရာ၌ အဓိကကျနိုင်သည့် အခြားသတင်းအချက်အလက်များကို OTP သို့ ပေးလိုစိတ် ရှိသည်ဟု ICC ၏ တရားလိုရှေ့နေများသည် သတိပြုမိခဲ့လျှင်ပင် OTP သည် ၎င်းနှင့် တွေ့ဆုံရန် လုပ်ဆောင်ခဲ့ ခြင်းမရှိပေ။[116]

## ၄.၄. OTP သည် အီရတ်/ဗြိတိန် စုံစမ်းစစ်ဆေးမှုအား အခြားသောပဏာမစုံစမ်းစစ်ဆေးမှုများနှင့် မတူဘဲ ကွဲလွဲစွာ လုပ်ဆောင်ခဲ့သလား?

အထက်တွင် ဖော်ပြခဲ့မှုများစွာသည် OTP မှ အီရတ်/ဗြိတိန်စုံစမ်းစစ်ဆေးခြင်းအား အခြားသော ပဏာမ စုံစမ်းစစ်ဆေးမှုများနှင့်မတူဘဲ ကွဲလွဲစွာလုပ်ဆောင်ခဲ့ခြင်း

[115] See *ibid*., para. 102.

[116] Author's interviews (Carla Ferstman and Nicholas Mercer) ၊ သို့ရာတွင် အချို့သော အင်တာဗျူးဖြေဆိုသူများမှ ထိုသို့ပြုလုပ်ခြင်းသည် ပဏာမစုံစမ်း စစ်ဆေးမှုအဆင့်၌ ခွင့်ပြုမထားသော စုံစမ်းစစ်ဆေးမှုတစ်ခုကို ဖြစ်စေနိုင်လိမ့်မည်ဟု ယုံကြည်ကြသည်။ Author's interviews (various)

ရှိ/မရှိဆိုသည့် မေးခွန်းကို ဖြစ်လာစေသည်။ တခြားနည်း ဖြင့်ဆိုရလျှင် ဗြိတိန်၏ နိုင်ငံတကာရပ်တည်မှု၊ သံခင်းတမန်ခင်း ဩဇာအာဏာရှိမှု နှင့် ICC ၏ အမာခံပံ့ပိုးသူဖြစ်နေခြင်းသည် ရှေ့နေချုပ်ရုံးမှ ယခုပဏာမစုံစမ်းစစ်ဆေးမှုအား မည်ကဲ့သို့လုပ်ဆောင်သည်ဆိုသည့်အပေါ် ယေဘု ယျအားဖြင့် တစ်နည်းတစ်ဖုံ သက်ရောက်မှုရှိပါသလား? ICC တရားလို ရှေ့နေများ သည် အင်အားကြီးနိုင်ငံတစ်ခုကို စုံစမ်းစစ်ဆေးသည့်အခါတွင် တန်ပြန်ရရှိလာမည့် ရှေ့နေချုပ်ရုံး၏လုပ်ဆောင်မှုများအပေါ် ပိုမိုစောင့်ကြည့်လာခြင်း များအပါအဝင် အကျိုးဆက်များကိုလည်း သတိထားမိဟန်ရှိသည်။ ထို့ကြောင့်ပင်ယခုစုံစမ်းစစ်ဆေးမှု၌ လုပ် ဆောင်မှု တစ်ခုခုနှင့် ထုတ်ပြန်ချက်များ ပြုလုပ်ချမှတ်ရာတွင် အထူးဂရုတစိုက် စဉ်းစားကြခြင်းသည်။ သို့ရာတွင် ယခု သုတေသနမှ ပေါ်ထွက်လာသည့် ယေဘုယျအမြင်တစ်ခုရှိသည်မှာ ရှေ့နေချုပ်ရုံးသည် ယခုစုံစမ်း စစ်ဆေးမှုတွင် အခြားသော စုံစမ်းစစ်ဆေးမှုများတွင် အသုံးပြုထားသည့်အတိုင်း တူညီသောစံသတ်မှတ်ချက်များကို အသုံးပြုရန် ကတိကဝတ်ပြုထားသည်ဆိုသည့် အချက်ဖြစ်သည်။ ထိုစံသတ်မှတ်ချက်များတွင် အကယ်၍ ရှေ့နေချုပ်ရုံးမှ အပိုဒ် ၅၃ တွင်ပါရှိသော စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည်ဟု ထင်မြင်ခဲ့ပါက စုံစမ်းစစ်ဆေးမှုတစ်ခု ပြုလုပ်ရန် အတွက် Pre-Trial Chamber ၏ ခွင့်ပြုချက်တောင်းခံကာ ရှေ့ဆက်လုပ်ဆောင်ရန် ဆန္ဒရှိမှုဆိုသည့် မူသဘော တရားတစ်ခုလည်း ပါဝင်သည်။[117]

ထိုကိစ္စနှင့်စပ်လျဉ်းပြီး အထူးအရေးကြီးသည့်မေးခွန်းတစ်ခုမှာ US စစ်တပ်များနှင့် CIA တို့မှ ရာဇဝတ်မှုများ ကျူးလွန်သည်ဟု စွပ်စွဲထားချက်များပါဝင်နေသည့် အာဖဂန်နစ္စတန် စုံစမ်းစစ်ဆေးမှုသည် အီရတ်/ဗြိတိန် စုံစမ်းစစ်ဆေးမှုအပေါ် တစ်နည်းတစ်ဖုံ သက်ရောက်မှု ရှိ/မရှိ ဟူသည့်မေးခွန်းဖြစ်သည်။ အနောက်အုပ်စု အဓိက အင်အားကြီး နှစ်ခုပါဝင်သော စုံစမ်းစစ်ဆေးမှုများကို တပြိုင်တည်း ပြုလုပ်လိုက်ခြင်းသည်

[117] Author's interviews (various) ၊ သို့သော် ဤဆောင်းပါး၏ တစ်နေရာရာတွင် မှတ်သားခဲ့သည့်အတိုင်းပင် အချို့သော အင်တာဗျူးဖြေဆိုသူများသည် OTP အနေဖြင့် တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်းကျရောက်သည့် ပြစ်မှုများ ဟုတ်/မဟုတ် သတ်မှတ်ရာတွင် ကျိုးကြောင်းဆီလျော်သော အခြေခံအချက်ရှိ/မရှိ စဉ်းစား ခြင်းအတွက် အသစ်ဖြစ်ပြီး အလွန်မြင့်မားသော စံနှုန်းတစ်ခုကို ကျင့်သုံးခဲ့ကြကြောင်း ယုံကြည်ကြသည်။ Author's interviews (various)

OTP နှင့် တရားရုံးတို့ အတွက် ထူးခြားသော အကျိုးဆက်များနှင့်အတူ အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး၏ လုံးဝဉသုံ လမ်းကြောင်း အသစ် တစ်ခုကို အလိုအလျောက် ဖြစ်လာစေလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ဖြစ်နိုင်ချေရှိသော စုံစမ်းစစ်ဆေးမှု များ၏ အချိန်ကာလသည် လုံးဝကွဲပြားနိုင်ချေရှိသည်။ တရားလိုရှေ့နေမှ ၂၀၁၆ ခုနှစ် ပဏာမ စုံစမ်းစစ်ဆေးမှုများ ဆိုင်ရာ အစီရင်ခံစာတွင် အာဖဂန်နစ္စတန်ရှိ အခြေအနေများကို စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်ရန် Pre-Trial Chamber ၏ ခွင့်ပြုချက်တောင်းခံခြင်း ပြု/မပြု ဆုံးဖြတ်ချက်အား "မကြာမီ" ချမှတ်လိမ့်မည်ဟု ဖော်ပြထားသည်။[118] ယခုအခန်း ပါ ဝေဖန်ဆန်းစစ်မှုကို ကြည့်ခြင်းအားဖြင့် အီရတ်/ဗြိတိန်စုံစမ်းစစ်ဆေးမှုတွင် ထိုကဲ့သို့သော ဆုံးဖြတ်ချက်ကို "မကြာမီ" ချမှတ်နိုင်ချေမှာ နည်းပါလှသည်။ ထို့ပြင် အရင်းအမြစ်နှင့်စပ်လျဉ်းသည့် မေးခွန်းလည်း ရှိလာသည်။ အလွန်ပင်ရှုပ်ထွေးလှသည့် အခြေအနများပါဝင်နေသည့် စုံစမ်းစစ်ဆေးမှု အသစ်နှစ်ခုအား တပြိုင်နက် စတင် လုပ်ဆောင်မှုနှင့်အတူ အရေးပါအရာရောက်သည့် သံခင်းတမန်ခင်း အင်အားရှိသော နိုင်ငံများ၏ မမြင်သာနိုင်သည့် ဖိအားပေးမှုများ ရှေ့နေချုပ်ရုံးအပေါ် ရှိလာနိုင်ချေတို့သည် ရှေ့နေချုပ်ရုံးအား ၎င်း၏စွမ်းဆောင်နိုင်စွမ်းထက် ကျော်လွန်ပြီး ဝန်ပိစေနိုင်သည်။ OTP အနေဖြင့် အီရတ်/ဗြိတိန် အခြေအနေအပေါ် တရားဝင်စုံစမ်းစစ်ဆေးမှု လုပ်ဆောင်ရန် တောင်းဆိုနိုင်သည့် အခြေခံအချက် ရှိ/မရှိ ဆုံးဖြတ်ခြင်းကို ပညာရှင်ဆန်ဆန်နှင့် ဓမ္မဓိဋ္ဌာန်ကျကျ လုပ်ဆောင်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုထား သော်လည်း အကယ်၍ အာဖဂန်နစ္စတန်ရှိ အခြေအနေများကို မကြာမီကာလအတွင်း စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်ခဲ့သည်ဆိုပါလျှင် အီရတ်/ဗြိတိန်စုံစမ်းစစ်ဆေးမှုကိုလည်း ရှေ့နေချုပ်ရုံးမှ မကြာမီအချိန်အတွင်း ပြုလုပ်လိမ့်မည့် အလားအလာမှာ မဖြစ်နိုင်ပေ။

---

[118] 2016 Report on Preliminary Examination Activities, para. 230, see *supra* note ၉. As of August 2017, the OTP was yet to make an announcement on whether it will proceed with requesting the authorization of an investigation of the situation in Afghanistan တွင်ကြည့်ပါ။

## ၅. ပဏာမစုံစမ်းစစ်ဆေးမှုအပေါ် မြိတိန်၏ တုန့်ပြန်ချက်များ

### ၅.၁. ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှုအား ပြန်လည်ဖွင့်လှစ်လိုက်ခြင်းအပေါ် အလုံးစုံ တုန့်ပြန်ချက်များ

မြိတိန်အစိုးရသည် အီရတ်/မြိတိန်ပဏာမစုံစမ်းစစ်ဆေးမှုပြန်လည်ဖွင့်လှစ်လိုက်ခြင်းအပေါ် အလုံးစုံမဟာ ဗျူဟာ (၃) ရပ်ကို သုံးကာ တုန့်ပြန်ခဲ့သည်။ ပထမဦးစွာ အစိုးရသည် OTP နှင့်အတူ ပူးပေါင်း ဆောင်ရွက်လိုသော ဆန္ဒကို ဖော်ပြခဲ့ပြီး ၎င်းအနေဖြင့် ရှေ့နေချုပ်ရုံးမှ မျှော်လင့်ထားသော နည်းလမ်းအားလုံးကို ယနေ့ထိ လုပ်ဆောင် ခဲ့ဟန်ရှိသည်။[119] ဒုတိယအချက်အနေဖြင့် မြိတိန်အစိုးရသည် ပဏာမစုံစမ်းစစ်ဆေးမှုအား အချက် (၃) ရပ်အပေါ် အခြေပြုကာ ပိတ်သိမ်းသင့်ကြောင့်ဖော်ပြထားသည်။ (၁) ပြစ်မှုများသည် အရေအတွက်အများအပြား နှင့်/ သို့မဟုတ် စနစ်တကျ ကျူးလွန်ခဲ့ခြင်းများ မဟုတ်သဖြင့် တရားရုံးတွင် စီရင်ပိုင်ခွင့်မရှိပေ၊ (၂) အီရတ်တွင် ကျူးလွန် ခဲ့သော ပြစ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်သော တရားစီရင်ရေးနည်းလမ်းများ မြိတိန်တွင် ရှိနေခြင်းကြောင့် Rome ဖွဲ့စည်းပုံဥပဒေ၏ ဖြည့်စွက်မှုဆိုင်ရာ စနစ်မူဘောင်သည် တရားရုံးအား ယခုအခြေအနေကို လက်ခံစဉ်းစားခွင့် မပြု ပေ၊ နှင့် (၃) ပဏာမစုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အခြေပြုထားသည့်အချက်အလက်များသည် ယုံကြည်ကိုးစားထိုက် မှု မရှိပေ။[120] တတိယအချက်နှင့် အလွန်ဆက်စပ်မှုရှိနေသည်မှာ မြိတိန်အာဏာပိုင်များသည် တာဝန်ခံမှုလုပ်ငန်း စဉ်များတွင် ပါဝင်ခဲ့သော ရှေ့နေများအား ပစ်မှတ်ထားခဲ့ခြင်း နှင့် ယခုအမှုတွင် ပေါ်ပေါက်လာသည့် ဥပဒေ လုပ်ငန်း စဉ်များ ထပ်မံဖြစ်ပွားခြင်းမရှိစေရန်ရှေးရှုလျက် လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် လူ့အခွင့်အရေး ဥပဒေ ကို ဆက်လက်ကျင့်သုံးနိုင်ခြင်းမရှိစေရေးအတွက် ဥပဒေအား

---

[119] ယခုသုတေသနအတွက် ဆွေးနွေးတိုင်ပင်ခဲ့သည့် မည်သူတစ်ဦးတစ်ယောက်မျှ မြိတိန်အစိုးရသည် ICC နှင့် ပူးပေါင်းလုပ်ဆောင်ပါမည်ဆိုသည့် ကတိပြုထား ခြင်းကို လိုက်နာရန် တနည်းနည်းဖြင့် ပျက်ကွက်ခဲ့သည်ဟု ထင်ကြေးမပေးပေ။

[120] အစိုးရအရာရှိများသည် ထိုထင်မြင်ချက်များအတွက် ICC တရားလိုရှေ့နေများထံ မသေချာမရေရာစွာဖြင့် ဆက်သွယ်ခဲ့ကြသည်။ ၎င်းကိုအခြေပြုကာ စုံစမ်းစစ် ဆေးမှုအား တတ်နိုင်သမျှ မြန်မြန်အဆုံးသတ်ပေးရန် တောင်းဆိုခဲ့ကြသည်။ Author’s interviews (various).

လျော့ပေါ့ခွင့်တောင်းဆိုသော အဆိုပြုချက် အပါ အဝင် ပိုမိုကျယ်ပြန့်သော လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့သည်။[121]

အဘယ့်ကြောင့် ပဏာမစုံစမ်းစစ်ဆေးမှုကို ပိတ်သိမ်းသင့်သည်ဆိုသည့် ပထမတောင်းဆိုမှုနှင့် စပ်လျဉ်းပြီး ဗြိတိန်အစိုးရ အရာရှိများမှ အီရတ်တွင် ကျူးလွန်ခဲ့သော ပြစ်မှုများသည် စနစ်တကျကျူးလွန်ခြင်းများ မဟုတ်ခဲ့ကြောင်း ဆက်တိုက်ဖော်ပြခဲ့ကြပြီး ICC တွင် အကြောင်းအရာစီရင်ပိုင်ခွင့်မရှိကြောင်း အရိပ်အမြွက် ပြောကြားခဲ့သည်။ ဥပမာ - ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ECCHR နှင့် PIL တို့မှ OTP သို့ လျှောက်ထားမှုများ တင်သွင်းပြီးနောက် ဗြိတိန် MoD မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ၎င်းတို့အနေဖြင့် "ပြည်တွင်းဥပဒေနှင့် အပြည်ပြည် ဆိုင်ရာဥပဒေများနှင့်အညီ စစ်ဆင်ရေးလုပ်ဆောင်ခဲ့ပြီး ဗြိတိန်တပ်ဖွဲ့များမှ ထိန်းသိမ်းခံရသူများအား စနစ်တကျ ညှင်းပန်းနှိပ်စက်ခဲ့ကြသည်ဆိုသည့် ထင်မြင်ယူဆချက်ကို ငြင်းဆိုပါကြောင်း" ရိုးရိုးရှင်းရှင်း ဖော်ပြခဲ့သည်။[122] ထို့နောက် နိုင်ငံခြားရေးအတွင်းဝန် ဝီလီယံ ဟိဂ် (William Hague) မှလည်း အလားတူပင် "အချို့သောအကြမ်းဖက် မှုများရှိခဲ့ပြီး ၎င်းတို့အား အသိအမှတ်ပြုခဲ့ပြီး တောင်းပန်ခြင်းများနှင့် သင့်တင့်သော လျော်ကြေးပေးခြင်း များကို လည်း ပြုလုပ်ပေးခဲ့" သော်လည်း "ဗြိတိန်တပ်ဖွဲ့များမှာ စနစ်တကျ အကြမ်းဖက်မှုများ ကျူးလွန်ခဲ့သည်ဆိုသည့် စွပ်စွဲချက်များကို အပြည့်အဝ ငြင်းပယ်ထားသည်မှာ အစိုးရအနေဖြင့် အမြဲတမ်း

121 ဝန်ကြီးချုပ် Theresa May မှ စစ်ပွဲအနေအထားအား ECHR မှ 'လျော့ပေါ့ပေးနိုင်သည့်ယူဆချက်' တစ်ခုကိုသာ မိတ်ဆက်သည့် အနေဖြင့် အကောင်အထည်ဖော်ခြင်းဖြစ်နိုင်သည့်" အဆိုပြုချက်သည် "ယခင်ပဋိပက္ခစစ်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသူများအား လိုက်လံရှာဖွေနေသော စိတ် အနှောက်အယှက်ဖြစ်ဖွယ်ရာတောင်းဆိုမှုများပြုလုပ်နေသည့် နယ်ပယ်တစ်ခုကို အဆုံးသတ်စေရန်" ရည်ရွယ်ထားပါသည် ဟု ဖော်ပြခဲ့သည်။ Peter Walker and Owen Bowcott, "Plan for UK military to opt out of European convention on human rights", in *The Guardian*, 4 October 2016. For a further discussion of the proposal, see Marko Milanovic, "UK to Derogate from the ECHR in Armed Conflict", in *EJIL: Talk!*, 5 October 2016. တွင်ကြည့်ပါ။

122 Jonathan Owen, "Exclusive: Devastating dossier on 'abuse' by UK forces in Iraq goes to International Criminal Court", in *The Independent*, 12 January 2014, see *supra* note ၁.

ရှင်းလင်းစွာ ဖော်ပြခဲ့သလို စစ်တပ် အနေဖြင့်လည်း ရှင်းရှင်းလင်းလင်း ပြောဆိုခဲ့ကြောင်း” ကို ဖော်ပြထားသည်။[123]

အဘယ့်ကြောင့် ပဏာမစုံစမ်းစစ်ဆေးမှုကို ပိတ်သိမ်းသင့်သည်ဆိုသည့် ဒုတိယတောင်းဆိုမှုနှင့် စပ်လျဉ်းပြီး ဗြိတိန်အစိုးရ အရာရှိများသည် ပြည်တွင်းတရားစီရင်ရေးလုပ်ငန်းစဉ်များ တည်ရှိနေမှုကို ဆက်တိုက် ထောက်ပြခဲ့ကြပြီး အထူးသဖြင့် IHAT သည် ICC ၏ ဆောင်ရွက်မှုများကို လိုအပ်မှုမရှိကြောင်း နှင့် ICC မှ အမှုများကိုလည်း လက်ခံစဉ်းစားနိုင်ခြင်းမရှိကြောင်း ထောက်ပြခဲ့ကြသည်။[124] ဥပမာ- ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် MoD ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တစ်ဦးမှ ECCHR နှင့် PIL တို့ တောင်းဆိုထားသော စွပ်စွဲချက်များမှာ “ဗြိတိန်အစိုးရမှ သိရှိပြီးဖြစ်သည့် ကိစ္စရပ်များနှင့် စွပ်စွဲချက်များဖြစ်သဖြင့် အသေးစိတ် စုံစမ်းစစ်ဆေးခြင်းကိုလည်းကောင်း သို့မဟုတ် ICC မှတဆင့် နောက်ထပ်လုပ်ဆောင်မှုများကိုလည်းကောင်း မလိုအပ်ကြောင်း၊ အရေးယူဆောင်ရွက်မှု များသည် လက်ဝယ်တွင်ရှိနေပြီး ဗြိတိန်တရားရုံးများမှလည်း စီရင်ချက်များ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း” မှတ်ချက်ပြု ခဲ့သည်။[125] နိုင်ငံခြားရေးအတွင်းဝန် ဝီလီယံ ဟိဂ် (William Hague) မှလည်း အလားတူပင် “ထိုစွပ်စွဲချက်များမှာ ယခင်ကတည်းက စုံစမ်းစစ်ဆေးနေဆဲ စွပ်စွဲချက်များဖြစ်နေကြောင်း၊ သို့မဟုတ် တည်ထောင်ထားသည့် သမိုင်းဝင် အကြမ်းဖက်မှုများဆိုင်ရာ စနစ်ဖြင့်ဖြစ်စေ၊ ပြည်သူ့စုံစမ်းစစ်ဆေးမှုဖြင့်ဖြစ်စေ၊ ဗြိတိန်တရားရုံးမှ သို့မဟုတ် ဥရောပ တရားရုံးများဖြင့်ဖြစ်စေ နည်းလမ်းပေါင်းများစွာဖြင့် ယခင်ကပင် ဖြေရှင်းပြီးဖြစ်သည့် စွပ်စွဲချက်များဖြစ်နေကြောင်း” မှတ်ချက်ပြုခဲ့ သည်။[126] ယခုအမှုတွင် ICC ၏ အကြောင်းအရာစီရင်ပိုင်ခွင့်အပေါ် ငြင်းပယ်ခြင်းနှင့် မသက်ဆိုင်စေဘဲ ဗြိတိန်သံတမန်များမှ စာချုပ်ဝင်နိုင်ငံများညီလာခံအချိန်တွင် အထက်တွင်ဖော်ပြခဲ့သည်ကို “ဆောင်ရွက်ဆဲ

[123] *Ibid*.

[124] UK Attorney General’s Office and Ministry of Defence, Sir David Calvert-Smith, Review of the Iraq Historic Allegations Team, 15 September 2016, p. 37 (‘Review of the Iraq Historic Allegations Team’) (https://www.legal-tools.org/doc/35793d/) တွင်ကြည့်ပါ။

[125] *Ibid*.

[126] *Ibid*.

ဖြည့်စွက်မှုဆိုင်ရာ ရှင်းလင်းသော သရုပ်ပြမှုတစ်ရပ်” အဖြစ် ဖော်ညွှန်းပြသရန် အားထုတ်ကြိုးပမ်းခဲ့ကြသည်။[127]

အဘယ့်ကြောင့် ပဏာမစုံစမ်းစစ်ဆေးမှုကိုပိတ်သိမ်းသင့်သည်ဆိုသည့် တတိယတောင်းဆိုမှုနှင့် စပ်လျဉ်းပြီး ဗြိတိန်အစိုးရ အရာရှိများသည် ICC သို့တင်သွင်းထားသော သတင်းအချက်အလက်များ၏ ယုံကြည်ကိုးစားနိုင်မှု နှင့် အပိုဒ် ၁၅ ဆက်သွယ်တိုင်တန်းချက်များ ပေးပို့သူများ၏ ယုံကြည်ကိုးစားနိုင်မှုတို့ကို ခုခံပြောဆိုခဲ့သည်။ ယခင် ဝန်ကြီးချုပ်ဟောင်း ဒေးဗစ်ကမ်မရွန်း David Cameron မှ “အတုအယောင်” ဥပဒေရေးရာတောင်းဆိုမှုများကို နှိမ်နင်းရန် ကတိပြုခဲ့ပြီး ၂၀၁၆ခုနှစ် ဇန်နဝါရီလတွင်လည်း “ကျွန်ုပ်တို့၏ တပ်ဖွဲ့များအားလုံးကို ၎င်းတို့၏ နိုင်ငံရပ်ခြား တာဝန်များထမ်းဆောင်ပြီး အိမ်ပြန်လာသည့်အခါ အစိုးရအနေဖြင့် ၎င်းတို့အား ရှေ့နေများ၏ အခြေအမြစ် လုံးဝမရှိသည့် စွဲဆိုချက်များထံမှ ကာကွယ်ပေးလိမ့်မည်ကို သိစေလိုကြောင်း” ထပ်မံဖော်ပြခဲ့သည်။[128] အစိုးရ အရာရှိများနှင့် နိုင်ငံရေးသမားများမှလည်း အဆိုပါဥပဒေဖြစ်စဉ်များတွင် ပါဝင်နေသော ရှေ့နေများအား မကြာခဏ ညွှန်းဆိုဖော်ပြလေ့ရှိကြပြီး ၎င်းတို့အနေဖြင့် တရားဥပဒေစိုးမိုးရေးရှုထောင့်မှ စိတ်ပူမိကြောင်း၊ အထူးသဖြင့် PIL နှင့် Phil Shiner တို့အား ဥပဒေကြောင်းအရ တရားစွဲဆိုမှုများ ပြုလုပ်နေစဉ်တွင် များစွာသော စွပ်စွဲချက်များ ထွက်ပေါ် လာသည့်အတွက်ဖြစ်သည်။ ဥပမာ - Commons Defence Sub-Committee ၏ Tory လွှတ်တော်အမတ်တစ်ဦး ဖြစ်သူ ဗိုလ်မှူးကြီး ဘော့ စတီးဝပ် (Bob Stewart) မှ “ကျွန်တော်တို့မှာ အရပ်သားများဆိုင်ရာ စစ်မြေပြင် နောက်လိုက် အမှုစွဲဆိုကြမယ့် ရှေ့နေများရှိနေရုံသာမကပါဘူး၊ အခုအခါ MoD ဆိုင်ရာ စစ်မြေပြင်နောက်လိုက်

127 ၂၀၁၅ ခုနှစ်၊ စာချုပ်ဝင်နိုင်ငံများညီလာခံတွင် ဗြိတိန်မှ ၎င်းအနေဖြင့် “ထိုကိစ္စများအား ပြည်တွင်းအဆင့်၌ ထဲထဲဝင်ဝင် ကိုင်တွယ်ဖြေရှင်းနေပြီး ဖြည့်စွက်မှု သဘောကို လက်တွေ့တွင် အကောင်အထည်လုပ်ဆောင်နေကြောင်း ရှင်းလင်းသည့် ပြသမှုတစ်ရပ်အဖြစ် လုပ်ဆောင်နေကြောင်းကို [ICC] တရားလိုရှေ့နေ များထံ ပြသပြီးခဲ့ပြီဖြစ်ပါကြောင်း” ဖော်ပြခဲ့သည်။ See Catherine Adams, “Statement of the United Kingdom of Great Britain and Northern Ireland”, 18 November 2015 https://www.legal-tools.org/doc/bb9cc0/

128 ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်နေ့ The New Arab တွင် “တရားမဝင်သတ်ဖြတ်ခဲ့မှုများအတွက် ဗြိတိန်စစ်သားများအပေါ် စုံစမ်းစစ်ဆေးမှုမှာ ကျဆင်းခဲ့သည်”။

အမှုစွဲဆိုကြမယ့် ရှေ့နေများရှိလာပြီဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်သားတွေဟာ သူတို့ရဲ့အသက်တွေရင်းပြီး ရှေ့တန်းမှာ ရင်ဆိုင်နေရချိန်မှာ နောက်ယောင်ခံ လိုက်ခံရခြင်း၊ နှောက်ယှက်ခံရခြင်းနှင့် ခြိမ်းခြောက်ခံရခြင်းတွေ အတွက် ကျွန်တော့အနေနဲ့ စိတ်မကောင်းဖြစ်ရပါတယ်" ဟု မှတ်ချက်ပြုခဲ့သည်။[129] ဤကဲ့သို့သဘောရှိသည့် ပြောဆိုချက်များအား OTP အနေဖြင့် စုံစမ်းစစ်ဆေးမှုအား အပိုင်းကာလ (၃) သို့ ဆက်လက်သွားသင့်သည့် "စိတ် ဆန္ဒရှိမှု" ကိုအကဲဖြတ်သုံးသပ်ရာတွင် ထည့်သွင်းစဉ်းစားခြင်း ပြု/မပြု ဆိုသည်မှာ မရှင်းလင်းပေ။ သို့သော် ရှင်းလင်းနေသည့်အချက်မှာ OTP အနေဖြင့် ပဏာမစုံစမ်းစစ်ဆေးမှုကို ပြန်လည်ပြုလုပ်ရန် ပစ်မှတ်ထား ဦးတည်မည့်အစား အချို့သော နိုင်ငံရေးသမားများမှာ "သတင်းပေးသူများနောက်မှ မျှောလိုက်သွားစေလိုသည့်" သဘောမျိုး ရှိနေသည်။[130]

အတူတကွ စဉ်းစားကြည့်သော် အထက်တွင်ဖော်ပြထားချက်များသည် ဗြိတိန်အစိုးရအား ပဏာမစုံစမ်း စစ်ဆေးမှု နှင့် အီရတ်တွင်ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော ပြစ်မှုများနှင့် သက်ဆိုင်သည့် ဥပဒေလုပ်ငန်းစဉ်များ အား ပိုမိုဖြန့်ကျက်လုပ်ဆောင်ခြင်းတို့ကို အတော်အတန် အလေးအနက်ထား လုပ်ဆောင်သင့်ကြောင်း အကြံပြု ထားသည်။ ဒီမိုကရေဦးဆောင်နိုင်ငံတစ်ခုအနေဖြင့် ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှုခံယူရမည့်အကြောင်းနှင့် အတူ ပေါ်ထွက်လာမည့် ဂုဏ်သိက္ခာတန်ဖိုးများအပြင် ယခင်မြောက်အိုင်ယာလန်နှင့် ကိုလိုနီပြုခြင်းမှ လွတ်လပ်ခွင့်ပေး သည့်အချိန်များတွင် လုပ်ဆောင်ခဲ့သည့်စစ်ဆင်ရေးများမှ ထွက်ပေါ်လာသောဝေဖန်မှုများကြောင့် ညှင်းပန်းနှိပ်စက် မှု စွပ်စွဲချက်များအပေါ်တွင်လည်း ဗြိတိန်သည် အထူးသတိထားရမည်ဖြစ်သည်။

[129] Carri-Ann Taylor, "Ambulance-chasing lawyers handed taxpayers' cash to try to prosecute Iraq war heroes", in *The Sun*, 4 January 2016.

[130] ယခုဗျူဟာသည် အီရတ်တောင်းဆိုမှုများအတွက်သာ သီးသန့်မဟုတ်ပေ။ ၎င်းအား ယခင်က ဗြိတိန်အာဏာပိုင်များမှ အသုံးပြုခဲ့ကြပြီး ဥပမာ - မြောက်အိုင် ယာလန်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများအတွက် တရားမျှတမှုရှာဖွေပေးသော ရှေ့နေများနှင့် NGOs များ ကိစ္စတွင် သုံးခဲ့သည်။

## ၅.၂. အီရတ်တွင်ကျူးလွန်ခဲ့သည့် ပြစ်မှုများအား ကိုင်တွယ်ဖြေရှင်းနေသည့် ဗြိတိန်ရှိ တရားစီရင်ရေး လုပ်ငန်းစဉ်များ နှင့် ပဏာမစုံစမ်းစစ်ဆေးမှုတို့အပေါ် ၎င်းတို့၏ ဆက်စပ်မှုများ

ဗြိတိန်တွင် များစွာသောတရားစီရင်ရေးလုပ်ငန်းစဉ်များဖြင့် အီရတ်စစ်ပွဲအတွင်းကျူးလွန်ခဲ့သည့် အကြမ်း ဖက်မှုများအား ကိုင်တွယ်ဖြေရှင်းနေသည်။ သို့သော် ထိုလုပ်ငန်းစဉ်များသည် လုံးဝကွဲလွဲသော နည်းလမ်းများဖြင့် လုပ်ဆောင်နေပြီး ၎င်းတို့အားလုံးသည် ဖြည့်စွက်မှုသဘောဆိုင်ရာရှုထောင်နှင့် အတိအကျသက်ဆိုင်ခြင်း မရှိနေ ပေ။[131] ယခုအခန်းတွင် အဆိုပါလုပ်ငန်းစဉ်များအကြောင်းကို အကျဉ်းချုပ်ဖော်ပြသွားမည်ဖြစ်ပြီး ၎င်းတို့နှင့် ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှုတို့အကြား ဆက်စပ်ပုံကိုလည်း ဖော်ထုတ်သွားမည်ဖြစ်သည်။ ထို့နောက် IHAT ဟု ခေါ်သည့် ပြစ်မှုကြောင်းဆိုင်ရာ တာဝန်ရှိမှုအပေါ် သီးခြားကိုင်တွယ်ဖြေရှင်းသည့် ယန္တရားများအကြောင်းနှင့် IHAT ပိတ်သိမ်း ပြီးနောက် အသစ်တည်ထောင်လိုက်သော ယန္တရားဖြစ်သည့် SPLI အကြောင်းတို့ကို SPA နှင့်တွဲကာ ပိုမို နှံ့နှံ့စပ်စပ် ဆက်လက်လေ့လာသွားမည်ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်းပင် အီရတ်တွင် ဗြိတိန်တပ်ဖွဲ့များ မှ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည့် ပြစ်မှုများကို ဗြိတိန်ရှိ မတူညီသည့် ဥပဒေလုပ်ငန်းစဉ် (၃) ရပ်ဖြင့် ကိုင်တွယ်ဖြေရှင်းနေသည်။ ၎င်းတို့မှာ (၁) ဥရောပ လူ့အခွင့် အရေး သဘောတူစာချုပ် (ECHR) တွင် ပါရှိသော တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စေရေး (နှင့် ဗြိတိန်ရှိ လူ့အခွင့်အရေးဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး) ကို ဦးတည်ပြီး သဘောတူညီချက် အပိုဒ် (၂) နှင့် (၃) ဆိုင်ရာ ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ပြုလုပ်ထားသော တရားစီရင်ရေး ဆိုင်ရာ

[131] ထိုတရားစီရင်ရေးဆိုင်ရာ အသုံးပြုသည့်နည်းလမ်းများအကြောင်း ပြည့်စုံသည့် ဆန်းစစ်မှုတစ်ခုအား Rachel Kerr ၏ ပံ့ပိုးမှုဖြင့် ယခုအတွဲတွင် ဖော်ပြ ထားသည်။ Rachel Kerr, "The UK in Iraq and the ICC: Judicial Intervention, Positive Complementarity and the Politics of International Criminal Justice", in Morten Bergsmo and Carsten Stahn (eds.), *Quality Control in Preliminary Examination: Volume 1*, Torkel Opsahl Academic E-Publisher, Brussels, 2018, chap. 14 တွင်ကြည့်ပါ။

ပြန်လည်သုံးသပ်ချက်များ၊[132] (၂) အီရတ်ရှိ နစ်နာသူများအတွက် လျော်ကြေးတောင်းဆိုပေးပြီး များစွာသော အမှုများအတွက် ကျေနပ်မှုရရှိစေနိုင်သည့် တရားမမှုများ၊[133] နှင့် (၃) တော်ဝင်စစ်ဘက်ရေးရာ ရဲတပ်ဖွဲ့ Royal Military Police ('RMP') မှ ဦးဆောင်ပါဝင်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ကာ စစ်ခုံရုံးများသို့ အရေးအတွက် အနည်းငယ်ရောက်ရှိစေနိုင်သည့် ရာဇဝတ်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ[134] ဖြစ်ကြပြီး မကြာသေးမီကပင် IHAT _ ယခုခေါ် SPLI_ မှ စစ်ဖက်ဆိုင်ရာ တရားစွဲဆိုရေးအာဏာပိုင်အဖွဲ့ SPA နှင့်အတူပူးပေါင်း လုပ်ဆောင်နေသော စုံစမ်းစစ်ဆေးမှုများလည်း ပါဝင်သည်။[135]

အဆိုပါ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှုအကြား ဆက်နွယ်မှုများ နှင့် ပတ်သက်၍ မှတ်သားထိုက်သည်မှာ OTP ၏ ပဏာမစုံစမ်းစစ်ဆေးမှုဆိုင်ရာ အစီရင်ခံစာများသည် တရားစီရင် ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်များ၏ တွေ့ရှိချက်များကို ကိုးကားထားသောအချက်

[132] Kerr မှ ယခုအတွဲပါ သူမရေးသားထားသည့် အခန်းတွင် အီရတ်အကြမ်းဖက်မှုများနှင့်စပ်လျဉ်းသည့် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း ၁၃ ခု အကြောင်းကိုအသေးစိတ် ဆွေးနွေးထားသည်။ See *ibid*., appendix 3. ထိုသုံးသပ်ခြင်းများအပြင် Iraq Fatality Investigations ရှိပြီး ယခုအခန်းတွင် အသေးစိတ် ဆွေးနွေးမထားပေ။ တွင် ထပ်မံကြည့်နိုင်သည်။

[133] ထိုအမှုများအကြောင်း ဆန်းစစ်သုံးသပ်ချက်အား ထပ်မံ၍ ဥပမာ Monica Feria-Tinta, "Extra-Territorial Claims in the 'Spider's Web' of the Law? UK Supreme Court Judgment in Ministry of Defence v Iraqi Civilians", in *EJIL: Talk!*, 25 May 2016 တွင်ကြည့်ပါ။

[134] အီရတ်ရှိအခြေအနေများနှင့်စပ်လျဉ်းပြီး စစ်တရားရုံး ၄ ရုံးသည် ရှေ့နေချုပ်မှ တရားခံအများစုအား တရားသေလွှတ်ပေးခြင်း သို့မဟုတ် အမှုများကို ပိတ် သိမ်းခြင်းများပြုလုပ်ကာ ပြီးစီးသွားခဲ့သည်။ သို့ရာတွင် ထိုအထဲမှ အမှုတစ်ခုဖြစ်သည့် သေဆုံးမှုနှင့်စပ်ဆက်နေသော R v. Payne အမှုတွင် တပ်ကြပ် Donald Payn အား လူသားမဆန် ပြုမူဆက်ဆံမှုကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး ထောင်ဒဏ် ၁၂ လ ကျခံစေခဲ့သည်။ စစ်တရားရုံးများမှာ စံသတ်မှတ်ချက်များ နှင့်အညီ လုပ်ဆောင်ခဲ့ခြင်းမရှိသည့်အတွက် ဝေဖန်ခံခဲ့ရသည်။ Kerr, 2018, appendix 2, see *supra* note ၁၃၁.

[135] ထပ်မံ၍ စစ်တပ်မှ ကိုယ်တိုင်စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်ခဲ့ပြီး Aitken အစီရင်ခံစာ (၂၀၀၈) နှင့် Purdy အစီရင်ခံစာ (၂၀၁၀) တို့ကို ထုတ်ပြန်ကြေညာ ခဲ့သည်။ ထိုအစီရင်ခံစားများအကြောင်းကို ယခုအခန်းတွင် ဆွေးနွေးမထားပါ။ အစီရင်ခံစာများနှင့်စပ်လျဉ်းသည့် ဝေဖန်အကြံပြုချက်များအား ECCHR and PIL January 2014 communication, pp. 226–27, see *supra* note ၄၂ တွင် ကြည့်ပါ။

ဖြစ်သည်။ ထို လုပ်ငန်းစဉ်များ၏ ရလာဒ်များအား တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်းကျရောက်သည့် ပြစ်မှုများအား "အမြောက် အများ ကျူးလွန်ခဲ့ခြင်း သို့မဟုတ် အစီအစဉ် သို့ မူဝါဒနှင့်အညီ ကျူးလွန်ခဲ့ခြင်း" ဟုတ်/မဟုတ် အကဲဖြတ်သုံးသပ်ရာ၌ ထည့်သွင်းစဉ်းစားထားခြင်းဖြစ်သည်။[136] ဤအချက်သည် စာပေများတွင် ဖော်ပြကြသည့် ဖြည့်စွက်မှုဆိုင်ရာအကြောင်းကို ပုံမှန် စဉ်းစားခြင်းထက် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းတရားစီရင်ရေး လုပ်ငန်း စဉ်များအကြား ပိုမိုရှုပ်ထွေးသော အပြန်အလှန်ဆက်စပ်မှုတို့ကို ညွှန်ပြထားခြင်းဖြစ်သည်။ ထိုဆက်စပ်မှုအရ ပြစ်မှုများ၏ သဘောသဘာဝ၊ သက်ရောက်မှုအတိုင်းအတာတို့နှင့်ပတ်သက်ပြီး တွေ့ရှိချက်များကို ရှာဖွေနေသော လွတ်လပ်စွာလုပ်ဆောင်နေကြသည့် ပြည်တွင်းတရားစီရင်ရေးလုပ်ငန်းစဉ်များသည် OTP ၏ လှုပ်ရှား ဆောင်ရွက် မှုများအား အရှိန်အဟုန်မြှင့် အားကောင်းစေရန် ပံ့ပိုးပေးနိုင်သည်။ တစ်ဖက်တွင် ဆန့်ကျင်ဘက်နည်းဖြင့် အပြုသဘောဖြည့်စွက်မှုကို သာမာန် တိုးမြှင့်လုပ်ဆောင်လိုက်သည့်အခါ ICC ၏ လှုပ်ရှားဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်နိုင်ရန် အလားအလာ နည်းပါးနိုင်ချေရှိသည်။ ထိုကဲ့သို့ တူညီသည့် အကြောင်း ပြချက်များကြောင့်ပင် ECCHR နှင့် PIL မှ ပြုလုပ်ခဲ့သော တင်သွင်းလွှာများသည် Baha Mousa စုံစမ်းစစ်ဆေးမှု တွင် Sir William Gage ၏ တွေ့ရှိချက်များနှင့် ထိုစုံစမ်း စစ်ဆေးမှုအတွင်း အစိုးရထံမှ ရရှိလာသော အထောက်အထားများအား အဓိကအားပြုဖော်ပြထားခြင်းမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။[137]

---

[136] 2015 Report on Preliminary Examination Activities, para. 44, see *supra* note ၄၅ တွင်ကြည့်ပါ။

[137] ECCHR နှင့် PIL တို့၏ တင်သွင်းချက်၌ Baha Mousa စုံစမ်းစစ်ဆေးမှုသည် 'လက်ရှိဆက်သွယ်တိုင်တန်းချက်အတွက် အားဖြစ်စေခဲ့ကြောင်း" နှင့် စုံစမ်း စစ်ဆေးမှုကို ဦးဆောင်လုပ်ခဲ့သည့် တရားသူကြီး၏ ဥပဒေ ဆိုင်ရာနှင့် အချက်အလက်ဆိုင်ရာ တွေ့ရှိချက်များအပေါ်သာ အလုံးစုံမှီတည်ထားပါကြောင်း ဖော်ပြ ထားသည်။ ဥပမာ ECCHR နှင့် PIL တို့သည် စုံစမ်းစစ်ဆေးစဉ်ကာလအတွင်း MoD မှ တွေ့ရှိခဲ့သည့် ဗီဒီယိုမှတ်တမ်းများနှင့် ထိန်းသိမ်းခံရသူများ၏ ဆေးမှတ် တမ်းများတွင် ပါရှိသည့်အကြောင်းအရာများအပြင် စုံစမ်းစစ်ဆေးမှုအတွင်း အစိုးရအရာရှိများမှ ပေးခဲ့သည့် သက်သေထွက်ချက်များကို ကိုးကားထားသည်။ ECCHR နှင့် PIL တို့၏ တင်သွင်းချက်တွင် စစ်တရားရုံးကိုလည်း ကိုးကားထားပြီး R v. Payne and Others အမှုတွင် ဗိုလ်မှူးကြီး Mendonca ၏

ထို့ပြင် အီရတ်ရှိ နစ်နာသူများက MoD အား တရားစွဲဆိုခဲ့သော တရားမမှုပေါင်း (၃၀၀) ကျော်ကို ဖြေရှင်း ပြီးခဲ့ပြီး လျော်ကြေးအဖြစ် ယူရို သန်း (၂၀) ထက်ပိုသော ငွေကြေးများကို ပေးအပ်ခဲ့ခြင်းဆိုသည့်အချက်သည် အီရတ်၌လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်မှုများမှာစနစ်တကျကျူးလွန်ခဲ့ခြင်းမဟုတ်ဟုဆိုသည့် အစိုးရ၏ပြောကြား ချက်အပေါ် လူအများ၏ ယုံကြည်မှုမှာ နည်းပါးသွားစေသည်။[138] Mercer (မာစာ) ချေပထားသကဲ့သို့ပင် "MoD အား တရားစွဲဆိုတိုက်ခိုက်ခဲ့သည့် မည်သူမဆို အကြောင်းပြချက်မရှိဘဲ ငွေပေးလိုက်သည်မဟုတ်ကြောင်းကို သိရှိပါတယ်။ [...] အဲဒါက ဆိုးရွားသောကိစ္စ (ပန်းသီးအပုပ်) ၁ ခု၊ ၂ ခု လောက်တင်သာ မဟုတ်ပါဘူး၊ ထိုကိစ္စများ တွင် သွင်ပြင်လက္ခဏာရပ်များ ရှိနေခဲ့ကာ အတော်လေးကြီးမား များပြားပြီး သိသာလောက်သော ပမာဏအထိ ကျူးလွန်ခဲ့ခြင်းဖြစ်သည်"။[139] ECCHR နှင့် PIL မှ ICC သို့ တင်သွင်းလွှာများတွင်ပါရှိသော စွပ်စွဲချက်အများစုသည် တရားမမှုများ စွဲဆိုဖြေရှင်းခဲ့ပြီးသည့် နစ်နာသူများ ပါဝင်နေသည်။ သို့ရာတွင် ထိုဖြေရှင်းပြီးခဲ့သည့်အမှုများနှင့် စပ် လျဉ်းသည့် အချက်အလက်များကို လူသိရှင်ကြားမရနိုင်ခြင်းကြောင့် ၎င်းတို့အား ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှု များတွင် တိုက်ရိုက် အသိပေးအကြောင်းကြားရန် မဖြစ်နိုင်ပေ။[140]

တစ်ချိန်တည်း၌ စနစ်တကျကျူးလွန်သော ကိစ္စရပ်များပေါ်တွင်မဟုတ်ဘဲ တစ်ဦးချင်း အကြမ်းဖက်မှုများ ကိုသာ ဦးတည်ထားသော ပြည်တွင်းဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များ၏ တိမ်းညွတ်မှုသဘောတရားသည် ECCHR နှင့် PIL တို့မှ ICC ထံသို့

---

ချေပချက် ဖြစ်သည့် တပ်မဟာအဖွဲ့အား ဖိအားပေးခြင်းနည်းနှင့် ခေါင်းစွပ်ညှင်းပန်းနှိပ်စက်နည်းများသုံးခြင်းကြောင့် အပြစ်ပေးခဲ့ပြီးဖြစ်ကြောင်းကို သူ့အနေဖြင့် အမှန် တကယ် ယုံကြည်ခဲ့ပါသည်ဆိုသည့် အချက်ကို တရားရုံးမှ လက်ခံခဲ့သည်။ ECCHR and PIL January 2014 communication, pp. 20–22, 109–18 and 223–24, see *supra* note ၄၂ တွင်ကြည့်ပါ။

138 ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် Guardian မှ အမှုပေါင်း ၃၂၆ မှုအား ယူရို သန်း၂၀ အား လျော်ကြေးအဖြစ်ပေးကာ ဖြေရှင်းပြီးခဲ့ကြောင်း အစီရင်ခံခဲ့ သည်။ Press Association, "British troops face investigation over ill-treatment of Iraqis", in *The Guardian*, 16 October 2016 တွင်ကြည့်ပါ။

139 Author's interviews (Nicholas Mercer).

140 Author's interviews (Bethany Shiner).

ဦးစွာ ချဉ်းကပ်ရန် ရွေးလိုက်ခြင်း၏ အဓိကအကြောင်းတစ်ရပ်ဖြစ်ခဲ့သည်။ PIL တွင် ယခင်က လုပ်ကိုင်ခဲ့သူ ဘက်သနီ ရှိုင်နာ (Bethany Shiner) မှ ရှင်းပြထားသည်မှာ -

> အထူးသဖြင့် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်များတွင် Ali Zaki Mousa II အမှုတွင် [...] သီးခြား အီရတ်စုံစမ်းစစ်ဆေးမှုတစ်ခုဖြစ်သင့်သောကြောင့် တောင်းဆိုမှုအား အဆင့်မြှင့်ခဲ့ပြီး ထိုစုံစမ်းစစ်ဆေးမှု သည် အဓိကအားဖြင့် စနစ်တကျကျူးလွန်သော ကိစ္စရပ်များ အား လွတ်လပ်စွာ စနစ်တကျ စုံစမ်းစစ်ဆေးခြင်းဖြစ်သည်။ [...] ပြည်ထောင်စုရေးရာဝန်ကြီး မှ ပြောကြားခဲ့သည်မှာ “ကျွန်ုပ်တို့” သည် အဆိုပါစုံစမ်းစစ်ဆေးမှုကို ကုန်ကျစရိတ်၊ အချိန်၊ ကျွမ်းကျင် မှု၊ စသည့်အချက်များကြောင့် ငြင်းပယ်ခဲ့ကြောင်း’ [...] ထိုပြင် ၎င်းမှ ‘ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်ကို တရားရုံးမှ သက်ာမကင်း မေးခွန်းမထုတ်နိုင်ကြောင်း’၊ နှင့် ‘တရားရုံးမှ သဘောတူခဲ့ပြီးဖြစ်သည်’ ဟု ပြောကြားခဲ့သည်။ ထို့ကြောင့်ပင်လျှင် Baha Mousa အမှု ပေါ်ထွက်ခဲ့သည့်နောက်တွင် စနစ်တကျ ကျူးလွန် သော ကိစ္စရပ်များ ရှိနေနိုင်ခြင်းကို အလျင်အမြန် ဖြတ်ချခဲ့ခြင်းဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် တည်ထောင်ခဲ့ သည့် စနစ်သည် ယခုတိုင် အသက်ဝင်နေဆဲဖြစ်သော်လည်း ထိရောက်မှုမရှိ သည်မှာ ရှင်းလင်းနေသည်။ [...] အီရတ်ရှိ သေဆုံးမှုများဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းများသည် ယုံကြည်ထိုက်သည် မှန်သော်လည်း အလုပ်လုပ်ရာတွင်အမှန်ပင်နှေးကွေးပြီး အမှုတစ်ခုချင်းစီ အလိုက် လုပ်ဆောင်ခြင်း၊ [တရားသူကြီး] နယူးမန်း (Newman) မှာ အရင်းအမြစ်များကို အကန့်အသတ်ဖြင့် ရရှိခဲ့ခြင်း၊ နောင် နှစ်များစွာကြာသည့်တိုင် တာဝန်ခံမှု မရှိခြင်း တို့ကြောင့် ထိရောက်မှုမရှိရခြင်းဖြစ်သည်။ [...] ICC သည် ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှုနှင့် အမိန့်ပေးခြင်း ဆိုင်ရာ တာဝန်ရှိမှုတို့အပေါ် ရှင်းလင်းပြတ်သားမှုရှိသည်။ ထို့ကြောင့်ပင် ကျွန်ုပ်အနေဖြင့် ထင်မြင်မိသည်မှာ စနစ်တကျ ကျူးလွန်သော ကိစ္စရပ်များအား အများပြည်သူသိစေနိုင်မည့် စုံစမ်းစစ်ဆေးမှုနည်းဖြင့် ဖော်ထုတ်ခဲ့မှုမရှိခြင်းအား သေချာပေါ်လွင်စေမည့်နည်းလမ်းတစ်ခုမှာ

> ယင်းကိစ္စရပ်များကို သေချာဆန်းစစ်ခဲ့ပြီးနောက် ICC မှတဆင့် တစ်ဦးချင်းတာဝန်ရှိမှုများကို ဖော်ထုတ်ခဲ့ခြင်း [...] ဖြစ်သည်။[141]

## ၅.၃. IHAT တည်ထောင်ခြင်းနှင့် ပိတ်သိမ်းခြင်း

IHAT ကို လူ့အခွင့်အရေးဥပဒေအရ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရမည်ဖြစ်သည့် ဗြိတိန်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်သည့်အနေဖြင့် ၂၀၀၃ ခုနှစ် နှင့် ၂၀၀၉ ခုနှစ်ကြား အီရတ် စစ်ဆင်ရေးများ၌ ဗြိတိန်စစ်သားများမှ ရာဇဝတ်မှုများကျူးလွန်သည်ဟူသော စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန် အလို့ငှာ ၂၀၁၀ ခုနှစ် ၊ မတ်လတွင် ကာကွယ်ရေးဝန်ကြီးဌာန (MoD) မှ ဖွဲ့စည်းတည်ထောင်ခဲ့သည်။[142] ထို့နောက် ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် PIL မှ Ali Zaki Mousa v Secretary of State for Defence (Mousa No. 1) အမှုအတွက် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှု လျှောက်ထားချက်တစ်ခုကို ပြုလုပ်ခဲ့ပြီး ထိုအမှုတွင် ECHR ၏ အပိုဒ် ၂ နှင့် ၃ အရ ကျရောက်သည့် အစိုးရ၏ တာဝန်ဝတ္တရားများအားဖြင့် RMP ၏ လုပ်ဆောင်ဆဲ စုံစမ်းစစ်ဆေးမှုများကို စောဒကတက်ခဲ့ ခြင်းဖြစ်ပြီး အီရတ်ရှိ သတ်ဖြတ်မှုများနှင့် ညှင်းပန်းနှိပ်စက်မှုများအားလုံးကို အများပြည်သူ ရှေ့မှောက် သီးခြားစုံစမ်းစစ်ဆေးမှုတစ်ခုစီအနေဖြင့် လုပ်ဆောင်ပေးရန် တောင်းဆိုခဲ့ခြင်း ဖြစ်သည်။[143] ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် အယူခံတရားရုံးမှ IHAT သည် စုံစမ်းစစ်ဆေးမှုများကို ECHR ၏ အပိုဒ် ၂ နှင့် ၃ ပါ ရည်ရွယ်ချက် များအတိုင်း လုပ်ဆောင်ရန် လုံလောက်သော လွတ်လပ်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ အကြောင်းမှာ အီရတ် စစ်ဆင်ရေးတွင် ပါဝင်ခဲ့ဖူးသည့် RMP အနေဖြင့် စုံစမ်းစစ်ဆေးသည့်ကိစ္စများတွင် ၎င်း၏အဖွဲ့သားများ ပါဝင်နေခြင်း ကြောင့်ဖြစ်သည်။ ၂၀၁၂ ခုနှစ်၊ မတ်လတွင် MoD မှ RMP ၏ အဖွဲ့သားများကို IHAT မှ ဖယ်ထုတ်ပြီးကြောင်း နှင့် ၎င်းတို့နေရာတွင် တော်ဝင်ရေတပ်ရဲတပ်ဖွဲ့ Royal Navy Police မှအဖွဲ့ဝင်များဖြင့်

---

141 *Ibid*.

142 MoD, “IHAT: What it is and what it does”, in *Defence in the media*, 13 January 2016.

143 ထပ်မံ၍ ECCHR and PIL January 2014 communication, pp. 229–33, see *supra* note ၄၂ တွင်ကြည့်ပါ။

အစားထိုးခဲ့ကြောင်း ကြေညာ ချက် ထုတ်ပြန်ခဲ့သည်။[144] သို့သော် နစ်နာသူများသည် အခြားသော တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုကို အသုံးပြုကာ R (Ali Zaki Mousa and others) v Secretary of State for Defence (Mousa No. 2) အမှုတွင် ပြန်လည်ဖွဲ့စည်းလိုက်သည့် IHAT ၏ လွတ်လပ်စွာ သီးခြားရပ်တည်မှုကို စောဒကတက်ခဲ့သည်။ ထိုကိစ္စကြောင့်ပင် ၂၀၁၃ ခုနှစ်၊ မေလ (၂၅) ရက်နေ့တွင် တရားရုံးချုပ်မှ IHAT အား နောက်ထပ် ပြောင်းလဲမှုအချို့ကို ပြုလုပ်ပေးရန် အမိန့်တစ်ခု ချမှတ်ပေးခဲ့သည်။[145] IHAT အနေဖြင့် နှစ်များစွာအတွင်း မည်သို့ပြောင်းလဲခဲ့သည်၊ မည်သည့်အတွက် ပြောင်းလဲခဲ့ရသည်တို့အကြောင်းအား အသေးစိတ်ဆွေးနွေးရန်မှာ ယခုအခန်း၏ သတ်မှတ်နယ်ပယ်ထက် ကျော်နေနိုင်ပါသည်။ သို့ရာတွင် မှတ်သားသင့်သည်မှာ ECtHR ၏ ဥပဒေစနစ်သည် ကိစ္စရပ်တစ်ခုအပေါ် ဗြိတိန်တရားရုံးများ အနေဖြင့် မည်သို့မည်ပုံ တုန့်ပြန်ချဉ်းကပ်ဖြေရှင်းသည့်ဆိုသည့်အပေါ် သိသိသာသာ သက်ရောက်မှု ရှိနေခဲ့ခြင်း ဖြစ်ပြီး ထို့ကြောင့်ပင် IHAT အား နှစ်များစွာအတွင်း မည်သို့ ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဆိုသည့် အချက်လည်း ဖြစ်သည်။[146]

ထို့ကြောင့်ပင် IHAT အား ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှု ပြန်လည်ဖွင့်လှစ်လိုက်သည့် ၂၀၁၄ ခုနှစ်မတိုင်မီ တည်ထောင်ဖွဲ့စည်းခဲ့သော်လည်း ၎င်းအား ဖြည့်စွက်မှုဆိုင်ရာ ယန္တရားတစ်ခုသဖွယ် အသုံးပြုရန် ကနဦး ရည်ရွယ် ထားခဲ့ခြင်းမရှိဘဲ လူ့အခွင့်အရေးဥပဒေအရ စုံစမ်းစစ်ဆေးရန်လိုအပ်ချက်များကို ပြည့်မီစေရန်အတွက်သာ

---

[144] See further *ibid*.

[145] အသေးစိတ်ကို Jonathan Horowitz နှင့် Steve Kostas တို့တွင် ဆွေးနွေးထားသည်၊ "Case Watch: British Judges Raise Standards for Investigating Wartime Abuses", in *Open Society Foundations*, 29 May 2013 (available on the its web site).

[146] Al-Skeini v. United Kingdom တွင် ECtHR မှ လူ့အခွင့်အရေးဥပဒေအား အီရတ်စစ်ပွဲနှင့် ဗြိတိန်စစ်တပ်များမှ သိမ်းပိုက်ထားသည့်နေရာ သို့မဟုတ် ထိန်းသိမ်းဖမ်းဆီးထားသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းအပေါ်တွင်လည်းကောင်း ထိုကဲ့သို့အခြေအနေများရှိ သိမ်းပိုက်ထားခြင်းများတွင် ကျင့်သုံးကြောင်းနှင့် RMP စုံစမ်းစစ်ဆေးမှုများသည် သဘောတူညီချက်တွင်ပါရှိသော စံသတ်မှတ်ချက်များကို ပြည့်မီစေရန် အလုံအလောက် လွတ်လပ်မှုမရှိကြောင်း ဆုံးဖြတ်ခဲ့သည်။ ECtHR, Case of al-Skeini and others v. the United Kingdom, Application no. 55721/07, 7 July 2011 တွင်ကြည့်ပါ။

တည်ထောင်ခဲ့ခြင်းဖြစ်သည်။ များမကြာမီတွင် နိုင်ငံရေးသမားများနှင့် အခြားသူများမှ IHAT အား ဖြည့်စွက်မှုဆိုင်ရာ မူဘောင်၏ အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်ရှုမြင်လာခဲ့ကြသည်။ IHAT ၏ ကိုယ်ပိုင် အင်တာနက်စာမျက်နှာ၌ ၎င်း၏ တာဝန်တွင် "ICC ၏ လိုအပ်ချက်များ" နှင့် ကိုက်ညီစေခြင်းဖြစ်ကြောင်း[147] ယခုထိ ဖော်ပြထားပြီး MoD ၏ ထုတ်ပြန်ချက်များတွင် "IHAT ၏ အပြည့်အဝ လုပ်ဆောင်မှုမပါဘဲ ကျွန်ုပ်တို့တပ်ဖွဲ့များအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးလိုက်ခြင်းဆိုတာဟာ ဒီအစိုးရမှ ရှောင်ရှားဖို့ သတ်မှတ်ထားတဲ့အရာဖြစ်ပါတယ်" ဟု အတိအလင်း မှတ်ချက်ပြုထားသည်။[148] ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်မှုထမ်းဟောင်းများ တာဝန်ခံဝန်ကြီး ဖြစ်သူ မက်ခ် လန်ကက်စတာ Mark Lancaster မှ IHAT ၏ ဆက်လက်တည်ရှိနေမှုအပေါ် အောက်ပါအတိုင်း ခုခံ ပြောဆိုခဲ့သည်၊ "၎င်းကို မှန်ကန်သောအကြောင်းပြချက်များဖြင့် အခိုင်အမာ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ [IHAT] မရှိပါဘဲ ကျွန်တော်တို့ရဲ့တပ်ဖွဲ့တွေဟာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးမှ စုံစမ်းစစ်ဆေးမေးမြန်းခြင်းများ ခံရနိုင်သည့် အလားအလာများ ရှိလာနိုင်ပေလိမ့်မည်"။[149]

ထိုကဲ့သို့ နောက်ပိုင်း ပြန်လည်ပြင်ဆင်ထားသော အကြောင်းပြချက်များနှင့် မသက်ဆိုင်ဘဲ - ယူရို သန်း ၅၀ ထက် ပိုကုန်ကျပြီး မူလက ၂၀၁၉ ခုနှစ်ထိ ကြာနိုင်သည်ဟု စီစဉ်ထားသော[150] - IHAT ၏ စုံစမ်းစစ်ဆေးမှုများသည် အီရတ်ရှိ စစ်ရာဇဝတ်များအတွက် တာဝန်ခံမှုကို ဖော်ထုတ်ရန် အကြီးအကျယ် ရှုံးနိမ့်ခဲ့ပြီး ၎င်း၏ ထိရောက်မှု အပေါ်တွင်လည်း ဖြည့်စွက်မှုသဘောရှုထောင့်မှကြည့်ကာ လေးနက်ပြင်းထန်သောမေးခွန်းများ ပေါ်ပေါက်ခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်အရ IHAT သည် နစ်နာသူ (၃၃၉၂) ဦးနှင့် ပတ်သက်ပြီး ဖြစ်နိုင်ချေရှိသည့်

---

147 IHAT web site.

148 MoD, "IHAT: What it is and what it does", see *supra* note ၁၄၂.

149 Robert Mendick, "Unanswered questions behind the failed witch hunt of Iraq veterans", 11 February 2017, in *The Telegraph*.

150 Lianna Brinded, "British Iraq War veterans may be prosecuted for war crimes", in Business Insider.

ရာဇဝတ်မှုဆိုင်ရာ စွပ်စွဲချက်များကို လက်ခံစဉ်းစားခဲ့သည်။ ၎င်းတို့အထဲမှ အမှု (၂) ခုကိုသာ SPA ထံသို့ တရားစွဲဆို ရန် လွှဲပို့ပေးခဲ့သည်၊ (SPA မှ အမှုတစ်ခုကို ဆက်လက်စစ်ဆေးမှုမပြုရန် ဆုံးဖြတ်ခဲ့သည်)၊ အခြား အမှု (၂) ခုကို တော်ဝင်လေတပ်ရဲတပ်ဖွဲ့ထံ သို့ နောက်ထပ်စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် လွှဲပို့ပေးခဲ့သည်၊ စစ်သားတစ်ဦးအား ၎င်း၏ တပ်မှူးထံသို့ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူဆောင်ရွက်နိုင်ရန် လွှဲပေးခဲ့ပြီး ယူရို ၃၀၀၀ ဒဏ်ရိုက် ခဲ့သည်။[151] အဆိုပါအတိုင်းပင် IHAT ၏ စုံစမ်းစစ်ဆေးမှုများသည် အီရတ်ရှိ စစ်ရာဇဝတ်မှုများအတွက် တရားစွဲဆိုမှု တစ်ခုကိုမျှ ဦးတည်စေခဲ့ခြင်းမရှိပေ။ အကြောင်းတိုက်ဆိုင်စွာ IHAT အကြောင်း မီဒီယာအစီရင်ခံစာများတွင် မကြာခဏ ထောက်ပြထားသည့်အတိုင်းပင်ယနေ့ထိ IHAT ၏ လုပ်ဆောင်မှုမှ ပြစ်မှုကြောင်းအရ အရေးယူ အပြစ်ပေးမှု တစ်ခုရှိခဲ့ပြီး ထိုတစ်ခုမှာလည်း စုံစမ်းစစ်ဆေးမှုတာဝန်များလုပ်ဆောင်နေစဉ်တွင် ရဲအရာရှိတစ်ဦး အဖြစ် မှားယွင်း စွာ အယောင်ဆောင်ခဲ့သည့် IHAT ၏ စုံစမ်းစစ်ဆေးရေးအရာရှိတစ်ဦး ပါဝင်နေခြင်းဖြစ်သည်။[152]

IHAT ၏ စုံစမ်းစစ်ဆေးမှုများ နှေးကွေးခြင်းအပေါ် ဝေဖန်မှုများရှိနေသော်ငြားလည်း မည်သို့ပင်ဆိုစေ ယခု သုတေသနမှ ထွက်လာသော လွှမ်းမိုးသည့်အမြင်တစ်ခုရှိသည်မှာ IHAT အနေဖြင့် ပညာရှင်ဆိုင်ရာ ဦးဆောင်မှု အောက်တွင် လွတ်လပ်စွာ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။[153] သို့သော် IHAT သည် ဖြည့်စွက်မှုဆိုင်ရာ ရှုထောင့် အမြင်မှ အမြဲအားဖြင့် "ရည်ရွယ်ချက်နှင့်ကိုက်ညီမှု" ရှိ/မရှိ ဆိုသည့်အပေါ် မေးခွန်းအချို့ရှိသည်။ ECCHR မှ Andreas Schüller ဆိုသူ ဝေဖန်ထားသကဲ့သို့ပင် IHAT သည် မူလက ECHR အရ လိုအပ်သည့် အမှုတစ်ခုချင်းစီ အလိုက် စုံစမ်း စစ်ဆေးရန် လိုအပ်မှုအတွက် ဦးတည်ခဲ့ခြင်းဖြစ်သည်။ "သို့သော် အကယ်၍ သင်သည် ICC မှ အမှုများကို လက်ခံစဉ်းစားခြင်း မပြုနိုင်ရေးအတွက် IHAT အား

[151] IHAT, The Iraq Historic Allegations Team (IHAT) Quarterly update, October–December 2016 (https://www.legal-tools.org/doc/f923f0/).

[152] ဥပမာအနေဖြင့် "Bolton West MP Chris Green welcomes closure of investigation into Iraq veterans", in *Bolton News*, 18 March 2017 တွင် ကြည့်ပါ။

[153] Author's interviews (various).

အသုံးပြုခဲ့ပါလျှင် သင့်အနေဖြင့် ၎င်းအား ကွဲပြား ခြားနားစွာ ဘောင်သတ်မှတ်လိုက်ခြင်း ဖြစ်စေနိုင်လိမ့်မည်"။[154] IHAT ၏ စုံစမ်းစစ်ဆေးရေးမှူးများသည် - အများစု မှာ ပုဂ္ဂလိက စာချုပ်ချုပ်ဆိုထားသူများ (Red Snapper Group ဆိုသည့် ကုမ္ပဏီအတွက် အလုပ်လုပ်ကိုင်နေသော မကြာသေး မီက အငြိမ်းစားယူထားသည့် ရဲထောက်လှမ်းရေးသမားများ) ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက် ထားမှုဥပဒေ ချိုးဖောက်မှုများကို ထိထိရောက်ရောက် စုံစမ်းစစ်ဆေးနိုင်မှုဆိုသည်မှာ သံသယ ဖြစ်ဖွယ် ဖြစ်သည်။[155] IHAT အပေါ် Sir David Calvert-Smith ဆိုသူ၏ အမြင်အရ IHAT ၏ စုံစမ်းစစ်ဆေးမှုများအား စစ်တပ်ထောက်လှမ်းမှုအတွေ့အကြုံမရှိသည့် စုံစမ်းစစ်ဆေးမှူးများမှ လုပ်ဆောင်ခဲ့ကြ ကြောင်းနှင့် ၎င်းတို့အနေဖြင့် အခြားသော သာမာန်ပြစ်မှုအမျိုးအစားများနှင့် ရင်းနှီးမှုရှိသည်မှာ မှန်ကန်နိုင် သော်လည်း 'စစ်ရာဇဝတ်မှု' ဆိုသည့် သဘောတရား နှင့် ရင်းနှီးကျွမ်းဝင်မှု မရှိနေပေ။"[156] အလားတူပင် Bethany Shiner ဆိုသူမှလည်း "IHAT ၏ ပြစ်မှုကြောင်းအရ စုံစမ်းစစ်ဆေးမှုများသည် ICC ၏ စုံစမ်းစစ်ဆေးမှုများနှင့် အလွန်ကွဲပြားမှုရှိနေကြောင်း"၊ တာဝန်ချိုးဖောက်မှုများကိုသာ ဦးတည်ထားကြောင်း၊ ထပ်ဖြည့်စွက်လိုသည်မှာ SPA ဒါရိုက်တာဖြစ်သူ Cayley ၏ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ဥပဒေအပေါ် နှံ့စပ်ကျွမ်းကျင်မှုနှင့် ကတိကဝတ်ရှိမှုတို့နှင့် မသက်ဆိုင်စေဘဲ "ထိုသူသည် သက်သေ အထောက်အထားအားလုံးကို အမှန်တကယ်စစ်ဆေးလုပ်ဆောင်မည့်သူ မဟုတ်ပေ။" (ဆိုလိုသည်မှာ ထိုလုပ်ဆောင်မှုကို စစ်ရာဇဝတ်များ စုံစမ်းစစ်ဆေးသည့်အပေါ် အတွေ့အကြုံ လုံးဝမရှိသော သို့မဟုတ်

154 Author's interviews (Andreas Schüller).

155 ထပ်တိုးသတင်းအချက်အလက်များကို ၎င်း၏ အင်တာနက်စာမျက်နှာ https://www.redsnappergroup.co.uk/ တွင်ကြည့်ပါ။ IHAT ရှိ ဝန်ထမ်းပေါင်း ၁၄၅ ဦးရှိသည့်အနက် ၁၂၇ ဦးသည် Red Snappers မှလူများဖြစ်ကြောင်း တွေ့ရသည်။ Matt Quinton, "'JUST APPALLING': Firm getting rich off the back of hounding brave British troops accused of bully boy tactics", in *The Sun*, 24 September 2016 တွင်ကြည့်ပါ။

156 Review of the Iraq Historic Allegations Team, see *supra* note ၁၂၄.

အတွေ့အကြုံအနည်းငယ် သာရှိသော IHAT ၏ စုံစမ်းစစ်ဆေးရေးမှူးများမှ လုပ်ဆောင်ထားခြင်း ဖြစ်သည်)။[157]

Commons Defence Sub-Committee ရှိ IHAT ၏ အနာဂတ်နှင့် ပတ်သက်ပြီး ဆွေးနွေးနေစဉ် ယခု လုပ်ငန်းစဉ်အပေါ် ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှုမှာ အပ်စပ်မှုရှိကြောင်းကို များစွာသော အဓိကအချက်များဖြင့် မှတ်ချက်ပြုခဲ့ကြပြီး ယခုစုံစမ်းစစ်ဆေးမှုရှိ အပြုသဘောဖြည့်စွက်မှု၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းသည့် လေးနက်သော မေးခွန်းများလည်းပေါ်ပေါက်ခဲ့သည်။ အရေးကြီးသည်မှာ နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာအတွင်းဝန် မှ ပဏာမ စုံစမ်းစစ်ဆေးမှုသည် IHAT ၏ စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေမှုကို လိုအပ်ခဲ့ကြောင်း ချေပ ထားပြီး "အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ထို [ပြစ်မှုကြောင်းဆိုင်ရာ စွပ်စွဲချက်များ] အား မှန်ကန်စွာ စုံစမ်းစစ်ဆေး နိုင်ကြောင်း မပြသနိုင်ခဲ့ပါလျှင် ကျွန်ုပ်တို့မှာ [...] အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးသို့ သွားမည့် နည်းလမ်း ဖြင့် အဆုံးသတ်သွားလိမ့်မည်ဖြစ်သည်။ ထိုအချက်သည် ကျွန်ုပ်တို့အား ပိုမိုခက်ခဲစေသည့်အနေအထားသို့ ရောက်သွားစေလိမ့်မည်"။[158] Directorate of Judicial Engagement Policy ၏ ဒါရိုက်တာဖြစ်သူ Peter Ryan မှ IHAT ၏ စုံစမ်းစစ်ဆေးမှုများသည် "ပြင်းထန်သော ပြစ်မှုမြောက်သည့် လုပ်ဆောင်ချက်များ၏ အထောက်အထား အသေး အမွှား" ကို ဖော်ထုတ်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ဖော်ပြထားသော်လည်း IHAT အနေဖြင့် ICC

[157] Author's interviews (Bethany Shiner). သို့သော် SPA ဒါရိုက်တာ Cayley မှ ပြောပြထားသည်မှာ "ကျွန်တော်တို့သည်စစ်ရာဇဝတ်မှုများအပါအဝင် ပြစ်မှုအားလုံးကို ကြည့်ခဲ့ကြတယ်"၊ "IHAT ၏ စုံစမ်းစစ်ဆေးရေးမှူးများအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ဥပဒေနှင့်စပ်လျဉ်းပြီး အကြံပေးနိုင်ရန်အတွက် SPA မှ ရှေ့နေ ၄ ဦးသည် Upavon ရှိ IHAT ရုံးခန်းများတွင် အမြဲတမ်းရုံးထိုင်ခဲ့ကြကြောင်း၊ သူကိုယ်တိုင်လည်း အမှုများစွာကို ပြန်လည်သုံးသပ်နေကြောင်း" ထပ်မံရှင်းပြထားသည်။ Author's interviews (Andrew Cayley).

[158] ဗြိတိန်သည် ICC ၏ "အလွန်နီးကပ်စွာ စောင့်ကြည့်ခြင်းကို ခံနေရသည်" ဟု ထပ်ထည့်ထားသည်။ House of Commons Defence Committee, Who guards the guardians? MoD support for former and serving personnel: Sixth Report of Session 2016–17, 10 February 2017, para. 117 (hereinafter 'February 2017 report by House of Commons Defence Committee') (https://www.legal-tools.org/doc/7a0253/) တွင်ကြည့်ပါ။

၏ ဝင်ရောက် စွက်ဖက်မှု ပြင်းထန်တင်းမာလာခြင်းကို ရှောင်ရှားနိုင်ရန်အလို့ငှာ ဆက်လက် အလုပ်လုပ်ဆောင်ရမည်ဟု ထပ်တူ အကြံပေးခဲ့သည်။[159] ရှေ့နေချုပ်မှလည်း ICC မှ စုံစမ်းစစ်ဆေးမှုဆက်လက်လုပ်ဆောင်နိုင်ချေနှင့် ထိုကိစ္စအပေါ် IHAT ၏ အခန်းကဏ္ဍတို့ကို ဆွေးနွေးခဲ့ပြီး အမှုတွဲပေါင်းများစွာကို IHAT မှ စဉ်းစားသုံးသပ်ရန်အတွက် ပေးထား သည်ကို သတိပြုမိကြောင်း၊ နှင့် ထိုအမှုအများစုကို အထောက်အကူဖြစ်စေမည့် သက်သေအထောက်အထား အရည်အသွေး နိမ့်ပါးမှုများ၊ ICC မှ ထိုကဲ့သို့ စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းသည် "အချိန်ပမာဏအလွန်များစွာ" ကြာမြင့်နိုင်ကြောင်း၊ နှင့် "ကျွန်ုပ်တို့ ကိုယ်တိုင်လုပ်ဆောင်နေသော လုပ်ငန်းစဉ်ထက် နိမ့်ကျသော လုပ်ငန်းစဉ် တစ်ရပ်" ဖြစ်သွားနိုင်ကြောင်း ဆွေးနွေးခဲ့သည်။[160] သို့ရာတွင် ရှေ့နေချုပ်သည် "ICC မှ ဝင်ရောက်စွက်ဖက်လိမ့်မည် မဟုတ်ဟူသော ယူဆချက်သည် စွန့်စားထိုက်သည့်ကိစ္စတစ်ရပ်ဖြစ်သည်ကို မယုံကြည်ခဲ့ကြောင်း" နှင့် ဆက်လက် အကြံပြုခဲ့သည်မှာ IHAT အား "၎င်းအလုပ်ကို ဆက်လက် လုပ်ဆောင်ရန် ဖြစ်သည်"။[161] မည်သို့ပင်ဆိုစေ Defence Sub-Committee မှ နိဂုံးချုပ်ခဲ့သည်မှာ

> အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးအနေဖြင့် အထောက်အထားမဲ့ သက်သေများအပေါ် အဓိကအခြေခံပြီးစွဲဆိုထားတဲ့ ဤမျှကြီးမားလှသောအမှုတွဲကို စုံစမ်းစစ်ဆေးရန် ကတိကဝတ်ပြု လိမ့်မည်ဟု ကျွန်ုပ်တို့က မယုံကြည်ပါ။ ဆောင်ရွက်ရန်ရှိနေသည့် နည်းလမ်းတကျ လုပ် ဆောင်ရမည့်လုပ်ငန်းစဉ်များကို သိမြင်ထားရမည် ဖြစ်ပြီး အကြံပြုလိုသည်မှာ MoD သည် ခိုင်မာ အားကောင်းသောအမှုတစ်ခုကို ICC သို့ တင်သွင်းရန်၊ နှင့် ထိုအခါ ကျန်ရှိနေသောအမှုများအား IHAT ဖြင့် ဖြေရှင်းသည်မဟုတ်ဘဲ

[159] မှတ်သားချက် - "ကျွန်ုပ်အနေဖြင့် IHAT မှ ၎င်း၏စုံစမ်းစစ်ဆေးမှုအား ပြီးဆုံးသည့်အခါ ဤအရာသည် အကြီးအကျယ် ပေါ်ပေါ်လာလိမ့်မည်ဟု မယုံကြည် ပေ၊ သို့သော် အခုထိတိုင်လဲ မသိသေးပေ"၊ *Ibid*., para. 118.

[160] *Ibid*., para. 119.

[161] *Ibid*.

> စစ်ဥပဒေဖြင့် ပိုမိုမြန်ဆန်စွာနှင့် စေ့စပ်သေချာမှုရှိစွာဖြင့် စုံစမ်းဖော်ထုတ်သွားနိုင်စေမည်ဖြစ်သည်။[162]

Defence Sub-Committee မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် (စောင့်ရှောက်သူများကို မည်သူက စောင့် ရှောက်မည်နည်း? အမည်ဖြင့်) ထုတ်ပြန်ခဲ့သော နောက်ဆုံးအစီရင်ခံစာတွင် IHAT မှာ "ရည်ရွယ်ချက်နှင့် သင့်လျော် ကိုက်ညီမှု" ကို သက်သေမပြနိုင်ခဲ့ကြောင်း၊ နှင့် "စစ်တပ်ရေးရာကိစ္စရပ်များအပေါ် မကြားနိုင်သော၊ ၎င်းတို့၏ လိုအပ်ချက်များကို မမြင်နိုင်သော ၊ ၎င်း၏ ကိုယ်ပိုင်အရင်းအမြစ်များဖြင့် စည်းမဲ့ကမ်းမဲ့ ဖြုန်းတီးနေသော မရပ် တန့်နိုင်လောက်အောင် ကိုယ်တိုင်တည်မြဲနေမည့် စက်တစ်ခုသဖွယ်ဖြစ်လာခဲ့သည်" ဟု နိဂုံးချုပ်ထားသည်။[163] ထို အစီရင်ခံစာတွင် IHAT မှာ "ချမှတ်ထားသော အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားများ နှင့် ပြင်ပ အဖွဲ့အစည်းများ ကျေနပ်စေရန်အတွက် ဦးတည်ထားခဲ့ခြင်းဖြစ်ပြီး ဗြိတိန်အလံအောက်တွင် တိုက်ပွဲဝင်ခဲ့သူများအတွက် အနည်းငယ် သက်ဆိုင်ခြင်းသည်ပင် အလွန် ဝေးကွာလွန်းလှသည်" ဟုလည်း နိဂုံးချုပ်ပြောထားသည်။[164]

အတိုချုပ်ဆိုရသော် ICC မှ စုံစမ်းစစ်းဆေးမှုတစ်ခု ဖွင့်လှစ်နိုင်ချေနှင့်စပ်လျဉ်းသည့် ထင်မြင်ယူဆချက်များ သည် IHAT ၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်သော အဓိကအချက်များဖြစ်ခဲ့သည်။ သို့သော် အကယ်၍ ပါဝင် သက်ဆိုင်သူအချို့မှ ICC ကစုံစမ်းစစ်းဆေးမှုတစ်ခုပြုလုပ်ရန် စွန့်စားခြင်းသည် "IHAT အား ဆက်လက်အသက်ဝင်" နေစေရေးအတွက် ထိုက်တန်သောကိစ္စတစ်ခုဟု ထင်မြင်ခဲ့ကြလျှင်ပင် Defence Sub-Committee မှ နောက်ဆုံးအထိ မလုပ်ဆောင်ခဲ့ပေ။ Committee ၏ အကြံပြုထင်မြင်ချက်များသည် အပြုသဘောဖြည့်စွက်မှုကို သိသိသာသာ မှုတ်ထုတ်လိုက်သည်မှလွဲ၍ အခြားတစ်စုံတစ်ရာအဖြစ် ထင်မြင်နိုင်ရန်မှာ ခက်ခဲနေပေသည်။ ရိုးရိုး ရှင်းရှင်းဆိုရလျှင် IHAT အား ဆက်လက်အသက်ဝင်နေစေရေးအတွက် ကျသင့်သည့် နိုင်ငံရေးဆိုင်ရာ ကုန်ကျစရိတ်

[162] *Ibid*., para. 120.

[163] *Ibid*., para. 122

[164] *Ibid*., "Summary".

များသည် ICC စုံစမ်းစစ်ဆေးမှုတစ်ခု ဖွင့်လှစ်ရန် စွန့်စားမှုထက် ပိုများနိုင်ဟန်ရှိခဲ့သည်။ ECHR အရ ကျင့်ထုံးဆိုင်ရာ လိုအပ်မှုများ ပြည့်မီစေရန်အတွက် လည်းကောင်း၊ နောက်ပိုင်းတွင် "ICC ကို ဝေးဝေးတွင် နေစေမည့်" "လိုအပ် သော ဇာတ်ကောင်" တစ်ခုအဖြစ် ရှုမြင်ထားခဲ့ကြသော IHAT မှာ စစ်တပ်အကြား၊ များစွာသော နိုင်ငံရေး သမားများ နှင့် မဂ္ဂဇင်းသတင်းစာများအကြားတွင်မည်သည့်အခါတွင်မျှ ထင်ရှားကျော်ကြားခဲ့သည့် အဖွဲ့တစ်ခုမဟုတ်ခဲ့ပေ။[165] ထိုသူများသည် IHAT မှ ထောင်ပေါင်းများစွာသောအမှုများ တည်ဆောက်ထားခြင်း၊ အီရတ်တွင် တာဝန်ထမ်းဆောင် ခဲ့သူများအပေါ် စုံစမ်းစစ်ဆေးရေးမှူးများမှ မေးမြန်းစစ်ဆေးပုံစစ်ဆေးနည်း၊ ၎င်းလည်ပတ်နိုင်ရေးအတွက် ငွေကြေး ကုန်ကျစရိတ်များ နှင့် - အနည်းဆုံးအားဖြင့် - စစ်တပ်ဖွဲ့များအား ဂုဏ်သတင်းထိခိုက်မှုဖြစ်စေခဲ့ခြင်း နှင့် ဗြိတိန် စစ်သားများအား တရားစွဲဆိုခြင်းခံရလိမ့်မည်ဟုဆိုသော ခြိမ်းခြောက်မှုများပြုလုပ်ခဲ့ခြင်း စသည်တို့ကြောင့် IHAT အား ဆန့်ကျင်ခဲ့ကြသည်။ Commons Defence Sub Committee တွင် ရုံးထိုင်ခဲ့သူ Bob Stewart[166] မှ ရိုးရိုးရှင်းရှင်း ထပ်ဖြည့်ပြောထားသည်မှာ "စစ်တပ်အတွက် IHAT သည် ဒေါသထွက်စရာ၊ သည်းမခံနိုင်စရာ၊ စိတ်မကောင်းစရာ ဖြစ်သည်"။[167] ICC

---

165 ဥပမာ- IHAT အား ပါလီမန်၏ အသနားခံစာတစ်ခုတွင် "အရှက်ရစရာ အမည်းစက်" တစ်ခုအဖြစ် ကိုးကားဖော်ပြခဲ့သည်။ (see petition entitled "[T]he Iraq Historic Allegations Team must be stopped as it is a national scandal.", available on Parliament's web site, no. 118038), and the tabloid press has referred to as "rotten" or a "witch-hunt". David Willetts, "IRAQ PROBE TO GO: MPs to call for 'rotten' IHAT British troop witch-hunt to be scrapped", in *The Sun*, 6 February 2017 တွင်ကြည့်ပါ။

166 ၎င်းစစ်မှုထမ်းဆောင်နေစဉ်တွင် ညှင်းပန်းနှိပ်စက်မှုဖြစ်စေနိုင်သည့် နည်းလမ်းများကို မြောက်အိုင်ယာလန်တွင် အသုံးပြုခဲ့ကြောင်း ဝန်ခံခဲ့သူ Bob Stewart သည် မကြာသေးမီက တခါတရံတွင် ညှင်းပန်းနှိပ်စက်မှုသည် "တရားမျှတ" ပြီး "စစ်ကြောမေးမြန်းခြင်း နည်းလမ်းတစ်ခုအဖြစ် သုံးနိုင်"ကြောင်းကို သူ့အနေ ဖြင့် လက်ခံပါကြောင်း ဖော်ပြခဲ့သည်။ Danny Boyle, "'I was kind of a torturer in Northern Ireland', admits Conservative MP and ex-Army officer Bob Stewart", in *The Telegraph*, 26 January 2017 တွင်ကြည့်ပါ။

167 Sam Greenhill, "Five years of lawyers sifting through abuse claims […] and ONE guilty soldier: Allegations team has completed just 18 cases", in *The Daily Mail*, 11 January 2017. Prime Minister Theresa May has also expressed her frustrations with the "industrial scale" of claims lodged with IHAT. See Press Association, "British troops face investigation over

၏ ပဏာမစုံစမ်းစစ်ဆေးမှုသည် တစ်နည်းအားဖြင့် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်ဖြစ်ပြီး အလွန်ရိုးရှင်းကာ IHAT ၏ ပိတ်သိမ်းမှုအား လုံလောက်စွာ တားဆီးပေးနိုင်ခဲ့ခြင်း မရှိပေ။

သို့သော် အထက်ဖော်ပြချက်အနေဖြင့် ပဏာမစုံစမ်းစစ်ဆေးမှုသည် IHAT အပေါ်တစ်စုံတစ်ရာ သက် ရောက်မှု မရှိခဲ့ခြင်းဟု မဆိုလိုပါ။ အမှန်တွင် ယခုသုတေသနမှ ပေါ်ပေါက်လာသည့် ယေဘုယျအမြင်တစ်ခုမှာ ICC ၏ ပဏာမ စုံစမ်းစစ်ဆေးမှုသည် သိမ်မွေ့သော်လည်း အပြုသဘောဆောင်ပြီး IHAT ၏ လုပ်ဆောင်မှုများအပေါ် သက်ရောက်မှုရှိခဲ့သည်။ ဥပမာ - မာစာ (Mercer) မှ ပဏာမစုံစမ်းစစ်ဆေးမှုပြုလုပ်လိုက်ခြင်းသည် ထိုသူမှ ယခင်က အောင်မြင်စွာ ဖော်ထုတ်ပြောဆိုခွင့်မရခဲ့သည့် လုံခြုံရေးတပ်ဖွဲ့များ၏ လုပ်ရပ်များနှင့် စပ်လျဉ်းပြီး ၎င်းထံမှ ထုတ်ပြန်ချက် တစ်ခုကို ရယူရန်အတွက် IHAT အား "အားအင်ဖြစ်စေခဲ့" ကြောင်း ပြောဆိုထားသည်။[168] အခြား များစွာသော တရားပြိုင်များမှလည်း "ဆုံးဖြတ်ချက်ချမှတ်သူများသည် သီးခြား လုပ်ဆောင်မှုဆိုင်ရာဖြစ်စေ၊ ဖွဲ့စည်းပုံဆိုင်ရာဖြစ်စေ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပဏာမစုံစမ်းစစ်ဆေးမှုအား တစ်ခါတစ်ရံတွင် ဝေဖန် ထောက်ပြခဲ့ကြောင်း" မှတ်သားထားသည်။[169] ပြည်တွင်းဥပဒေကြောင်းအရ စောင့်ကြည့်လေ့လာခြင်းသည် အဓိက ကျသည့်ရေးရာကိစ္စ ဖြစ်ခဲ့ဟန်ရှိသော်လည်း ထိုအချိန်၌ IHAT နှင့် SPA ဒါရိုက်တာများသည် ဗြိတိန်တရားရုံးများ ရှေ့မှောက်တွင် ပေးခဲ့သော သက်သေထွက်ချက်များအပေါ် ပြုလုပ်သည့် ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှုကိုသာ အလေးပေးခဲ့ကြသည်။[170] ထို့ပြင်

ill-treatment of Iraqis", in *The Guardian*, 16 October 2016 တွင်ကြည့်ပါ။

168 Author's interviews (Nicholas Mercer).

169 Author's interviews (various).

170 ဥပမာအားဖြင့် IHAT အား ဥပဒေအကြံဉာဏ်များပေးနေသူ တရားသူကြီး Leggatt ထံပေးသော SPA ဒါရိုက်တာ Cayley ၏ သက်သေထွက်ချက် တစ်ခု၌ သီးခြားစွပ်စွဲချက်များအား ထပ်မံစုံစမ်းစစ်ဆေးမှု ပြု/မပြုကို ဆုံးဖြတ်နိုင်ရန်အတွက် IHAT နှင့် SPA တို့ အသုံးပြုခဲ့သည့် ဆန်းသပ်မှုတစ်ရပ်ကို ရှင်းပြသောအခါ ပဏာမစုံစမ်းစစ်ဆေးမှု၏ တည်ရှိမှုကို ထောက်ပြခဲ့သည်။မှတ်သားရမည်မှာ သူ့အနေဖြင့် "IHAT နှင့် SPA တို့သည် Rome ဖွဲ့စည်းပုံဥပဒေ အပိုဒ် ၁၇ ပါ လိုအပ် ချက်များကို ဖြည့်ဆည်းနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့" သော်လည်း ဗြိတိန်အနေဖြင့် အမှုများအား ရာဇဝတ်ဆိုင်ရာ

ပဏာမစုံစမ်းစစ်ဆေးမှုအတွက် မဟုတ်ခဲ့ပါလျှင် IHAT အား အစောပိုင်း အဆင့်တွင် ပိတ်သိမ်း လိုက်ဖွယ်ရှိခဲ့ပေသည်။ ဗြိတိန်ရှိ လူ့အခွင့်အရေး NGO တစ်ခုဖြစ်သည့် Redress မှ Carla Ferstman ဆိုသူ၏ လေ့လာမှုအတိုင်းပင် ပဏာစုံစမ်းစစ်ဆေးခြင်းသည် "[IHAT] အား ဆက်လက် အသက်ဝင် စေလိုသော နိုင်ငံရေးဆန္ဒ တစ်ခုထက် ပိုမိုကြာရှည်အောင် ထိန်းထားနိုင်ရန် ဖိအားပေးမှုဖြစ်စေခဲ့သည်"။[171] ထိုအကြောင်းအပေါ် SPA ဒါရိုက်တာ Cayley ၏ မှတ်ချက်များမှာ တူညီစွာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

> အစိုးရသည် ထိုစွပ်စွဲချက်များကို ကိုင်တွယ်ဖြေရှင်းရန် ကျွန်တော်တို့ရဲ့ ပြည်တွင်းတာဝန် ဝတ္တရားများအား ကနဦးအစကတည်းက နားလည်ပြီး ပံ့ပိုးပေးခဲ့တယ်။ ကျွန်တော့်အတွက်ရော ကျွန်တော်တို့ရဲ့ လုပ်ငန်းအတွက်ရော အခြားအပိုင်းများမှ ဖိအားများ ရှိခဲ့တယ်ဆိုတာ အမှန်ပါ ပဲ။ အပြည်ပြည်ဆိုင်ရာ တရားရုံးများ၏ နောက်ခံပြုမှုနှင့်အတူ ပဏာမစုံစမ်းစစ်ဆေးမှုဟာ ခိုင် မာတဲ့ လက်ကိုင်တစ်ခုဖြစ်ခဲ့ပြီး တွန်းအားတစ်ခုလည်းဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ အနေနဲ့ ထိုကဲ့သို့အရေးပါတဲ့တာဝန်ကို မှန်ကန်မြန်ဆန်သောပုံစံဖြင့် ဆက်လက်ပြီးဆုံးအောင် လုပ်နိုင်ပါလိမ့်မယ်။ သို့သော် ယခုအခါ အရှိန်အဟုန်မှာလည်း ကောင်းစွာတည်ဆောက်ပြီးဖြစ် ရာ တရားရုံးသည် ၎င်း၏ပဏာမစုံစမ်းစစ်ဆေးမှုကို များမကြာမီကာလအတွင်း ပြီးမြောက် အောင် အသည်းအသန်လုပ်ဆောင်နိုင်လိမ့်မည်ဟု ကျွန်တော့အနေနဲ့ မျှော်လင့်မိပါတယ်"။[172]

ပို၍ ယေဘုယျကျကျဆိုရသော် အီရတ်တောင်းဆိုမှုများမှ ထွက်ပေါ်လာသော တရားစီရင်ရေး လုပ်ငန်းစဉ် များသည် ဗြိတိန်၏

---

စုံစမ်းစစ်ဆေးသည့်လုပ်ငန်းစဉ်အား နည်းလမ်း တကျမဟုတ်ဘဲ တိုတောင်းအောင်လုပ်ဆောင်ပြီး စုံစမ်းစစ်ဆေးအပြစ်ပေးလိုသည့် စိတ်ဆန္ဒရှိမှုအပေါ် သံသယထားလိုသောဆန္ဒ မရှိခဲ့ပေ။ UK High Court of Justice, Al-Saadoon and Others v. Secretary of State for Defence, 7 April 2016, [2016] EWHC 773 (Admin), paras. 268–69 (https://www.legal-tools.org/doc/97d1d3/ တွင်ကြည့်ပါ။

[171] Author's interviews (Carla Ferstman).

[172] Author's interviews (Andrew Cayley).

သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာဥပဒေစနစ်များအား လိုက်နာဆောင်ရွက်မှုအပေါ် အပြု သဘော သက်ရောက်မှုများ ရှိနိုင်သည်။ သို့ရာတွင် ထိုသက်ရောက်မှုသည် ပြည်တွင်းတရားဥပဒေဆိုင်ရာ လုပ်ငန်း စဉ်များနှင့် ဆက်စပ်နေဟန်ရှိသည်။ မှတ်သားရသည်မှာ Baha Mousa စုံစမ်းစစ်ဆေးမှုရလာဒ်များ၏ အကျိုးဆက် အနေဖြင့် MoD သည် စုံစမ်းစစ်ဆေးရေးမှူးများအား သင်တန်းပေးခြင်းဆိုင်ရာ ၎င်း၏ နည်းလမ်းများကို ပြန်လည် ပြင်ဆင်ခဲ့သည်။[173]

## ၅.၄. PIL ၏ ကျရှုံးမှုသည် အဘယ့်ကြောင့် IHAT ၏ ကျရှုံးမှုဖြစ်လာသနည်း - ၎င်းသည် ပဏာမစုံစမ်း စစ်ဆေးမှု၏ ကျရှုံးမှုလည်း ဖြစ်လာနိုင်မည်လား?

တစ်စုံတစ်ယောက်သည် IHAT ပေါ်ပေါက်လာပုံနှင့် ကျရှုံးပုံတို့ကို နားလည်နိုင်စေရန်အတွက် PIL IHAT ပေါ်ပေါက် လာပုံနှင့် ကျရှုံးပုံများ၊ နှင့် ၎င်း၏ ဦးဆောင်ရှေ့နေဖြစ်သူ ဖေးလ် ရှိုင်နာ (Phil Shiner) အကြောင်းတို့ကို နားလည်ရန် လိုအပ်ပေသည်။ ရှိုင်နာသည် ၂၀၀၄ ခုနှစ်အတွက် လူ့အခွင့်အရေးရှေ့နေအဖြစ် သတ်မှတ်ခြင်းခံရသူတစ်ဦးဖြစ်ပြီး အီရတ်နစ်နာသူများအတွက် တရားမျှတမှုရှိစေရေး နှစ်ပေါင်းများစွာ အားသွန်ခွန်စိုက် လုပ်ဆောင်ခဲ့သူလည်း ဖြစ်သည်။ ထိုသူသည် အီရတ်စစ်ပွဲတွင်း ကျူးလွန်ခဲ့သည်များအတွက် တရားမျှတမှုရှာဖွေပေးခြင်းဖြင့် လူများစွာ အတွက် ထပ်တူတကျ ဖြစ်လာခဲ့သည်။[174] PIL အနေဖြင့် အီရတ်ရှိ

[173] MoD မှ ရှင်းပြထားသည်မှာ "စစ်ကြောရေးလမ်းကြောင်းအား Baha Mousa စုံစမ်းစစ်ဆေးမှု၏ ဥက္ကဋ္ဌဖြစ်သူမှ ပေးခဲ့သည့် အကြံပေးထင်မြင်ချက်များ ရရှိ ပြီးနောက် ၂၀၁၁ ခုနှစ်တွင် ပြန်လည်ရုပ်သိမ်းခဲ့ပြီဖြစ်သည်" ။ MoD နေဖြင့် ICC ၏ မဏာမစုံစမ်းစစ်ဆေးမှုကို အတိအလင်း ကိုးကားမှုမပြုသော်လည်း "၎င်း၏ မူသဘောတရားများ၊ မူဝါဒများနှင့် သင်တန်းပေးခြင်းများသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေအရ ၎င်း၏ တာဝန်ဝတ္တ ရားများကို ချိုးဖောက်စေနိုင်သည့် အလေ့အကျင့်များနှင့် တစ်ဦးချင်းလုပ်ဆောင်မှုများအပေါ် လုံလောက်စွာ တားဆီးနိုင်ခြင်းမရှိခဲ့သည့် နယ်ပယ်များအား သတ်မှတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ နှင့် ပြင်ဆင်ခြင်များလုပ်ဆောင်နိုင်ရန်အတွက် လုပ်ငန်းစဉ်" တစ်ခု လိုအပ်သည်ဟု မှတ်ချက်ပြုထားသည်။ MoD 2014 Report on Systemic Issues Identified From Investigations Into Military Operations Overseas, see *supra* note ၉၉ တွင်ကြည့်ပါ။

[174] ဥပမာအားဖြင့် Owen Bowcott, "Phil Shiner: steep fall from grace for leading UK human rights lawyer", in *The Guardian*, 2 February 2017 တွင်ကြည့်ပါ။ Shiner နှင့်

ဗြိတိန်စစ်သားများအပေါ် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုများနှင့် IHAT ၏ စုံစမ်းစစ်ဆေးမှုများ နှစ်ခုစလုံးတွင် နည်းလမ်းပေါင်းများစွာဖြင့် ကူညီပံ့ပိုး ခဲ့သည်။ PIL သည် ဗြိတိန်ဥပဒေအကြံပေးကုမ္ပဏီတစ်ခုဖြစ်သည့် Leigh Day နှင့် အတူလက်တွဲပြီး MoD အား များစွာသော တရားမမှုများစွဲဆိုခဲ့ပြီး အမှုအများစုမှာ ဖြေရှင်းပြီးစီးခဲ့ပြီး နစ်နာကြေးကိုလည်း အီရတ်နစ်နာသူများ ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။[175] လူ့အခွင့်အရေးအသိုင်းအဝိုင်းသည် ရှိုင်နာအား သူ၏ စိတ်ပါလက်ပါရှိမှုနှင့် ရဲရင့်မှုတို့ အပေါ် ထောပနာပြုခဲ့ကြသည်။ တစ်ဖက်တွင်လည်း လက်နက်ကိုင်တပ်ဖွဲ့များ၊ စစ်တပ်လိုလားသူများနှင့် လက်ယာ ယိမ်း စာနယ်ဇင်း များစွာသည် ၎င်းအား "အီရတ်ရှိ ကောင်လေးများ(စစ်သားများ)" ကို လိုက်လံဖမ်းဆီးနေခြင်း အတွက် စက်ရှုပ် ရွံရှာကြသည်။[176] ဘာမင်ဂန်အခြေစိုက် အတော်သေးငယ်သည့် ဥပဒေအကြံပေးကုမ္ပဏီ တစ်ခု ဖြစ်သော PIL အနေဖြင့် ထောင်ပေါင်းများစွာသော စွပ်စွဲချက်များနှင့် နစ်နာသူများ၏ ပြောကြားချက်များကို IHAT ထံသို့ တင်သွင်းနိုင်ခြင်းကြောင့်ပင်လျှင် အီရတ်တွင် ကျူးလွန်ကြောင်း စွပ်စွဲထားသည့် ပြစ်မှုများကို စုံစမ်းစစ်ဆေး သည့် လုပ်ငန်းစဉ်၌ အများကြီးကြိုက်နှစ်သက်မှုကို အမြန်ဆုံးရရှိခဲ့သလို သိသိသာသာ လွှမ်းမိုးနိုင်မှုများလည်း ရှိခဲ့ခြင်း ဖြစ်သည်။[177] အပြန်အလှန်အားဖြင့် IHAT သည် နစ်နာသူများနှင့် သက်သေများ ရရှိနိုင်ရေးအတွက် PIL အပေါ်တွင် မှီတည်ခဲ့သည်။ စစ်တပ်နှင့် ၎င်း၏ ပံ့ပိုးသူများမှ PIL နှင့် ရှိုင်နာအပေါ် မကျေနပ်မှုများရှိလာပြီး မကြာခဏဆိုသလို "အရေးပေါ် နောက်လိုက် အမှုစွဲဆိုကြသော ရှေ့နေများ" နှင့် ထိုထက်ဆိုးရွားစွာ အမည်တပ်လေ့ရှိကာ IHAT ၏

အင်တာဗျူးမေးမြန်းထားခြင်းများကို Catherine Baksi, "'I'm just a lawyer doing my job. I've done nothing wrong'", in *Legal Action*, March 2015 တွင်ကြည့်ပါ။

175 Author's interviews (Bethany Shiner).

176 Author's interviews (various).

177 PIL သည် IHAT မှ ကိုင်တွယ်ဖြေရှင်းနေသော စွပ်စွဲချက်ပေါင်း ၃၃၉၂ ခု၏ သုံးပုံနှစ်ပုံအား ဖြေရှင်းနိုင်ရန် ကူညီပေးခဲ့သည်။ IHAT, "Allegations Under Investigation" (https://www.legal-tools.org/doc/a3f93e/) တွင်ကြည့်ပါ။

အမှုများအား ရိုးရိုးရှင်းရှင်း ပိတ်သိမ်းနိုင်စွမ်းမရှိမှုနှင့်အတူ ၎င်းတို့၏ မကျေနပ်မှုများမှာ အမှန်တကယ် ပေါ်ပေါက် ခဲ့သည်။[178]

အမှုလိုက်ရှေ့နေများ စည်းမျဉ်းရေးရာအာဏာပိုင် Solicitors Regulation Authority ('SRA') မှ ရှိုင်နာ အား အကျင့်ပျက်ခြစားမှုစွဲချက်များဖြင့် အမှုလိုက်ရှေ့နေများ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာခုံရုံး Solicitors Disciplinary Tribunal ('SDT') သို့ တရားစွဲဆိုခဲ့ခြင်းနှင့်အတူ များစွာသော အကျင့်ပျက်ခြစားမှု ကိစ္စများအပေါ် ရှိုင်နာ၏ ဝန်ခံချက်နှင့် အီရတ်ပွဲစားများအား ငွေပေးကာ တောင်းဆိုသူများကိုရှာဖွေခဲ့ကြောင်း SDT ၏ နောက်ဆက် တွဲ စစ်ဆေးတွေ့ရှိချက်တို့သည် IHAT ၏ ခေါင်းတလားပေါ်တွင် သံမှိုရိုက်သကဲ့သို့ ဖြစ်စေခဲ့သည်။[179] မဂ္ဂဇင်း သတင်းစာများမှ အခိုင်အမာထောက်ခံခဲ့သည့် အစိုးရ၏ ဇာတ်ကြောင်းဖန်တီးမှုတစ်ခုသည် အလျင် အမြန် ပေါ်ထွက်လာခဲ့ပြီး PIL အား ပိတ်သိမ်းလိုက်ပြီဖြစ်ခြင်းကြောင့် IHAT ကိုလည်း ပိတ်သိမ်းရန် ရှိကြောင်း ဖော်ပြခဲ့သည်။[180] ထို ပြောကြားချက်အရ IHAT ရှိ လက်ခံထားသော အမှုအများစုသည်

[178] PIL နှင့် အခြားဥပဒေကုမ္ပဏီများအား "အရေးပေါ်နောက်လိုက် ရှေ့နေများ" ဖြစ်ကြောင်းစွပ်စွဲချက်များကို များစွာသောလှုပ်ရှားသူများမှ အဖြစ်အပျက်များ စွာတွင် ဖော်ပြခဲ့ကြသည်။ ဥပမာအားဖြင့် Robert Mendick and Ben Farmer, "'Ambulance chasing' law firm that hounded British troops over false claims of Iraq abuse banned from public funding", in *The Telegraph*, 2 August 2016 တွင် ကြည့်ပါ။

[179] ရှိုင်နာအား ဖြစ်နိုင်ချေရှိသည့် အမှုသည်များ နှင့် အခြားအကြောင်းအရာတို့အတွက်'ရှေ့နေကျင့်ဝတ်နှင့်မကိုက်ညီသော တိုက်ရိုက်ချဉ်းကပ်နည်းများ" အသုံးပြုခဲ့သည်ဆိုသည့်အပေါ် အခြေခံပြီး မရိုးဖြောင့်မှု နှင့် သမာဓိကင်းမဲ့မှုတို့အပါအဝင် လုပ်ငန်းပိုင်းဆိုင်ရာ မှားယွင်းမှုစွပ်စွဲချက်များစွာဖြင့် အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ Solicitors Disciplinary Tribunal, case no. 11510-2016, SRA and Philip Joseph Shiner, Judgement, date of hearing 23 January 2017 – 2 February 2017 တွင်ကြည့်ပါ။ Leigh Day ဥပဒေအကြံပေးကုမ္ပဏီအား တရားစွဲဆိုခဲ့သော်လည်း ၎င်းအား စွဲချက်အားလုံးမှ တရားသေ လွှတ်ခဲ့သည်။John Hyde, "Leigh Day and its lawyers cleared of all 19 charges", in *Law Society Gazette*, 12 June 2017 တွင်ကြည့်ပါ။

[180] မှတ်သားသင့်သည်မှာ အီရတ်တောင်းဆိုမှုများတွင်ပါဝင်ခဲ့ကြသည့်ရှေ့နေများအား ဆန့်ကျင်သည့်အစိုးရ၏ကမ်ပိန်းအား Al Sweady ၏ အများသိ စုံစမ်း စစ်ဆေးမှုကို ထုတ်ဝေသည့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ မတိုင်မီတွင် စတင်ခဲ့ကြသည်။ ထိုစစ်ဆေးမှုတွင် Sir Thayne Forbes မှ "စွပ်စွဲချက်အများစုသည် ယုံ ကြည်ကိုးစားနိုင်မှုကင်းမဲ့နေကြောင်း၊ နှင့် "ရည်ရွယ်ချက်ရှိရှိ အလိမ်အညာများ၊

ရှိုင်နာ၏ အကျင့် ပျက်ခြစားမှုကြောင့် အတုအယောင်များဖြစ်ခဲ့ရသည်။ (IHAT ရှိ အမှုများမှ သုံးပုံနှစ်ပုံသည် PIL နှင့် စပ်ဆက်မှု လုံးဝမရှိခြင်း ဆိုသည့်အချက်ကို ချန်လှပ်ထားပါသည်။) ဆိုလိုသည်မှာ အီရတ်ရှိ ရာဇဝတ်မှုများအတွက် တရားမျှ တမှု ဖော်ဆောင် ရေးကိစ္စကို အကျင့်ပျက်ခြစားမှုကျူးလွန်ကြောင်း မှားယွင်းစွပ်စွဲခံရသည့် စစ်သားများအတွက် တရားမျှတမှု ဖော်ဆောင်ရေးကိစ္စတစ်ခုအဖြစ် ဗြိတိန်အစိုးရ၏ ဇာတ်ကြောင်းဖန်တီးမှုသည် အောင်မြင်ခဲ့သည်။ ရှိုင်နာအား စစ်ဆေးအပြစ်ပေးပြီးနောက် ကာကွယ်ရေးအတွင်းဝန်ဖြစ်သူ မိုက်ကယ် ဖယ်လွန် (Michael Fallon) မှ ဖော်ပြခဲ့သည်မှာ "ကျွန်တော်တို့ ဥပဒေစနစ်ကို ထိုသူက အလွဲသုံးစားပြုမှုနေကြောင်း သက်သေအထောက်အထား များ တင်သွင်းလိုက်သည့် မထင်မှတ်ထားတဲ့ အဆင့်တစ်ခုကိုလုပ်ဆောင်ခဲ့ပြီးနောက် အဆုံးတွင် တရားမျှတမှုကို ဆောင် ကြဉ်းပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဖေးလ်ရှိုင်နာမှ စစ်သားတွေရဲ့ဘဝတွေကို ညှင်းပန်းနှိပ်စက်မှုနှင့် လူသတ်မှု များဆိုင်ရာ တောင်းဆိုချက်အမှားတွေနဲ့အတူ ရှုပ်ထွေးအောင်လုပ်ခဲ့တာမို့ အခုအခါ သူ့အနေနဲ့ တောင်းပန် သင့်တယ်"။[181]

အချို့သော လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ရှိုင်နာ၏ အမှားကျူးလွန်မှု နှင့် ၎င်းစတင်ခဲ့သည့် စွပ်စွဲချက် များ၏ ယုံကြည်ကိုးစားနိုင်မှုတို့အကြား ခွဲခြားထားရန် မှန်ကန်စွာ သတ်မှတ်ခဲ့ကြသော်လည်း[182] ၎င်းအား စစ်ဆေး အပြစ်ပေးနောက် အစိုးရ၏ ပြန်ပြောင်းပြောကြားချက်သည် ဗြိတိန်ရှိ ရှေ့နေများအတွက် ခြိမ်းခြောက်မှုဖြစ်စေခဲ့

မဆင်မခြင် ထင်ကြေးများနှင့် အရိုးစွဲနေသောရန်လိုမှု" သာဖြစ်ခဲ့ကြောင်း သုံးသပ်ခဲ့သည်။ Al Sweady စုံစမ်းစစ်ဆေးမှုနှင့် ၎င်း၏အကျိုးသက်ရောက်မှုတို့ကို Kerr, 2018, see *supra* note ၁၃၁ (noting that the inquiry "marked the beginning of the end for PIL") တွင် ထပ်မံကြည့်နိုင်သည်။

181 As cited in Owen Bowcott, "Phil Shiner: Iraq human rights lawyer struck off over misconduct", in *The Guardian*, 2 February 2017.

182 Redress မှ ချေပထားသည်မှာ "မစ္စတာရှိုင်နာ၏ လုပ်ငန်းပိုင်းဆိုင်ရာ မှားယွင်းမှုနှင့် ဆိုးရွားလှသော အကျင့်ပျက်ခြစားမှုများသည် အီရတ်တွင် ဗြိတိန်တပ်ဖွဲ့ များမှ အကြမ်းဖက်ခဲ့ကြောင်း စွပ်စွဲချက်များမှာ အမည်းစက်များသာဖြစ်ကြောင်း၊ အပြည့်အဝစုံစမ်းစစ်ဆေးရန်မလိုကြောင်းဟု မဆိုလိုနိုင်သည်ကို အထူးသတိ ချပ်ရမည်ဖြစ်သည်။ တစ်ဖက်တွင် ထိန်းသိမ်းခံရသူများအပေါ်အကြမ်းဖက်မှုရှိကြောင်း စွပ်စွဲချက်များသည် အရင်းအမြစ်တစ်ခုတည်းမှ ပေါ်ထွက်ခဲ့သည် မဟုတ်ဘဲ Iraq Historical Allegations Team အနေဖြင့် များစွာသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့များထံမှလည်း စွပ်စွဲချက်များကို မှတ်တမ်းတင်ထားခဲ့သည်။" See *ibid.*

သည်သာမက အီရတ်ရှိ ရာဇဝတ်မှုများနှင့် အခြားဖြစ်နိုင်ချေရှိသည့် နယ်ပယ်ကိစ္စရပ်များ၌ တာဝန်ခံမှုရှိရေး အတွက် ထောက်ခံမှုများ ပိုများလာခြင်းအပေါ်တွင်လည်း အတိုင်းအတာတစ်ခုအထိ ထိပါးစေခဲ့သည်။[183] Carl Ferstman မှလည်း "ဖေးလ်အကြောင်းသည် စိတ်ဝင်စားစရာ ကိစ္စတစ်ခုဖြစ်လာတဲ့အခါမှာ ဒီကိစ္စအကြောင်း နိုင်ငံ တကာရော လူ့အခွင့်အရေးဆိုင်ရာရော ထည့်သွင်းစဉ်းစားမှုဟာ အလွန် တိတ်ဆိတ်သွားခဲ့တယ်။" ဟု မှတ်ချက် ပြုထားသည်။[184] ထို့ပြင် ရှိုင်နာ၏ အမှုသည် ဗြိတိန်ရှိ ဥပဒေဆိုင်ရာ အလုပ်အကိုင်အသက်မွေးမှုအပေါ်တွင် ပိုမို ကျယ်ပြန့်သော သက်ရောက်တစ်ခုလည်း ရှိကောင်းရှိနိုင်ခဲ့သည်။ Schüller မှ လေ့လာတွေ့ရှိထားသည်မှာ "ဒီကိစ္စ သည် ပုဂ္ဂလိက ဥပဒေအကြံပေးကုမ္ပဏီ ၂ ခု အပေါ်တွင်သာမက ဗြိတိန်ရှိ ထိုကဲ့သို့အလုပ်မျိုး လုပ်ကိုင်နေကြသည့် ရှေ့နေများအားလုံးပေါ်တွင်လည်း အခြေခံအားဖြင့် သက်ရောက်ခဲ့သည်၊ ထို့ပြင် [......] အကယ်၍ သင့်အနေဖြင့် ယခုအဆင့်၌ နစ်နာသူများ၏ ကိုယ်စားပြုခြင်း စသည်တို့ကို တားဆီးခဲ့ပါလျှင် အကြီးအကျယ် ပြဿနာဖြစ်စေနိုင် ပြီး အီရတ်စစ်ပွဲနှင့်ပတ်သက်သောအမှုများစွာအပေါ် ရှိ သက်ရောက်မှုထက် ပိုမိုများပြားသော သက်ရောက်မှုများ ရှိ လာခြင်း ဖြစ်သည်"။[185]

အချို့သူများက ၎င်းသည် အစိုးရမှ အမှန်တကယ် ရရှိသင့်သည့်အရာဖြစ်သည်ဟု ချေပပြောဆိုကြသည်။ လက်ရှိ တာဝန်ခံမှုဆိုင်ရာ လုပ်ငန်းစဉ်များကို လျော့ပါးစေနိုင်ရန် နှင့် နောင်တွင်လည်း ကိစ္စအသစ်များဖော်ထုတ် မည့် ရှေ့နေများကို ရှောင်ကြဉ်နိုင်စေရန်အတွက် လုပ်ငန်းစဉ်များတွင် ပါဝင်ခဲ့ကြသည့် ရှေ့နေများကို ဦးတည်ထား သော "လွန်စွာ ကြိုတင်ချင့်ချိန်ထားသော" နည်းဗျူဟာတစ်ခုရှိခဲ့သည် ဟု Ferstman မှ

[183] Bethany Shiner မှ ချေပထားသည်မှာ အရေးပေါ်နောက်လိုက်ရှေ့နေများအကြောင်း ပြောပြချက်သည် တစ်စိတ်တစ်ပိုင်းအားဖြင့် 'အမှန်တကယ် သက်ရောက်မှုရှိကြောင်း" ပြသနိုင်ခဲ့ကြောင်း၊ အကြောင်းမှာ "လူဖြိုန်းကြိုက်သတင်းစာမှ တမြို့လုံးသို့ ပျံ့နှံ့စေခဲ့ခြင်း"ကြောင့်ဖြစ်သည်။ သူမအနေဖြင့် ခံစားမိ သည်မှာ "အလွန်ခြိမ်းခြောက်ခံရကြောင်း၊ ကျွန်မတို့ထံ လူတွေက ဖုန်းဆက်ပြီး ကြိမ်ဆဲအော်ဟစ်တာတွေကိုပါ ကြုံတွေ့ခဲ့ရတယ်"၊ [...] ဓါတ်ဆီနဲ့ မီးရှို့အသတ် ခံရမယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေပါ ကျွန်မရရှိခဲ့တယ်"၊ Author's interviews (Bethany Shiner).

[184] Author's interviews (Carla Ferstman).

[185] Author's interviews (Andreas Schüller).

အကြံပြုထားသည်။[186] ထို့ပြင် Ferstman မှ ယုံကြည်ထားသည်မှာ ICC ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်များတွင် ပဏာမ စုံစမ်း စစ်ဆေးမှုကိုလည်း ထည့်သွင်းခဲ့နိုင်ကြောင်း၊ "ပဏာမစုံစမ်းစစ်ဆေးမှု၏ အနုတ် သဘောဆောင်သော အချက်တစ်ခုရှိကြောင်း၊ ထိုအချက်မှာ စုံစမ်းစစ်ဆေးမှုသည် ရှေ့နေရှေ့ရပ်များ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ခုံရုံးသို့ အရာအားလုံးကို လွှဲပေးရန် အခိုင်အမာ တွန်းအားပေးသည့်အချက်တစ်ခု ဖြစ်နိုင်ခဲ့သည်ဟု တစ်စုံတစ်ဦးမှ ချေပ ပြောဆိုလိမ့်မည်။ အကယ်၍ ကျွန်တော်သာ ပိုအဆိုးမြင်သမားဖြစ်ခဲ့ပါမူ ဤနည်းဖြင့် ကိစ္စရပ်များကို ချိတ်ဆက်ရန် အတင်းအကြပ်လုပ်ဆောင်ခြင်းသည် ICC သို့ သတင်းအချက်အလက် ပံ့ပိုးပေးခဲ့ကြသူများအပေါ် အမှန်ပင် မရိုသေ မလေးစားမှု ဖြစ်စေခဲ့မည်ဖြစ်သည်။"[187] အလားတူပင် Schüller မှ ရှင်းပြထားသည်မှာ

> "ကျွန်တော့အထင်တော့ ဒီကိစ္စဟာ ICC ထံ ဆက်သွယ်တိုင်တန်းမှုနှင့်သာ ဆက်စပ်နေတာ မဟုတ်ဘဲ သီးခြားကဏ္ဍတစ်ခု အသေအချာရှိနေခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဒါဟာ စစ်ဘက် နှင့် နိုင်ငံရေး အဆင့်မြင့် နေရာများမှာရှိနေတဲ့ ရာထူးမြင့်ပုဂ္ဂိုလ်များနောက် ပထမဆုံးအကြိမ် လိုက်လံ စုံစမ်းခြင်းဖြစ်ပြီး ဆုံးဖြတ်ချက်ချမှတ်တဲ့ ပုဂ္ဂိုလ်များကိုလည်း ပိုနီးစပ်လာနိုင်တဲ့အတွက်ဖြစ်တယ်။ အမှန်တော့ စုံစမ်းစစ်ဆေးမှုများ [နှင့်] IHAT အမှုများသည် များသောအားဖြင့် အဆင့်မြင့်မဟုတ်တဲ့ ရာထူးအဆင့်များအပေါ် ကျွန်တော်ဆိုလိုချင်တာက ခင်ဗျားအနေနဲ့ လက်မခံချင်သော်ငြား အစိုးရ၏ နိုင်ငံရေးအမြင် အရ လက်ခံလိုက်ရတဲ့ ရာထူးအဆင့်တွေအပေါ် အခြေခံထားပေမယ့် ကျွန်တော့် အမြင်အရ ဆိုလျှင် ICC ထံ ဆက်သွယ်တိုင်တန်းခြင်းတွင် […] အဆိုပါပုဂ္ဂိုလ်များသည် သူတို့ မလိုချင်သော တာဝန်ခံမှု အကြောင်း ဆွေးနွေးမှုများရှိလာနိုင်သည့် အန္တရာယ်တွေကို တွေ့မြင် ထားတယ်။ […] အဲ့ဒါကြောင့် တုန့်ပြန်ချက်တွေဟာ ကဏ္ဍအစုံမှာ ပြင်းထန်ခဲ့ခြင်း ဖြစ်ပါတယ်။"[188]

[186] Author's interviews (Carla Ferstman).

[187] *Ibid*.

[188] Author's interviews (Andreas Schüller).

PIL အား ပိတ်သိမ်းလိုက်ခြင်း နှင့် ရှိုင်နားအား ဥပဒေနယ်ပယ်မှ ဖယ်ရှားလိုက်ခြင်းတို့သည် ICC ၏ ပဏာမ စုံစမ်းစစ်ဆေးမှုအပေါ် မည်မျှတိုက်ရိုက်သက်ရောက်မှုရှိလိမ့်မည်ဆိုသည်မှာ အဖြေရှာဆဲမေးခွန်း တစ်ခုအဖြစ် ဆက်လက်ရှိနေပေသည်။ အထက်တွင် မှတ်သားခဲ့သည့်အတိုင်းပင် ICC ၏ တရားလိုရှေ့နေများမှ အပိုဒ် ၁၅ အရ ဆက်သွယ်တိုင်တန်းမှုများ ပေးပို့သူများ၏ ယုံကြည်ကိုးစားနိုင်မှုအပေါ် စုံစမ်းစစ်ဆေးလျက် ရှိကြောင်း ဖော်ပြခဲ့သည်။ အခြားမဟုတ်ခဲ့လျှင် PIL ၏ ပိတ်သိမ်းမှု၊ နှင့် ရှိုင်နာ၏ ဝန်ခံချက်များနှင့် ဖယ်ရှားခံရမှုတို့သည် ထိုအကဲဖြတ်မှုအပေါ် အမှန်ပင် သက်ရောက်မှုရှိပေလိမ့်မည်။ ၎င်းသည် လက်ဝယ်ရောက်ရှိနေနှင့်ပြီးသား အထောက်အထားများအပေါ်တွင်လည်း သက်ရောက်နိုင်ချေရှိသည်။ အဘယ့်ကြောင့်ဆိုသော် ယခုအခါ အပိုဒ် ၁၅ အရ ဆက်သွယ်တိုင်တန်းမှုများ ပေးပို့သူများထံမှ ရှင်းလင်းသောဖော်ပြချက်များ ရရှိနိုင်အောင် ရှေ့နေချုပ်ရုံး၏ စွမ်းဆောင်နိုင်ရည်မှာ ပိုမိုကန့်သတ်မှုများရှိနေခြင်းကြောင့်ဖြစ်သည်။ အကျယ်တဝင့် ဆိုရသော် ဤနေရာတွင် ဆွေးနွေးခဲ့သည့် တိုးတက်လာသော အချက်များသည် OTP အတွက် "ကာကွယ်ပေးသည့်သဘော" ဖြစ်နိုင်သည်။ Bethany Shiner မှ အကြံပြုထားသည်မှာ "ပြဿနာမှာ OTP သည် နိုင်ငံရေးသဘောကို သိမြင်ပြီး အပြည့်အဝ သတိပြုမိခြင်းဖြစ်သည်။ သို့သော် ဤ [ ပြစ်မှုများ ] အားလုံးမှာ စိတ်အနှောင့် အယှက် ဖြစ်စေသည်ဆိုသည့် စွပ်စွဲချက်အပေါ် OTP မှ ပြန်လည် တုန့်ပြန် [ဟန်ရှိသည်]၊ OTP မှ ပြောထားသည်မှာ "ကောင်းပြီ၊ ထိုအချက်ကို တုန့်ပြန်နိုင်တဲ့ သက်သေ အထောက်အထား ဘယ်မှာလဲ?"။ ဆက်လက်၍ Bethany Shiner မှ "သူတို့ [OTP]က တကယ်ကောင်းတဲ့ အစပြုမှုတစ်ခုကို ပြုလုပ်ခဲ့ပြီးနောက် နေးကွေးသွားခဲ့တယ်။ အကြောင်းကတော့ [...] သူတို့အနေနဲ့ စွပ်စွဲတောင်းဆိုချက်တွေဟာ အမှားတွေဖြစ်တယ်ဆိုတဲ့ နိုင်ငံရဲ့စွပ်စွဲချက်အပေါ် ပြန်လည် တုန့်ပြန် နိုင်ရန် ကြိုးစားရမှာဖြစ်တယ်" ဟု ပြောထားသည်။ Bethany Shiner အတွက် ဤကိစ္စသည် "အတော်ကို ထူးခြားပြီး ပုံမှန်မဟုတ်သော အခြေအနေတစ်ခု" ကို ဖြစ်စေသည်။ အဘယ့်ကြောင့်ဆိုသော် သူမသည် "တန်ပြန်

သက်သေအထောက်အထားများပေးခိုင်းသည်ဟု ခံစားရပြီး၊ အကြောင်းမှာ ၎င်းတို့ကိုယ်တိုင် ထိုအထောက်အထား များကို မပေးအပ်နိုင်ခြင်းကြောင့် ဖြစ်သည်။" [189]

တစ်နည်းအားဖြင့် အီရတ်နှင့်ပတ်သက်သည့် ဥပဒေလုပ်ငန်းစဉ်များတွင် ပါဝင်ခဲ့ကြသည့် ရှေ့နေများကို ဆန့်ကျင်သည့် ကမ်ပိန်းတစ်ခုသည် အရေးပါသော အရင်းအမြစ်များစွာရှိသည့် တိုင်းပြည်တစ်ခုအနေဖြင့် တာဝန် ခံမှုသဘောအား မိမိတိုင်းပြည်၏ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ တာဝန်ဝတ္တရားများကို တိုက်ရိုက်ထိခိုက်ခြင်းမရှိစေဘဲ လျော့ပါးသွားအောင် လုပ်ဆောင်နိုင်စွမ်းရှိမှုကို ဖော်ထုတ်ပြသထားသကဲ့သို့ တာဝန်ခံမှုကိုရရှိရေးနှင့် အတူတွဲလျက်ရှိနေသည့် စိန်ခေါ်ချက်များကိုလည်း ဆက်စပ်အားနည်းချက်များနှင့် စပ်လျဉ်းပြီး လုပ်ဆောင်နေကြ သည့် အသေးစားရှေ့နေအဖွဲ့များ၏ အလုပ်အပေါ် အဓိက အခြေခံထားပြီး ဖော်ပြထားသည်။

## ၅.၅. ဗြိတိန်တွင် တာဝန်ခံမှုအတွက် ရှေ့ဆက်မည့်လမ်းကြောင်း

IHAT ပိတ်သိမ်းမှုအကြား ဆက်စပ်မှုများဖြင့် ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှုနှင့် PIL နှင့် Phil Shiner တို့အပေါ် တရားစွဲဆိုမှုများတွင် အီရတ်စွပ်စွဲမှုများအပေါ် ကိုင်တွယ်ဖြေရှင်းရန် ဖန်တီးထားသောယန္တရားအသစ်တစ်ခု ဖြစ် သည့် Service Police Legacy Investigations (‘SPLI’) အတွက် အကျိုးဆက်ဂယက်ထမှုများ ရှိနေခဲ့သည်။

SPLI မှ ကိုင်တွယ်ဖြေရှင်းရမည့် အမှုအတိုင်းအတာသည် IHAT မှ ဖြေရှင်းရမည့်အမှုများထက်စာလျှင် အတော်ပင် နည်းပါးနေပြီး ထိုအချက်သည်ပင်လျှင် “PIL မှ ကြိုးပမ်းရှာဖွေထားတဲ့အရာမှန်သမျှဟာ အမှိုက်ပုံးထဲ ရောက် သွားရတယ်” ဟု Mercer မှလည်း ထိုအကြောင်းကို ရှင်းရှင်းလင်းလင်း ပြောထားသကဲ့သို့ ဖြစ်သွားသည်။ [190]

---

[189] Author’s interviews (Nicholas Mercer)

[190] Author’s interviews (Nicholas Mercer) ၊ သို့ရာတွင် ထိုချဉ်းကပ်မှုအတိုင်း လိုက်နာခဲ့ပါက အဆုံးတွင် Parliamentary Defence Sub-Committee ရှေ့မှောက်တွင် ရှေ့နေချုပ်မှ ပြောကြားခဲ့သည့် မှတ်ချက်များနှင့် ဆန့်ကျင်ကွဲလွဲသွားနိုင်သည်။ ထိုသူမှ မှတ်ချက်ပြုခဲ့သည်မှာ “IHAT ထံ ရှိုင်နာ တင်သွင်းခဲ့သော အမှုတိုင်းသည် အစစ်အမှန်မဟုတ်ကြောင်း” ဖော်ပြခဲ့ခြင်း*မဟုတ်*ကြောင်း၊ ထပ်မံ၍ “ကျွန်တော်တို့အနေဖြင့် စီမံအုပ်ချုပ်ရေးအဆင်ပြေစေရန်အကျိုး အလို့ငှာ (ရှိုင်နာ) တင်သွင်းခဲ့သည့်အရာတိုင်းအား မှားသည်ဟုမယူဆနိုင်ကြောင်း၊ ထိုကဲ့သို့ မလုပ်နိုင်ကြောင်း၊ ထို့ပြင် ကျွန်တော်စိတ်ပူသည်မှာ မစ္စတာရှိုင်နာ နှင့် သူ၏ ကုမ္ပဏီမှ ပေါ်ထွက်ခဲ့ခြင်းဖြစ်လျှင်တောင်မှ

ရှိုင်နာအား ဖယ်ရှားလိုက်မှုပြီးနောက် ချက်ချင်းဆိုသလို IHAT ၏ ပြောရေးဆိုခွင့်ရသူတစ်ဦးမှ "SDT သို့ တင်သွင်း ထားတဲ့ သက်သေအထောက်အထားများဟာ ကျန်ရှိနေသေးသော စွပ်စွဲချက်အချို့၏ ယုံကြည်ကိုးစားနိုင်မှုအပေါ် အကြီးအကျယ် သံသယဖြစ်စေပါတယ်" ဟု ရှင်းလင်းခဲ့သည်။[191] ၂၀၁၇ ခုနှစ်၊ ဧပြီလတွင် ကာကွယ်ရေးဝန်ကြီး ဖြစ်သူ မိုက်ကယ် ဖယ်လွန် Michael Fallon မှ "IHAT မှာ ဇွန်လတွင် ပိတ်သိမ်းမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် အမှုအနည်းငယ်အား စုံစမ်းမှုများကို ဝန်ဆောင်မှုရဲတပ်ဖွဲ့မှ လွှာထားသည်ထက် တစ်နှစ် စော၍ အပြီးသတ်လိမ့်မည် ဖြစ်ကြောင်း ယခု ကျွန်တော် အတည်ပြုပြောနိုင်ပါတယ်" ဟု ဖော်ပြခဲ့သည်။[192]

အမှုအရေအတွက်မှာ မည်သို့ အနည်းငယ်ဟု အတိအကျဖြစ်သွားရပြီး ထိုအနည်းငယ်အဖြစ် မည်သို့မည်ပုံ ရောက်ရှိသွားရသနည်း? MoD ၏ အင်တာနက်စာမျက်နှာ၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ (၅) ရက်နေ့ ထုတ်ပြန်ချက်အရ ကျန်ရှိနေသေးသည့် အမှုများမှာ "အရေအတွက် ၂၀ နီးပါးမျှ ရှိနိုင်ကြောင်း" ဖော်ပြထားပြီး[193] ထိုကိစ္စဆိုင်ရာ သတင်းမီဒီယာများတွင်လည်း ၎င်းအရေအတွက်ကိုပင် မကြာခဏ ဖော်ပြခဲ့ကြသည်။[194] သို့ရာတွင် SPLI မှ စုံစမ်း စစ်ဆေးရမည့် အမှုများနှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်များမှာ MoD နှင့်ပင် ရပ်တန့်မနေဘဲ စုံစမ်းစစ်ဆေးရေးမှူး များနှင့် တရားလိုရှေ့နေများထံတွင် တည်မှီနေသည်။ IHAT ၏

စုံစမ်းစစ်ဆေးရန်တာဝန်သည် ဆက်လက်ရှိနေဆဲဖြစ်သည်။ အမှန်တကယ် ပြီးဆုံးစေမည့် အခြားအချက် တစ်ခုမှာ အမှုအတော်များများဟာ ထိုသူနှင့် သူ့ကုမ္ပဏီမှ ပြုလုပ်ခဲ့သော်လည်း အမှုအကုန်လုံးသည် ၎င်းတို့ထံမှ ပေါ်ပေါက်ခဲ့ခြင်းမဟုတ်ပေ။ ထို့ကြောင့် အရာအားလုံးနှင့် သက်ဆိုင်ခြင်းလည်း ရှိမနေပေ။" February 2017 report by House of Commons Defence Committee, at questions 214–17, နှင့် *supra* note ၇၁ တွင်ကြည့်ပါ။

191 Owen Bowcott, "Phil Shiner: Iraq human rights lawyer struck off over misconduct", in *The Guardian*, see *supra* note ၁၈၁.

192 MoD တွင် ကိုးကားထားသည့်အတိုင်းပင် "IHAT to close at the end of June", 5 April 2017.

193 *Ibid*.

194 David Willetts, "NO MORE TANK CHASING: Hated IHAT probe which hounded troops with war crime slurs FINALLY set to shut", in *The Sun*, 6 April 2017.

ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "ကျွန်တော်တို့အနေနှင့် PIL မှ အစပြုခဲ့သည့် ယခု ကျန်ရှိနေသော စွပ်စွဲချက်များထဲမှ မည်သည့်စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးမှု မလုပ်သင့်ကြောင်း ဆုံးဖြတ်နိုင်ရန်အလို့ငှာ ဝန်ထမ်းရေးရာ တရားစွဲဆိုခြင်းအာဏာပိုင် Service Prosecuting Authority နှင့် နီးနီးကပ်ကပ် အတူလက်တွဲလုပ်ဆောင်လျက်ရှိနေပါတယ်၊ဆုံးဖြတ်ချက်ကိုလည်း တတ်နိုင်သမျှအမြန်ဆုံးရအောင် လုပ်ဆောင်သွားပါမယ်" ဟု ရှင်းပြထားသည်။[195] SPA ဒါရိုက်တာ Cayley ၏ ပြောကြားချက်အရ "SPLI မှ ကိုင်တွယ် ဖြေရှင်းမည့် အမှုအရေအတွက်အပေါ် လူတိုင်းအား အဖြေပေးနိုင်ရန်မှာ တကယ်တော့ ခက်ခဲပါတယ်။ ဘာကြောင့်လဲဆိုတော့ အမှုအရေအတွက်ပြောင်းလဲနေခြင်းဟာ ဆက်လက်ဖြစ်ပေါ်နေမယ့် ဖြစ်စဉ်တစ်ခု ဖြစ်နေလို့ပါပဲ"။ ရှင်းလင်းနေသည်မှာ IHAT ဒါရိုက်တာဖြစ်သူ Mark Warwick သည် PIL နှင့် ရှိုင်နာတို့အပေါ် တရားစွဲဆိုမှုများ ဖြစ်ပွားပြီးနောက် အမှုများအား မည်ကဲ့သို့ ဆက်လက်လုပ်ဆောင်ရမည့်အကြောင်းကို Cayley ထံမှ ဥပဒေ အကြံဉာဏ် တောင်းခံခဲ့ခြင်းဖြစ်ပြီး Cayley မှ PIL မှ တင်သွင်းခဲ့သည့် သက်သေအထောက်အထားများ အပေါ် လုံးဝ အကြွင်းမဲ့မှီတည်ထားသော စွပ်စွဲချက်အားလုံးမှာ လူသေမှု၊ မုဒိမ်းမှုကဲ့သို့သော အလွန်ဆိုးရွားသော ပြစ်မှုများ ပါဝင်ခြင်းမရှိခဲ့ပါက ရပ်ဆိုင်းသွားလိမ့်မည်ဖြစ်ကြောင်း၊ သို့အတွက် ဖြစ်ရပ်များကို ဦးစားပေးသင့်ကြောင်း အကျယ်တဝင့် အကြံပေးခဲ့သည်။[196] ထိုအကြံပေးချက်ကို အကောင်အထည်ဖော်ခြင်းသည် ကျန်အမှုပေါင်း ၂၀ ခန့်သာ ရှိနိုင်တော့မည် ဆိုသည်မှာလည်း ထင်သာမြင်သာ မရှိလှပေ။

ယခု ရေးသားနေချိန်ထိ SPLI ၏ ဖွဲ့စည်းပုံ၊ ဦးတည်ချက်တို့နှင့် သက်ဆိုင်သည့် မည်သည့်သတင်း အချက် အလက်ကိုမျှ လူသိရှင်ကြား မရနိုင်သေးပေ။ Cayley ၏ ပြောကြားချက်အရ SPLI အတွက် လုပ်ငန်းလည်ပတ်မှု မူဘောင်အသစ်တစ်ခုအား ၂၀၁၇

[195] Owen Bowcott, "Phil Shiner: Iraq human rights lawyer struck off over misconduct", in *The Guardian*, see *supra* note ၁၈၁.

[196] Cayley မှ ထပ်ဖြည့်ထားသည်မှာ ထိုဆက်လက်မလုပ်ဆောင်မည့် အမှုများတွင် "ယေဘုယျအားဖြင့် အသေးစားစွပ်စွဲချက်များပါဝင်သည်" ။ Author's interviews (Andrew Cayley).

ခုနှစ်၊ ဇူလိုင်လတွင် အများသိအောင် ထုတ်ပြန်ကြေညာထားခြင်း မရှိသေး ကြောင်း၊ သို့သော် SPLI သည် နောက်ထပ် အကြောင်းကြားချက်တစ်စုံတစ်ရာ မရမချင်း IHAT ၏ ယခင် ညွှန်ကြား ချက်များအတိုင်း လုပ်ဆောင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ အမှုပြန်လည်သုံးသပ်ရေး ပူးတွဲအဖွဲ့ Joint Case Review Panel အား IHAT ဖွဲ့စည်းပုံ၌ အစားထိုးခဲ့ပြီး SPA နှင့် စုံစမ်းရေးမှူးများသည် အမှုတွဲများအား ကိုင်တွယ် ဖြေရှင်းရေးကို ဦးစားပေးဆောင်ရွက်နိုင်ရန် ပုံမှန်တွေ့ဆုံခဲ့ကြသည်။ အနည်းဆုံး SPLI လက်အောက်တွင်လည်း ထိုနည်းတူပင် ဆက်လက်ရှိနေပေလိမ့်မည်။[197] လူပုဂ္ဂိုလ်ဆိုင်ရာ အရေးကြီးပြောင်းလဲချက်အချို့ ရှိလာနိုင်သော် လည်း အခြားနည်းလမ်းပေါင်းများစွာဖြင့် SPLI သည် "အသေးစား IHAT" တစ်ခုအဖြစ် အသွင်ပြောင်းလာနိုင်သည်။ Cayley ၏ ပြောကြားချက်အရ တော်ဝင်ရေတပ်ရဲတပ်ဖွဲ့ နှင့် တော်ဝင်လေတပ်ရဲတပ်ဖွဲ့မှ အဖွဲ့ဝင် ၄၀ ဦး အား SPLI ၏ လုပ်ငန်းတွင် ထည့်သွင်းလိမ့်မည်ဖြစ်ကြောင်း၊ ၎င်းတို့အား "IHAT အတွက် အလုပ်လုပ်ပေးခဲ့ကြသည့် "အလွန် အတွေ့အကြုံရှိသော အငြိမ်းစား အရပ်ဖက်ရဲအရာရှိ" ၂၅ ဦးမှ ပံ့ပိုးပေးလိမ့်မည်ဖြစ်သည်။ Cayley မှ ရှင်းပြထား သည်မှာ "ရေတပ်နှင့် လေတပ်ရဲတပ်ဖွဲ့ကို ပံ့ပိုးပေးနိုင်ရန်အတွက် အလွန်အတွေ့အကြုံရှိသော အငြိမ်းစား အရပ်ဖက်ရဲအရာရှိများ လက်ကျန်အရေအတွက်ကို ဆက်လက်ထိန်းထားလိုက်နိုင်ခြင်းဟာ သူတို့အနေနဲ့ လုပ် ဆောင်ပြီးတဲ့အရာပဲဖြစ်တယ်"။[198]

ယခု ရေးသားနေချိန်ထိ SPLI/SPA ဖွဲ့စည်းပုံနှင့်လုပ်ငန်းလည်ပတ်ပုံဆိုင်ရာ မေးခွန်းများတွင် အဖြေပေးပြီး သား မေးခွန်းများထက် အဖြေမပေးနိုင်သေးသော မေးခွန်းများမှာ ပိုမိုများပြားနေသည်။ တစ်စုံတစ်ဦးမှ ICC ၏ တရားလိုရှေ့နေများအနေဖြင့် SPLI/SPA အပေါ် မည်ကဲ့သို့ အကဲဖြတ်သုံးသပ်ခြင်း ပြုလုပ်မည်နှင့်စပ်လျဥ်းပြီး အရည်အချင်းပြည့်မီသော ခန့်မှန်းချက်တစ်ခု မဖော်ထုတ်သေးခင်အချိန်တွင် ထိုမေးခွန်းများကို ရှင်းလင်းထားရန် လိုအပ် လိမ့်မည်ဖြစ်သည်။ ထိုမေးခွန်းများစွာထဲမှ

197 *Ibid*.

198 *Ibid*. At the time of writing this Article, it was not clear whether the support staff includes members of the 'Red Snapper Group'

အဓိကမေးခွန်းတစ်ခုသည် SPLI အနေဖြင့် မည်သည့် အတိုင်းအတာ အထိ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်လိမ့်မည်ဟူသည့် မေးခွန်းဖြစ်သည်။ လူ့အခွင့်အရေး အဖွဲ့အစည်းများမှ လည်း ထိုကိစ္စအတွက် စိုးရိမ်ပူပန်မှုများရှိကြောင်း ယခင်ကတည်းက ဖော်ပြခဲ့ကြသည်။ လူ့အခွင့်အရေး NGO တစ်ခု ဖြစ်သည့် Redress မှ ကျန်ရှိနေသော စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်မည့် တော်ဝင်ရေတပ် ရဲတပ်ဖွဲ့၏ ရှေ့ရေး အလားအလာအတွက် သံသယဖြစ်မိကြောင်း ဖော်ပြထားသည်။ အကြောင်းမှာ "၎င်းသည် ကျန်ရှိနေသည့် အမှုများအပေါ် လွတ်လပ်သော စုံစမ်းစစ်ဆေးမှုတစ်ခု ပြုလုပ်နိုင်ဟန်ရှိသည်များကို ဖယ်ထုတ်ထားခြင်းကြောင့် ဖြစ်သည်။"[199] ထို့ပြင် SPLI ၏ တရားစီရင်ရေးဆိုင်ရာ ကြီးကြပ်မှုတာဝန် တစ်စုံတစ်ရာ ရှိ/မရှိ ဆိုသည်မှာလည်း ရှင်းလင်းမှုမရှိနေဘဲ IHAT သည်လည်း အလားတူပင်ဖြစ်ခဲ့သည်။ အစိုးရအရာရှိများသည် ကျန်ရှိနေသေးသည့် စုံ စမ်းစစ်ဆေးမှုများကို ၂၀၁၈ခုနှစ်အကုန်တွင် အပြီးသတ်လုပ်ဆောင်ရန်အတိအလင်းကတိကဝတ် ပြုခဲ့ကြသည်။[200]

## ၆. နိဂုံးချုပ်

OTP အနေဖြင့် – အထူးသဖြင့် ဗြိတိန်၏ တရားရုံးအပေါ် ကာလရှည်ကြာ ပံ့ပိုး ရပ်တည်မှုနှင့် နိုင်ငံတကာ ရပ်တည်မှုများကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည် – အကောင်းဆုံးအမှုဖြစ်ရပ်တစ်ခုဆိုသည်မှာ စွပ်စွဲထားသည့် ကျူးလွန်သူများအား ပြည်တွင်း၌ တရားစွဲဆိုနိုင်ရန် ထိရောက်သော နည်းလမ်းများဖြင့် ဗြိတိန်မှ လုပ်ဆောင် နိုင်သော အမှုတစ်ခုဖြစ်ကြောင်း၊ ထိုနည်းလမ်းများသုံးကာ ICC ၏ လုပ်ဆောင်မှုများကို မလိုအပ်မှုဖြစ်လာစေမည် ဖြစ်သည် (ဆိုလိုသည်မှာ ဤနေရာ၌ ဖြည့်စွက်မှု၏ 'လက်လွှဲပေးအပ်မှုဗားရှင်း' များဟု ဖော်ပြကိုးကားခဲ့သည့် အရာဖြစ်သည်။) ကို OTP မှ ရိပ်မိနေသည်ဆိုသည်မှာ အနည်းငယ် သံသယဖြစ်ဖွယ်ရှိနေသည်။ OTP သည် အပြု သဘောဖြည့်စွက်မှု "လုပ်ငန်း" လုပ်ဆောင်ရန် စိတ်ဝင်စားသည်ဆိုသော်လည်း

[199] Redress, "IHAT closure threatens proper investigations into allegations of torture by UK soldiers in Iraq", 10 February 2017 (https://www.legal-tools.org/doc/6b0078/).

[200] David Willetts, "NO MORE TANK CHASING: Hated IHAT probe which hounded troops with war crime slurs FINALLY set to shut", in *The Sun*, 6 April 2017, see *supra* note ၁၉၄.

အီရတ်/ဗြိတိန် စုံစမ်းစစ်ဆေးမှုတွင် ထိုသို့ဖြစ်လာနိုင်ရန်အတွက် ရှိလာနိုင်သည့် စိန်ခေါ်မှုများကို ယခုအခန်း၌ ညွှန်ပြခဲ့ပြီးဖြစ်သည်။ ထိုကိစ္စ အောင်မြင် စေရန်အလို့ငှာ ရှေ့နေချုပ်ရုံးသည် စုံစမ်းစစ်ဆေးမှုနှင့်အတူ ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ယုံကြည် လောက်သည့် ခြိမ်းခြောက်မှုတစ်ခုကို ဖော်ထုတ်ပြသရမည်ဖြစ်ပြီး ထိုခြိမ်းခြောက်မှုသည် စွပ်စွဲထားသည့် ကျူးလွန် သူများအား ပြည်တွင်းတရားစွဲမှုနှင့် ဆက်စပ်နေသော နိုင်ငံရေး ကုန်ကျစရိတ်များထက် ပိုမိုသာလွန်နေသည်ကို တွေ့နိုင်ပေသည်။ တချိန်တည်းမှာပင် တရားဝင်စုံစမ်းစစ်ဆေးမှုကြောင့် OTP နှင့် ဗြိတိန် အကြား ဖြစ်လာနိုင်သည့် ထိပ်တိုက်ရင်ဆိုင်ရခြင်းများကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်ရာ နှစ်ဦးစလုံးအတွက် အကျိုးဖြစ်စေသည်။ ၎င်းသည် OTP နှင့် ဗြိတိန်အာဏာပိုင်များအကြား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်မှုများပြုလုပ်စေခြင်းဖြင့် သိမ်မွေ့သော အခြေအနေတစ်ရပ်ကို ဖန်တီးပေးသည်။ အခြားအရေးပါသော ဦးတည်ချက်များအကြားတွင် ICC ၏ တရားလိုရှေ့နေ များသည် စွပ်စွဲထားသော ပြစ်မှုများမှ ပေါ်ထွက်လာသည့် “စနစ်တကျ ကျူးလွန်သော” ကိစ္စရပ်များကိုလည်း ကိုင်တွယ်ဖြေရှင်းရန် ပြည်တွင်းလုပ်ထုံးလုပ်နည်းများအား တွန်းအားပေးလုပ်ဆောင်နေရသည်။ တပ်မှူးများ အပေါ် လက်ရှိ ဆက်လက် တရားစွဲဆိုမှု တစ်စုံတစ်ရာမရှိခြင်းနှင့် မသက်ဆိုင်ဘဲ ဗြိတိန်အာဏာပိုင်များမှ ၎င်းတို့အနေဖြင့် အတိအကျ လုပ်ဆောင်နေကြောင်း၊ ပို၍ ယေဘုယျဆိုရလျှင် ပြစ်မှုများမှာ လုံလောက်သည့် အရေအတွက် အများ အပြား မဟုတ်ခဲ့ကြောင်း သို့မဟုတ် စနစ်တကျ ကျူးလွန်ခဲ့မှုမရှိခြင်းတို့ကြောင့် တရားရုံးတွင် အကြောင်းအရာ စီရင်ပိုင်ခွင့်မရှိကြောင်းဆိုသည့် တောင်းဆိုချက်အပါအဝင် အခြားသောအချက်များစွာဖြင့် ICC တရားလိုရှေ့နေများမှ ပဏာမစုံစမ်းစစ်ဆေးမှုအား ပိတ်သိမ်းပေးရေးအတွက် စည်းရုံးသိမ်းသွင်းရန် ကြိုးစားနေသည်။

တာဝန်ခံမှုရှုထောင့်အမြင်အရဆိုလျှင် ဤချဉ်းကပ်မှုသည် ယခုအချိန်ထိ ကန့်သတ်ထားသော တိုးတက်မှု များ ရရှိလာခဲ့သည်။ ဗြိတိန်တွင် စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုနိုင်သည့် ပြီးပြည့်စုံသည့် စနစ်တစ်ခု ရှိနေသော်ငြားလည်း အီရတ်ရှိ စစ်ရာဇဝတ်မှုများအတွက် ပြည်တွင်းတရားရုံးများ၌ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည့် တရားစွဲမှုများမှာ အလွန်နည်းပါးခဲ့သည်။ ထို့ပြင်

ပဏာမစုံစမ်းစစ်ဆေးမှုကို ဆက်လက် ဖွင့်ပေးထားသော်လည်း ကာလအပိုင်း (၂) ဟု ခေါ်သော အဆင့်တွင် (၃) နှစ်တာ ကြာမြင့်ခဲ့သည်။ ဆိုလိုသည်မှာ ICC ၏ တရားလိုရှေ့နေများသည် အပိုဒ် ၁၅ ဆက်သွယ်တိုင်တန်းမှုပေးပို့သူများ အထူးသဖြင့် ECCHR နှင့် PIL တို့မှ ပေးပို့ခဲ့သော ကျယ်ပြန့်လှသည့် သက်သေအထောက်အထားများရှိနေသော်ငြားလည်း (တရားရုံး၏) အကြောင်း အရာ စီရင်ပိုင်ခွင့်အပေါ် ဆက်လက်အာရုံစိုက်နေခြင်းဖြစ်သည်။ ပဏာမစုံစမ်းစစ်ဆေးမှုသည် များမကြာမီကာလ တွင် သိသိသာသာ တိုးတက်လာနိုင်လိမ့်မည်ဆိုသည့် လက္ခဏာအနည်းငယ်သာရှိပြီး PIL ပိတ်သိမ်းမှုနှင့် ရှိုင်နာ၏ အကျင့် ပျက်ခြစားမှုကျူးလွန်ကြောင်း ဝန်ခံမှုတို့နှင့် စပ်လျဉ်းနေသော ဖြစ်ရပ်များ၏ အကျိုးဆက်တစ်ခုကြောင့် တစ်စိတ် တစ်ပိုင်း ဖြစ်နိုင်သည်။

ထို့ထက်ပိုသည်မှာ ဗြိတိန်အာဏာပိုင်များသည် ယခင်က ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှုအား IHAT တည်ရှိ မှု၏ အကြောင်းပြချက်တစ်ခုအဖြစ် ကိုးကားခဲ့ကြသော်လည်း ထိုအဖွဲ့အစည်းမှာ ECtHR ဥပဒေစနစ်အရ ပြည်တွင်း တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် တုန့်ပြန်မှုတစ်ခုအဖြစ် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်မှာ အရေးကြီးသော မှတ်သားဖွယ်ရာဖြစ်သည်။ မည်သို့ဆိုစေ ၎င်းအား ဖြည့်စွက်မှုဆိုင်ရာ လုပ်ဆောင်နိုင်သည့် ယန္တရားတစ်ခုအဖြစ် မည်သည့်အခါမျှ သတ်မှတ်လုပ်ဆောင်ပေးခဲ့ခြင်းမရှိပေ။ ဖြစ်နိုင်ချေရှိမှုအပေါ် ပွင့်ပွင့်လင်းလင်း မှန်းဆကြည့်သော် ICC သည် အီရတ်/ဗြိတိန် အခြေအနေအပေါ် စုံစမ်းစစ်ဆေးမှုတစ်ခုကို ၂၀၁၇ ခုနှစ် အစောပိုင်းမှ ဆက်လက် လုပ်ဆောင်နေခဲ့လိမ့်မည်ဖြစ်ပြီး IHAT အား ဖျက်သိမ်းသင့်ကြောင်း Commons Defence Sub-Committee မှ အကြံပေးခဲ့ခြင်းဖြစ်သည်။ ထို့နောက် မကြာမီတွင် MoD မှ အဆိုပါအတိုင်းပင် ဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချခဲ့ ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထိုအချိန်ထိ ဗြိတိန်အာဏာပိုင်များသည် IHAT တည်ရှိနေမှုကို ဖြည့်စွက်မှု စနစ်တစ်ရပ်အဖြစ်အကိုးအကားပြုကာ အဘယ့်ကြောင့်ပဏာမစုံစမ်းစစ်ဆေးမှုပိတ်သိမ်းသင့်ရခြင်း၏ အဓိက အကြောင်းပြချက်အဖြစ် မကြာခဏ ကိုးကားဖော်ပြခဲ့ကြသည်။ ယခု စာရေးသားနေချိန်အထိ ICC ၏ တရားလိုရှေ့နေ များသည် IHAT ၏ ပိတ်သိမ်းမှုအပေါ်

လူသိရှင်ကြား ဝေဖန်မှုပြုခြင်းကို ရှောင်ရှားခဲ့ကြပြီး အသစ်တည်ထောင် ဖွဲ့စည်းလိုက်သည့် SPLI အား ရှေ့နေချုပ်ရုံးမှ မည်သို့အကဲဖြတ်သုံးသပ်မှုပြုလိမ့်မည်ဆိုသည်မှာ ဆက်လက် စောင့်ကြည့်ရမည်ဖြစ်သည်။ ဖြစ်ရပ်အားလုံးတွင် IHAT ၏ ပိတ်သိမ်းမှု _ နှင့် ၎င်းရှိ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များကို _ အပြုသဘောဖြည့်စွက်မှုအပေါ် သိသိသာသာ ထိုးနှက်ချက်တစ်ခုအဖြစ်မဟုတ်ဘဲ အခြား တစ်စုံတစ်ရာအဖြစ် နားလည်နိုင်ရန် ခက်ခဲပေသည်။

ပို၍ ယေဘုယျကျကျဆိုရသော် အထက်ပါဖော်ပြချက်သည် 'အပြုသဘော ဖြည့်စွက်မှု' အတွက် ပဏာမ စုံစမ်းစစ်ဆေးမှုများ၏ တန်ဖိုးနှင့်ပတ်သက်သော ခေတ်ရေစီးကြောင်း ယူဆချက်များမှာ ပုံကြီးချဲ့ထားနိုင်ချေ ရှိကြောင်းကို အကြံပေးထားခြင်းဖြစ်သည်။ အကယ်၍ ဗြိတိန်၏ နိုင်ငံတကာ ရပ်တည်မှုကို နိုင်ငံ၏ အပြည်ပြည် ဆိုင်ရာ တရားစီရင်ရေးအပေါ် နည်းပေါင်းစုံဖြင့် ကာလရှည်ကြာ ထောက်ပံ့ပေးလာမှုနှင့် ပေါင်းစပ်လိုက်ပြီး ထူးခြား လှသည့် ယခုစုံစမ်းစစ်ဆေးမှုနယ်ပယ်တွင် အနေအထားအရွေ့အပြောင်းများဖြစ်စေခဲ့လျှင်ပင် ICC ၏ အီရတ်/ ယူကေ ပဏာမစုံစမ်းစစ်ဆေးမှုသည် ICC ၏ တရားလိုရှေ့နေများအား ပဏာမစုံစမ်းစစ်ဆေးမှု ပိတ်သိမ်းမှုကို ဖြစ်စေ နိုင်မည့် ပြီးပြည့်စုံပြီး ယုံကြည်ထိုက်သော ပြည်တွင်းတရားစီရင်ရေး လုပ်ငန်းစဉ်များကို အစပျိုးပေးခဲ့ခြင်း မဟုတ် ကြောင်းဆိုသည့် အချက်မှာ ခြွင်းချက်မရှိ ဖြစ်နေဦးမည်ဖြစ်သည်။ အမှန်တွင် ယနေ့အချိန် ပိတ်သိမ်းခဲ့ဖူးသည့် မည်သည့် ပဏာမစုံစမ်းစစ်ဆေးမှုကိုမှ ပြည်တွင်းလုပ်ငန်းစဉ်များသည် ICC ၏ နောက်ထပ်လုပ်ဆောင်မှုပေးရန် မလိုအပ်ဟူသည့်လက်ခံစဉ်းစားနိုင်မှုအကဲဖြတ်ဆန်းစစ်ချက်အပေါ်အခြေပြုကာရပ်ဆိုင်းခဲ့ ခြင်းမရှိခဲ့ပေ။[201]

IHAT ၏ ပိတ်သိမ်းမှု နှင့် ရှိုင်နာအပေါ် တရားစွဲဆိုခြင်းနှင့်သက်ဆိုင်သော ကိစ္စရပ်များ အပေါ် OTP မှ မည် ကဲ့သို့ တုန့်ပြန်ခဲ့သည်နှင့် မသက်ဆိုင်ဘဲ PIL နှင့် အီရတ်ရှိ ပြစ်မှုများကို ကိုင်တွယ်ဖြေရှင်းနေသော ဥပဒေ လုပ်ငန်းစဉ်များတွင် ပါဝင်ခဲ့ကြသည့်

---

[201] 2015 Report on Preliminary Examination Activities, see *supra* notes ၄၅; 2016 Report on Preliminary Examination Activities, see *supra* note ၉ တွင်ကြည့်ပါ။

ဗြိတိန်ရှိ အခြား ဥပဒေအကြံပေးကုမ္ပဏီတို့အပေါ် ဆန့်ကျင်သည့် အစိုးရ၏ ကမ်ပိန်း သည် အလွန် 'ထိရောက်မှုရှိကြောင်း' သက်သေပြခဲ့သည်။ ထိုကမ်ပိန်းသည် အီရတ်ရှိ စစ်ရာဇဝတ်မှုများ အတွက် တရားမျှတမှုတစ်ခုအဖြစ်မှ 'အရေးပေါ် နောက်လိုက် အမှုစွဲဆိုကြသော ရှေ့နေများ' မှ မှားယွင်းစွပ်စွဲ ခြင်းကို ခံနေရသည့် စစ်သားများအတွက် တရားမျှတမှုအဖြစ်သို့ ဇာတ်လမ်းကို အတော်အတန် ပြောင်းလဲနိုင်ခဲ့သည် သာမက လူ့အခွင့်အရေးရှေ့နေများ နှင့် NGOs များမှ လက်နက်ကိုင်တပ်ဖွဲ့များအပေါ် ဝေဖန်မှုပြုရာတွင် အလွန် အမင်း သတိထားပြီး လုပ်ဆောင်စေသော နယ်ပယ်ဝန်းကျင်တစ်ခုကိုလည်း ပိုမိုကျယ်ပြန့်စေခဲ့ဟန်ရှိသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ဘာမင်ဟန်တွင် ပြုလုပ်ခဲ့သည့် သူမ၏ ပါတီညီလာခံအတွင်း ဝန်ကြီးချုပ် Theresa May ၏ ပြောကြားချက်သည် တစ်စုံတစ်ဦးအား အခြားနည်းဖြင့် စဉ်းစားစေရန် အခက်အခဲဖြစ်စေလိမ့်မည်၊ ပြောကြားချက်မှာ "ကျွန်မတို့အနေနဲ့ နောင်လာမယ့် မည်သည့်ပဋိပက္ခတွင်မျှ ထိုတက်ကြွလှုပ်ရှားသူ လက်ဝဲယိမ်း လူ့အခွင့်အရေးရှေ့နေများကို သတ္တိရှိတဲ့ သူရဲကောင်းတွေကြဖြစ်တဲ့ ကျွန်မတို့ လက်နက်ကိုင်တပ်ဖွဲ့များမှာ ရှိကြ သော အမျိုးသား၊ အမျိုးသမီးတွေအပေါ် အာပေါင်အာရင်းသန်သန်နဲ့ နှောင့်ယှက်ခွင့်ကို ဘယ်တော့မှ လုပ်ခွင့်ပြု လိမ့်မည်မဟုတ်ပါ"။[202]

ယခုအခန်းတွင် ဆွေးနွေးခဲ့ပြီးသည့် စိန်ခေါ်မှုများအားလုံးနှင့် မသက်ဆိုင်ဘဲ အီရတ်/ဗြိတိန် အခြေအနေ အပေါ် ICC ၏ ပဏာမစုံစမ်းစစ်ဆေးမှုကို သောင်းကျန်းမှု နှိမ်နင်းရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ကမ်ပိန်းများ လုပ်ဆောင်နေစဉ်တွင် အင်အားအာဏာရှိသူများမှ ကျူးလွန်ခဲ့ကြသည့် ထိန်းသိမ်းခံရသူများအား အကြမ်းဖက်မှု ကဲ့သို့သော "ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ" ပြစ်မှုများအတွက် တာဝန်ခံမှုရှိခြင်းနှင့် ပတ်သက်ပြီး ဆွေးနွေးရန် အတွက် ထပ်ပေါင်းထည့်ထားသည်။[203] အရေးကြီးသည်မှာ

[202] Andrew Williams တွင် ကိုးကားခဲ့သည့်အတိုင်းပင် "A conspiracy cooked up by 'activist left-wing human rights' lawyers?", in *Open Democracy*, 14 November 2016.

[203] ထိုကဲ့သို့သော ပြစ်မှုအမျိုးအစားများအား ပြစ်ဒဏ်ပေးခြင်းမှကင်းလွတ်နေမှုအကြောင်း အထူးသဖြင့် အမေရိက အကြောင်း ဆွေးနွေးချက်အား ဥပမာအနေ ဖြင့် Louise Mallinder, "Power, Pragmatism, and Prisoner Abuse: Amnesty and Accountability in the United States", in *Oregon Review of International Law*, 2012, vol. 14, no 2, pp. 307–76 တွင် ထပ်မံလေ့လာနိုင်သည်။

အီရတ်တွင် ဗြိတိန်တပ်ဖွဲ့များမှ အသုံးပြုခဲ့သည့် နည်းလမ်းများအပေါ်တွင်ပါ ပဏာမစုံစမ်းစစ်ဆေးမှု၌ ထပ်တိုးစောင့်ကြည့်မှု ဖြစ်စေခဲ့သည်။ ထိုအချက်အနေဖြင့် မည်သည့်အရာသည် ဗြိတိန်အာဏာပိုင်များကို စိတ်မသက်မသာဖြစ်စေပြီး တဖက်တွင် အလွန်တကူ လျစ်လျူရှု ထားခဲ့သနည်း စသည်မေးခွန်းများ ပေါ်ပေါ်လာစေသည်။ အထူးသဖြင့် ထိန်းသိမ်းခံရသူများအပေါ် အကြမ်းဖက်မှု ကို အကြီးအကျယ်အများအပြားလုပ်ဆောင်ခဲ့ဟန်ရှိသည့် အခြေအနေတစ်ရပ်ကို ခွင့်ပြုပေးခဲ့ကြသော တပ်မှူးများ ၏ အခန်းကဏ္ဍ နှင့် ထိုအချိန်၌ တာဝန်ထမ်းဆောင်ခဲ့ကြသော စစ်ဖက်နှင့် နိုင်ငံရေး ခေါင်းဆောင်များမှလည်း အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေကို ချိုးဖောက်စေနိုင်သည့် စစ်ကြောရေးစံသတ်မှတ် ချက်များကို ခွင့်ပြုထောက်ခံအတည်ပြုခဲ့ချေ ရှိ/မရှိ တို့နှင့် ပတ်သက်သော မေးခွန်းများ ပေါ်ပေါ်လာခြင်းဖြစ်သည်။ အမေရိကန် တပ်ဖွဲ့များနှင့် CIA တို့အပေါ် စောင့်ကြည့်လေ့လာခြင်းများအပါအဝင် အာဖဂန်နစ္စတန်ရှိ အခြေအနေများအပေါ် ပဏာမစုံစမ်းစစ်ဆေးမှုအား အတူတကွလုပ်ဆောင်သည်ဖြစ်ရာ ထိုအချက်သည် ကျွန်ုပ်တို့အား သောင်း ကျန်းသူနှိမ်နှင်းရေး နှင့် အကြမ်းဖက်မှုတုန့်ပြန်ရေးဆိုင်ရာ ဆောင်ရွက်မှုနည်းလမ်းများအပေါ် ရာဇဝတ်မှုမြောက် စေခြင်း နှင့် တရားစီရင်နိုင်ခြင်းများကို ပိုမိုဦးတည်သော အရွေ့အပြောင်းတစ်ခု၏ကနဦးအစအား ကိုယ်တိုင် မျက်မြင်ကြုံတွေ့ရမည်ဖြစ်ကြောင်း အကြံပြုထားခြင်းဖြစ်ပေသည်။ ထိုကိစ္စနှင့်စပ်လျဉ်းသည့် ICC ၏ အခန်းကဏ္ဍ အတိအကျကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သော်လည်း ပဏာမစုံစမ်းစစ်ဆေးမှုတစ်ခု ဖွင့်လှစ်လုပ်ဆောင် လိုက်ခြင်းသည် နောက်ထပ်တစ်စုံတစ်ရာ ပံ့ပိုးလုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သော အခြေခံလုပ်ဆောင်မှုတစ်ခု ဖြစ်ပေသည်။

# TOAEP အဖွဲ့


***Editors***

Antonio Angotti, Editor
Olympia Bekou, Editor
Mats Benestad, Editor
Morten Bergsmo, Editor-in-Chief
Alf Butenschøn Skre, Editor
Eleni Chaitidou, Editor
CHAN Icarus, Editor
CHEAH Wui Ling, Editor
FAN Yuwen, Editor
Manek Minhas, Editor
Nikolaus Scheffel, Editor
SONG Tianying, Editor
Moritz Thörner, Editor
ZHANG Yueyao, Editor

***Editorial Assistants***

Rohit Gupta
Marquise Lee Houle
Harshit Rai

***Law of the Future Series Co-Editors***

Dr. Alexander (Sam) Muller
Professor Larry Cata Backer
Professor Stavros Zouridis

***Nuremberg Academy Series Editor***

Dr. Viviane E. Dittrich, Deputy Director, International Nuremberg Principles Academy

***Scientific Advisers***

Professor Danesh Sarooshi, Principal Scientific Adviser for International Law
Professor Andreas Zimmermann, Principal Scientific Adviser for Public International Law
Professor Kai Ambos, Principal Scientific Adviser for International Criminal Law
Dr.h.c. Asbjørn Eide, Principal Scientific Adviser for International Human Rights Law

***Editorial Board***

Dr. Xabier Agirre, International Criminal Court
Dr. Claudia Angermaier, Austrian judiciary
Ms. Neela Badami, Narasappa, Doraswamy and Raja
Dr. Markus Benzing, Freshfields Bruckhaus Deringer, Frankfurt

Associate Professor Margaret deGuzman, Temple University
Dr. Cecilie Hellestveit, University of Oslo
Dr. Pablo Kalmanovitz, Centro de Investigación y Docencia Económicas, Mexico City
Dr. Sangkul Kim, Korea University
Professor Jann K. Kleffner, Swedish National Defence College
Professor Kjetil Mujezinović Larsen, University of Oslo
Mr. Salím A. Nakhjavání, Centre for International Law Research and Policy
Professor Hector Olasolo, Universidad del Rosario
Ms. Maria Paula Saffon, DeJusticia
Dr. Torunn Salomonsen, Norwegian Ministry of Justice
Professor Carsten Stahn, Leiden University
Professor Jo Stigen, University of Oslo
Dr. Philippa Webb, King's College London
Dr. WEI Xiaohong, Renmin University of China

***Advisory Board***

Mr. Hirad Abtahi, International Criminal Court
Judge Silvana Arbia, formerly Registrar of the International Criminal Court
Professor Olympia Bekou, University of Nottingham
Judge Gilbert Bitti, Kosovo Specialist Chambers
Research Professor J. Peter Burgess, PRIO
Former Judge Advocate General Arne Willy Dahl, Norway
Professor Emeritus Yoram Dinstein, Tel Aviv University
Professor Jon Elster, Columbia University and Collège de France
Mr. James A. Goldston, Open Society Institute Justice Initiative
Justice Richard J. Goldstone, formerly Chief Prosecutor, ICTY
Judge Hanne Sophie Greve, formerly Gulating Court of Appeal and the ECtHR
Dr. Fabricio Guariglia, IDLO, The Hague
Professor Franz Günthner, Ludwig-Maximilians-Universität
Mr. Wolfgang Kaleck, European Center for Constitutional and Human Rights
Judge Erkki Kourula, formerly International Criminal Court
Professor Claus Kreß, Cologne University
Professor David J. Luban, Georgetown University
Mr. Juan E. Méndez, former President, ICTJ
Dr. Alexander Muller, Director, The Hague Institute for Innovation of Law
Judge Erik Møse, formerly European Court of Human Rights and ICTR
Dr. Gro Nystuen, Norwegian Judge
Mr. William Pace, formerly Convener, Coalition for the International Criminal Court
Ms. Jelena Pejić, International Committee of the Red Cross
Mr. Robert Petit, formerly International Co-Prosecutor, ECCC
Dr. Joseph Rikhof, Ottawa University, Canada
Maj-Gen (ret'd) Anthony P.V. Rogers, Cambridge University
Professor William A. Schabas, Middlesex University
Professor James Silk, Yale Law School
Associate Professor YANG Lijun, Chinese Academy of Social Science
Professor Marcos Zilli, University of Sao Paulo

# OCCASIONAL PAPER SERIES ရှိအခြားထုတ်ဝေမှုများ

Hans-Peter Kaul:
*Is It Possible to Prevent or Punish Future Aggressive War-Making?*
Torkel Opsahl Academic EPublisher
Oslo, 2011
Occasional Paper Series No. 1
ISBN: 978-82-93081-37-1

Richard J. Goldstone:
*South-East Asia and International Criminal Law*
Torkel Opsahl Academic EPublisher
Oslo, 2011
Occasional Paper Series No. 2
ISBN: 978-82-93081-38-8

Lord Iain Bonomy:
*Principles of Distinction and Protection at the ICTY*
Torkel Opsahl Academic EPublisher
Oslo, 2013
Occasional Paper Series No. 3
ISBN: 978-82-93081-39-5

Claus Kreß:
*Towards a Truly Universal Invisible College of International Criminal Lawyers*
Torkel Opsahl Academic EPublisher
Brussels, 2014
Occasional Paper Series No. 4
ISBN: 978-82-93081-40-1

Julija Bogoeva:
*The War in Yugoslavia in ICTY Judgements: The Goals of the Warring Parties and Nature of the Conflict*
Torkel Opsahl Academic EPublisher
Brussels, 2017
Occasional Paper Series No. 5
ISBN: 978-82-8348-179-2

Stian Nordengen Christensen:
*Regulation of White Phosphorus Weapons in International Law*
Torkel Opsahl Academic EPublisher
Brussels, 2016
Occasional Paper Series No. 6
ISBN: 978-82-8348-109-9

Federica D'Alessandra:
*'Law, Not War': Ferencz' 70-Year Fight for a More Just and Peaceful World*
Torkel Opsahl Academic EPublisher
Brussels, 2018
Occasional Paper Series No. 7
ISBN: 978-82-8348-176-1

Claus Kreß:
*Preliminary Observations on the ICC Appeals Chamber's Judgment of 6 May 2019 in the Jordan Referral re Al-Bashir Appeal*
Torkel Opsahl Academic EPublisher
Brussels, 2019
Occasional Paper Series No. 8
ISBN: 978-82-8348-116-7

Morten Bergsmo:
*Myanmar, Colonial Aftermath, and Access to International Law*
Torkel Opsahl Academic EPublisher
Brussels, 2019
24 pages.
Occasional Paper Series No. 9
ISBN: 978-82-8348-085-6

Derek Tonkin:
*Migration from Bengal to Arakan during British Rule 1826–1948*
Torkel Opsahl Academic EPublisher
Brussels, 2019
36 pages.
Occasional Paper Series No. 10
ISBN: 978-82-8348-150-1

Medha Damojipurapu:
*Language and Connotation in Contemporary Hate Speech in India*
Torkel Opsahl Academic EPublisher
Brussels, 2022
87 pages.
Occasional Paper Series No. 11
ISBN: 978-82-8348-175-4

Occasional Paper Series No. 12 (2022):

## **အီရတ်တွင် ဖြစ်ပွားခဲ့သော စစ်ရာဇဝတ်မှုများအတွက် ဗြိတန်၏ တာဝန်ခံမှု?**

## **အပြည်ပြည်ဆိုင်ရာ နှင့် ပြည်တွင်း တရားစီရင်ရေးဆိုင်ရာ တုန့်ပြန်မှုများအကြား ဆက်စပ်မှုကို ဆန်းစစ်လေ့လာခြင်း**


သောမတ်စ် အိုဘယ်လ် ဟန်ဆန်

ယခုထုတ်ဝေမှုတွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (‘ICC’) ၏ လုပ်ဆောင်မှုနည်းလမ်းများ နှင့် ICC အစိုးရရှေ့နေရုံး (‘OTP’) ၏ အီရတ်ရှိ ဗြိတိသျှစစ်သားများ 2003 မှ 2008 ခုနှစ်အတွင်း ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများအား ပဏာမစစ်ဆေးမှုအပေါ် ဗြိတိန်အစိုးရ၏ တုံ့ပြန်မှု ကိုထင်ဟပ်စေမည်ဖြစ်သည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (‘NGOs’) နှင့် ရှေ့နေများမှ OTP သို့ ထပ်လောင်းတင်ပြသော အချက်အလက်များကြောင့် အင်အားကြီးနိုင်ငံတော်ပါတီအပေါ် ပထမဆုံးအကြိုစစ်ဆေးမှုကို 2014 ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။

ဤစာတမ်းသည် ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် OTP ၏ နောက်ဆက်တွဲ စစ်ဆေးမှု ပိတ်သိမ်းခြင်း မတိုင်မီတွင် OTP မှ ပြုလုပ်သော ဖြည့်စွက်အကဲဖြတ်မှုရှိ အဓိကအချက်များအား ခွဲခြမ်းစိတ်ဖြာထားသည်။ 2020 ခုနှစ် ဒီဇင်ဘာလ 9 ရက်နေ့တွင် OTP ၏ နောက်ဆက်တွဲ စစ်ဆေးမှု ပိတ်သိမ်းခြင်း မတိုင်မီတွင် ဤစာတမ်းသည် OTP မှ ပြုလုပ်သော ဖြည့်စွက်အကဲဖြတ်မှုတွင် အဓိကအချက်များအား ပိုင်းခြားစိတ်ဖြာထားသည်။ ပြည်တွင်း တရားစီရင်ရေး လုပ်ငန်းစဉ်များ ('လက်ဆင့်ကမ်းခြင်းဆိုင်ရာ ပေါင်းစပ်မှုပုံစံ') ဖြင့် စွပ်စွဲထားသော ပြစ်မှုကျူးလွန်သူများကို ထိရောက်စွာ အရေးယူနိုင်ရန် UK အတွက် အကောင်းဆုံး ဖြစ်ရပ် ဖြစ်နိုင်ကြောင်း စာရေးသူ သတိပြုမိသည် ၊ ထို့ကြောင့် နှစ်ဖက်စလုံး၏ တူညီသော ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားရန် ရည်ရွယ်ချက်ကို ဆုပ်ကိုင်ထားရန် ဖြစ်ပါသည်။ သို့သော်လည်း၊ ဤစာတမ်းအောင်မြင်ရန်အတွက် စိမ်ခေါ်မှုများကိုမှတ်သားထားပါသည် ဥပမာ - အီရတ်တွင် စွပ်စွဲထားသော ရာဇဝတ်မှု ကော်မရှင်နှင့် ပတ်သက်သော ပြဿနာများကိုစနစ်တကျဖြေရှင်းရန် ဗြိတိန်မှ ငြင်းဆိုခြင်း။ အကြောင်းအရာဆိုင်ရာ တရားစီရင်ပိုင်ခွင့်မရှိခြင်း၊ ပြည်တွင်းတရားစီရင်ရေး လုပ်ငန်းစဉ်များတည်ရှိခြင်းနှင့် OTP သို့ ထပ်လောင်းအချက်အလက်များ တင်သွင်းသည့် ရှေ့နေများနှင့် NGO များ၏ သံသယဖြစ်ဖွယ် အချက်များကြောင့် ပဏာမစစ်ဆေးမှုကို ပိတ်သိမ်း သင့်သည်ဟု UK က ယုံကြည်သည်။

ယခုစာတမ်းသည် ICC နှင့်ဗြိတိသျှအစိုးရတို့ကြား ရှုပ်ထွေးသော အပြန်အလှန်တုံ့ပြန်မှုများကို လမ်းညွှန်ပေးသည့် ထည့်သွင်းစဉ်းစားမှုများနှင့် ပတ်သက်၍ အရေးကြီးသောထိုးထွင်းသိမြင်မှုကို ပေးဆောင် ကာ ပဏာမစစ်ဆေးမှု၏ နောက်ဆက်တွဲကို အဆုံးသတ်ကောင်းသတ်နိုင်ပြီး အနာဂတ်အတွက် ကိုးကား နိုင်သောအချက် တစ်ခုအဖြစ် လုပ်ဆောင်သွားမည်ဖြစ်သည်။

ISBN: 978-82-8348-132-7.



TOAEP Torkel Opsahl Academic EPublisher

**Torkel Opsahl Academic EPublisher**
Via San Gallo 135r
50129 Florence
Italy
URL: www.toaep.org